၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။
နှစ်ပတ်တစ်ကြိမ်
(ဂုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

# ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်

TRANSCOM NEWS JOURNAL

အတွဲ (၁၀)၊ အမှတ် (၅)

၂၀၂၀ခုနှစ်၊ မတ်လ (၁၁)ရက်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ အိန္ဒိယခရီးစဉ်

စာ - ၁၆

## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်မှူးနှင့် ရေယာဉ်ဝန်ထမ်း (၂) ဦးအား ဂုဏ်ပြုဆုချီးမြှင့်

စာ - ၁၄

## မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဒုတိယအကြိမ် Full– Scale Emergency Exercises ဆောင်ရွက်

စာ - ၁၉

## လေကြောင်းပညာသိပ္ပံအား Approved Training Organization (ATO) Certificate ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

စာ - ၇

## မြန်မာအမျိုးသားလေကြောင်းလိုင်း Website မှ ပြည်တွင်း/ ပြည်ပခရီးစဉ်များအတွက် ကျပ်ငွေဖြင့် စတင်ရောင်းချ

စာ - ၁၈

## ဂူဟန်မြို့ရှိ ပညာတော်သင် မြန်မာကျောင်းသားများကို ပြန်လည် ခေါ်ဆောင်ခဲ့သည့် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြုပွဲကျင်းပ

စာ - ၁၄

## Myanmar's Pride Awards ဒုတိယအကြိမ် ဆုပေးပွဲအတွက် တစ်သက်တာထူးချွန်ဆု ဘဘဘိုကလေးတင့်အောင် ရရှိ

စာ - ၂၁




ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာလ ၁ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။

# အယ်ဒီတာ့ အာဘော်

# ခေတ်သစ်ရည်မှန်း . . . ခြေလှမ်းစတင်

ရန်ကုန် – မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်အကောင်အထည်ဖော်နေသည်များအား အများပြည်သူများအားတင်ပြနိုင်ရေးအတွက် ရှင်းလင်းပြောကြားပေးပါရန်နှင့် စီမံကိန်းလုပ်ငန်းခွင်အချို့အား ကွင်းဆင်းလေ့လာမှတ်တမ်းတင်ခွင့်ပြုပါရန် တင်ပြခွင့်ပြုချက်တောင်းခံခဲ့ရာ လက်ခံဖြေကြား ရှင်းလင်းအသိပေးမည့်ရက်အား ပြန်ကြားပေးခဲ့သည်။

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နံနက်ပိုင်းတွင် မြန်မာ့မီးရထား (ရုံးချုပ်)၊ နေပြည်တော်ရှိအစည်းအဝေးခန်းမတွင် ဦးဆောင်ညွှန်ကြားရေးမှူးဦးဘမြင့်နှင့် တာဝန်ရှိသူများအား တွေ့ဆုံခွင့်ရခဲ့သည်။ ဖေဖော်ဝါရီလ ၂၈ ရက်နှင့် ၂၉ ရက်များတွင် ရန်ကုန်– တောင်ငူ လမ်းပိုင်း အဆင့် (၁)စီမံကိန်းလုပ်ငန်းပိုင်းအား ကွင်းဆင်း လေ့လာမှတ်တမ်းတင်ခွင့်ရခဲ့သည်။

ရန်ကုန်– မန္တလေးမီးရထားလမ်းအား ကိုလိုနီခေတ်ဦးပိုင်း (၁၈၈၅) ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ရာ သက်တမ်း (၁၃၃)နှစ်ရှိပြီဖြစ်သည်။ အလျား ၆၂၀ ကီလိုမီတာ (၃၈၅)မိုင် ရှည်လျားသည်။ ရထားလမ်းတစ်လျှောက်တွင် စုစုပေါင်းဘူတာအရေအတွက် (၉၆)ဘူတာရှိသည်။ ဖြတ်သန်းသည့်ဒေသများမှာ ရန်ကုန်၊ပဲခူး၊ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့ဖြစ်သည်။ မြို့နယ် (၂၃)ခုအားဖြတ်သန်းသည်။

ရန်ကုန်– မန္တလေးရထားလမ်း အဆင့်မြှင့်တင်ခြင်း၏ရည်မှန်းချက်မှာ အန္တရာယ်ကင်းစွာဖြင့် တစ်နာရီလျှင် ၁၀၀ ကီလိုမီတာ (၆၂)မိုင်နှုန်းထိ မြှင့်တင်နိုင်ရန် ရန်ကုန်– မန္တလေးခရီးစဉ်အား ကြာမြင့်ချိန် ၈ နာရီအောက်လျှော့ချမောင်းနှင်နိုင်ရန် ခရီးသွားများတိုးမြင့်လာခြင်းနှင့် ကုန်စည်ကူးသန်းမှုများကို စီမံခန့်ခွဲဆောင်ရွက်ပေးနိုင်ရန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အဓိကရထားလမ်းပိုင်းကြီး (၅) လိုင်းရှိသည်–

(၁) ရန်ကုန်– မန္တလေးလမ်းပိုင်း
(၂) မန္တလေး– မြစ်ကြီးနားလမ်းပိုင်း
(၃) ရန်ကုန်– ပြည်လမ်းပိုင်း
(၄) ပဲခူး– မော်လမြိုင်လမ်းပိုင်း
(၅) ရန်ကုန်မြို့ပတ်လမ်းပိုင်းဟူ၍ဖြစ်သည်။

ယခုအခါ ရန်ကုန်– မန္တလေးမီးရထားလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်သည့်စီမံကိန်းအား စီမံကိန်းအဆင့် (၁)ရန်ကုန်မှ တောင်ငူနှင့် အဆင့် (၂) တောင်ငူမှ မန္တလေးလုပ်ငန်းပိုင်းဟူ၍ သတ်မှတ်ထားသည်။ စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် JICA ၏အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်– မန္တလေးမီးရထားလမ်း အဆင့်မြှင့်တင်ခြင်းအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းများမှာ–

(၁) ရထားလမ်းတာဘောင်နှင့် ရထားလမ်းပြုပြင်ခြင်း (၃၈၅)မိုင်
(၂) ရထားလမ်းတံတားများ ပြုပြင်တည်ဆောက်ခြင်း (၂၃၉)စင်း
(၃) ရထားလမ်းဘူတာများအသစ် ပြန်လည်တည်ဆောက်ခြင်း (၁၀)ဘူတာ
(၄) ရထားစက်နီလမ်းနှင့် အချက်ပြများပြုပြင်ခြင်း (၉၆)ဘူတာ
(၅) ရထားတွဲ DEMU (Diesel Electric Multiple Unit) (၂၂၀)တွဲ
(၆) ရထားတွဲတည်ဆောက်ရန် အလုပ်ရုံတည်ဆောက်ခြင်း (၁)ရုံ (ရွာသာကြီး)
(၇) ကွန်ပျူတာဖြင့် ရထားထိန်းစနစ်တပ်ဆင်ခြင်း (၉၆)ဘူတာ
(၈) ဘူတာများတွင် လျှပ်စစ်မီးတပ်ဆင်ခြင်း (၉၆)ဘူတာ

ရန်ကုန်– မန္တလေးမီးရထားလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်သည့် စီမံကိန်းအဆင့် (၁) ရန်ကုန်– တောင်ငူစီမံကိန်းအပိုင်းကို အပိုင်း (၃)ပိုင်းခွဲဆောင်ရွက်လျှက်ရှိသည်။ ရန်ကုန်– ပဲခူးအပိုင်း၊ ပဲခူး–ညောင်လေးပင်အပိုင်းနှင့် ညောင်လေးပင်– တောင်ငူအပိုင်းဖြစ်သည်။ အပိုင်းတစ်ပိုင်းစီတွင် ထပ်မံ၍သုံးပိုင်းခွဲပြီး အကြို (၁)နှစ်နှင့် တည်ဆောက်ချိန် (၃)နှစ် စုစုပေါင်း (၄)နှစ်တည်ဆောက်မည်ဖြစ်သည်။ စီမံကိန်းကာလမှာ ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိဖြစ်သည်။

စီမံကိန်းအဆင့် (၂) တောင်ငူ– မန္တလေးလမ်းပိုင်းအတွက် စီမံကိန်းဖြစ်မြောက်နိုင်ခြေလေ့လာမှု လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပြီးနောက် အသေးစိတ်ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းအား ၂၀၁၈ ခုနှစ်၊ မေလမှစတင်၍ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၅ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါကာ နေပြည်တော်– တောင်ငူ– ရန်ကုန်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရန်ကုန်– တောင်ငူလမ်းပိုင်းတွင် ပဲခူး၊ ညောင်လေးပင်နှင့် ဖြူးဘူတာတို့နှင့် တောင်ငူ– မန္တလေးလမ်းပိုင်းတွင် တောင်ငူ၊ ရေတာရှည်၊ ပျဉ်းမနား၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်နှင့် မြို့ဟောင်းဘူတာအပါအဝင် စုစုပေါင်းဘူတာ (၁၀)ခုအား အသစ်ပြန်လည်တည်ဆောက်မည်ဖြစ်သည်။ ကျန်ဘူတာ (၈၆)ခုအား မြန်မာ့မီးရထားအစီအစဉ်ဖြင့် အဆင့်ဆင့်ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။ ကားလမ်းကူး၊ လူလမ်းကူးများကိုလည်း တိုင်းဒေသကြီးတို့နှင့် ညှိနှိုင်းပြီး ကားလမ်းကူး၊ လူလမ်းကူး၊ ခုံးကျော်တံတားများ တည်ဆောက်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းအပိုင်း (၁)နှင့် (၂)တို့တွင်ပါဝင်သည့် ဘူတာ (၉၆)ဘူတာ၏ ရထားစက်နီလမ်းများကို ရထားအမြင့်နှင့် လိုက်လျောညီထွေရှိစေမည့် အမြင့်သို့ပြောင်းလဲခြင်း၊ ပလက်ဖောင်းအရှည်ကိုလည်း ပေ (၄၀၀–၈၀၀) အထိ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။ ရထားလမ်းအချက်ပြများကိုလည်း လျှပ်စစ်အချက်ပြများ အဖြစ်သို့ ပြောင်းလဲသကဲ့သို့ ရထားလမ်းကူးဂိတ်များကိုလည်း အသံမြည်အချက်ပြဂိတ်များအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

DEMU (Diesel Electric Multiple Unit) ရထားတွဲ (၂၂၀)ကို ခရီးသည် (၅၀)ဦး လိုက်ပါနိုင်သည့်တွဲ (၆) တွဲ (၃၀၀)ဦးဖြင့် အသွား (၁၆)ဆိုင်း၊ အပြန် (၁၆)ဆိုင်း၊ အရံ (၄)ဆိုင်းနှင့် တွဲပို (၄)တွဲ ထားရှိဆောင်ရွက်သွားမည်ဖြစ်သည်။ လေးအေးစက်ပါ လေအိတ်ရထားတွဲအသစ်ဖြင့် အစားထိုးမည်ဖြစ်ရာ ခရီးသည်များ သက်တောင့်သက်သာ လိုက်ပါစီးနင်းနိုင်ကြမည်ဖြစ်သည်။ အဆိုပါ တွဲ (၂၂၀)တပ်ဆင်ရန်နှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် ရန်ကုန်တိုင်းဒေသကြီး၊ ရွာသာကြီးဘူတာရပ်ဝန်းတွင် အလုပ်ရုံ (၁)ရုံ တည်ဆောက်သွားမည်ဖြစ်သည်။

စီမံကိန်းအဆင့် (၂)ခုစလုံးအတွက် EIA, SIA ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ကြိုတင်စီမံချက်များရေးဆွဲထားရှိသည်။ ရန်ကုန်– မန္တလေးရထားလမ်းပိုင်း၏ သုံးပုံနှစ်ပုံသည် လူနေထူထပ်သည့်ဒေသဖြစ်သည့်အတွက် လုံခြုံရေးခြံစည်းရိုးများကို မိုင် (၅၀) အထိ ကာရံထားရှိရန် စီမံကိန်းဒီဇိုင်းတွင် ရေးဆွဲထားရှိသည်။

စီမံကိန်းနှင့်ပတ်သက်၍ အများပြည်သူများ သိရှိနိုင်စေရန် ခရီးသွားပြည်သူများ နေ့စဉ်ဖြတ်သန်းသွားလာနေသူများအား အသိပေးဆောင်ရွက်ခြင်း၊ မီဒီယာများတွင်ကြေညာခြင်းများနှင့် City FM Radio မှ အသိပေးထုတ်လွှင့်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်

(၁) လေထုညစ်ညမ်းမှုကို မဖြစ်ပေါ်စေရန် စီစဉ်ဆောင်ရွက်ခြင်း။
(၂) ဆူညံမှုနှင့် တုန်ခါမှုများကြောင့် စိတ်အနှောင့်ယှက်မဖြစ်စေရန် စီစဉ်ဆောင်ရွက်ခြင်း။

(၃) ရေထုညစ်ညမ်းမှုကို မဖြစ်ပေါ်စေရန် စီစဉ်ဆောင်ရွက်ခြင်း။
(၄) ယာဉ်ကြောပိတ်ဆို့မှုကြောင့် စိတ်အနှောင့်ယှက်မဖြစ်ပေါ်စေရန် စီစဉ်ဆောင်ရွက်ခြင်း။

(၅) စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲခြင်း။
(၆) စီမံကိန်းကြောင့် ဒေသတွင်းအသက်မွေးလမ်းကြောင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း။
(၇) မြေပြင်ညစ်ညမ်းမှုကို မဖြစ်ပေါ်စေရန်စီစဉ်ဆောင်ရွက်ခြင်း။
(၈) စီမံကိန်းလုပ်ငန်းများလုပ်ဆောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအား မူလအခြေအနေဖြစ်အောင် ပြန်လည်ပြုပြင်ပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းလုပ်ငန်းများကြောင့် ဒေသခံအတတ်ပညာရှင်များ၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ နည်းပညာနှင့်နည်းစနစ်များ ဆင့်ပွားရရှိခြင်းတို့ လက်တွေ့ခံစားရရှိနေကြပြီဖြစ်သည်။

အနှစ်ချုပ်ဆိုရသော် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ပင်မကျောရိုးသဖွယ်ဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဖြင့် တိုင်းရင်းသားမိဘပြည်သူများအား ဝန်ဆောင်မှုများ အပြည့်အဝပေးနိုင်ရေး ကြိုတင်စီမံအကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသည်။ ရထားပို့ဆောင်ရေးလုပ်ငန်း၏ သမိုင်းတစ်ခေတ်အတွက် ခြေလှမ်းသစ်တစ်ရပ်စတင်နေပြီဖြစ်ကြောင်း မှတ်တမ်းပြုရေးသားတင်ပြအပ်ပါသည်။ ။

# ၂၀၂၀ ပြည့်နှစ်၊ မတ်လ လပတ်အတွက် မိုးလေဝသနှင့် ဧလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် (မြောက်ပိုင်း)တွင် အများအားဖြင့် သာယာနိုင်ပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြအောက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် (၈)ရက်မှ (၁၂)ရက်ခန့်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၃)ရက်မှ (၇)ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေ့အပူချိန်**

နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် (၁.၅)ဒီဂရီစင်တီဂရိတ်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် (၅)ရက်မှ (၁၁)ရက်ခန့်အထိ နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် (၂)ပေမှ (၃)ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဧလွန်မြို့တို့တွင် (၁)ပေမှ (၂)ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ (၁)ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

# ထီတိုင်းထော

MPT
ရှေ့သို့လှမ်းချီမြန်မာပြည်

## MPT4U APP မှာ
## ထောဘီပတ်ကော့ချ်ဝယ်ပြီး ထီပေါက်ကစားလျှင်
## ထောဘီဖုန်းဘေလ်တွေ အဆ ၁၀၀ အထိ ကံထူးနိုင်ပါပြီ

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm www.facebook.com/mptofficialpage

CALL CENTER 106 | call free 24 hours everyday

# အချက်ပြစနစ်၊ ခန့်မှန်းခြေရေးဆွဲခြင်းနှင့် စတိုလုပ်ငန်းသင်တန်းများ၏ သင်တန်းဆင်းပွဲ ကျင်းပ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟို ပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမတွင် ရထားသင်တန်းဌာနခွဲကဖွင့်လှစ်သည့် အချက်ပြစနစ်၊ ခန့်မှန်းခြေရေးဆွဲခြင်းနှင့် စတိုလုပ်ငန်းသင်တန်းအမှတ် စဉ် (၃/ ၂၀၂၀) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးက သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို ပထမ၊ ဒုတိယ၊ တတိယဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်း သင်တန်းသားများကို ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

လှမျိုး (ဆသရ)

# အရာရှိလောင်း ဒီပလိုမာသင်တန်းသားများအတွက် ဒုတိယအကြိမ် ပညာသင်ထောက်ပံ့ကြေးပေးအပ်

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်ရှိ ပညာသင်ကြားရန် ငွေကြေးအခက်အခဲရှိသော အရာရှိလောင်း ဒီပလိုမာသင်တန်းသားများအတွက် ဒုတိယအကြိမ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ (၂၄)ရက်၊ နံနက် (၁၀)နာရီ အချိန်တွင် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ တစ်လလျှင် ပညာသင်ထောက်ပံ့ကြေးငွေ ကျပ်ငါးသောင်းနှုန်းဖြင့် ပထမစာသင်နှစ်ဝက် (၆)လ အတွက် ကျပ်သုံးသိန်းစီကို အရာရှိလောင်းဒီပလိုမာသင်တန်းသား (၉)ဦးအား ပေးအပ်ခဲ့သည်။

အလားတူစွာ ပထမအကြိမ် ပညာသင်ထောက်ပံ့ကြေးကိုလည်း ငွေကြေးအခက်အခဲရှိသော ပထမနှစ်နှင့်ဒုတိယနှစ် အရာရှိလောင်းဒီပလိုမာ သင်တန်းသား (၉)ဦးကိုလည်း ထောက်ပံ့ငွေအဖြစ် တစ်လလျှင် ငွေငါးသောင်းနှုန်းဖြင့် ဒုတိယနှစ်စာသင်နှစ်ဝက် (၆)လ အတွက် ငွေကျပ်သုံးသိန်းစီကိုလည်း ၂၀၁၉ ခုနှစ်၊ ဧပြီလ (၃၀)ရက်တွင် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခု ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဌာနမှူး၊ မော်ကွန်းထိန်းများနှင့် ပညာသင်ထောက်ပံ့ကြေးရရှိသူ ပထမနှစ်အရာရှိလောင်း (၅)ဦး၊ ဒုတိယနှစ်အရာရှိလောင်း (၄)ဦးတို့ တက်ရောက်ခဲ့ကြသည်။ နောက်ပညာသင်နှစ်များတွင်လည်း ယခုထက်ပိုမိုပြီး ပညာသင်နှစ်ထောက်ပံ့ကြေးပေးအပ်သွားရန် ကြိုးပမ်းသွားမည်ဟု သိရှိရသည်။

Transcom

# MMU နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်တို့ပူးပေါင်း၍ Student Exchange Program ပြုလုပ်

အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် စီးပွားရေးလုပ်ငန်းနှင့် စီးပွားရေးပညာဌာနမှ စီးပွားရေးလုပ်ငန်းသုံး စီမံခန့်ခွဲမှုဘာသာရပ် အထူးပြုဒုတိယနှစ်ကျောင်းသား၊ ကျောင်းသူ (၉၃)ဦးတို့သည် ဖေဖော်ဝါရီလ ၂၅ ရက်တွင်လည်းကောင်း၊ စီးပွားရေးနှင့်လုပ်ငန်းသုံး စီမံခန့်ခွဲမှုပညာ ဘာသာရပ်အထူးပြုမှ ပထမနှစ်ကျောင်းသား၊ ကျောင်းသူ (၈၂)ဦး၊ English for Professional Purpose မှ ဒုတိယနှစ်ကျောင်းသား၊ ကျောင်းသူ (၅၆)ဦးတို့သည် ဖေဖော်ဝါရီလ ၂၇ ရက်တွင်လည်းကောင်း၊ Student Exchange Program အဖြစ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လာရောက်လေ့လာခဲ့ကြသည်။

အဆိုပါ Student Exchange Program အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်၊ ဘာသာရပ်ဆိုင်ရာ ဌာနမှူးများ၊ မော်ကွန်းထိန်းများ၊ စာကြည့်တိုက်မှူး၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှ တာဝန်ရှိသူများနှင့် တက္ကသိုလ် (၂)ခုမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသား မောင်ထက်မြတ်အောင်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှ ကျောင်းသားတစ်ဦးတို့မှ မိမိတို့တက္ကသိုလ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများအား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ကြပြီး ကျောင်းသားများမှ သိလိုသည်များအား ဆွေးနွေးခဲ့ကြပါကြောင်း သိရသည်။

Transcom

# Java Programming Fundamental Course သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန သင်တန်းကျောင်းတွင် Java Programming Language ၏ အခြေခံနည်းပညာများကို နားလည်၍ GUI tool များနှင့် တွဲဆက်အသုံးပြုသည့် Java Application များကို လက်တွေ့ရေးဆွဲနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်သော Java Programming Fundamemtal Course သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်က နေပြည်တော်၊ ရုံးအမှတ် (၂) သင်တန်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

Java Programming Fundamemtal Course သင်တန်းကာလမှာ (၂၇-၂-၂၀၂၀)ရက်မှ (၁၃-၃-၂၀၂၀) ရက်အထိ (၁၀)ရက်သင်တန်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အစိုးရအဖွဲ့အစည်း (၉)ခုမှ သင်တန်းသား (၂၉)ဦးတို့ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲသို့ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသင်တန်းကျောင်း၊ ကျောင်းအုပ် ဒေါ်ခင်ဆွေဌေးနှင့် ဌာနမှတာဝန်ရှိသူများတက်ရောက်ခဲ့ပြီး သင်တန်းကျောင်း၊ ကျောင်းအုပ် ဒေါ်ခင်ဆွေဌေးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသင်တန်းကျောင်းသည် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ နိုင်ငံဝန်ထမ်းများအား e-Government နှင့် ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ICT သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရှိရသည်။

သန္တာ (ITCS)

ပို့ဆောင်သတင်းဆက်သွယ် TRANSCOM NEWS JOURNAL သတင်းဂျာနယ်

**စီမံခန့်ခွဲရေးအရာရှိ**
**ဦးနီအောင်**

စာတည်းမှူးချုပ်
မောင်ကြင်နာ

အုပ်ချုပ်ရေးအရာရှိ
နေလင်း

ဌေးဘဏ်ရေးအရာရှိ
ကျော်သူရ

ဗျာဂ်နာဖုံးဒီဇိုင်း
ဝင်းထိုက်

စာမျက်နှာဒီဇိုင်း
နေလင်း၊ မြတ်ထူးဇော်၊ ဇင်ဘိုထွန်း

ကွန်ပျူတာ
ခိုင်ယုသွယ်၊ မေသဇ္ဓာဌေး၊ ပြည့်စုံကျော်၊ ခန့်ဇော်ထွန်း

စာတည်း
တင်မောင်၊ အိမ်စည်

သတင်းထောက်
ဘုန်းပိုင်ဦး၊ စိုးသူ၊ ဇွဲထက်အောင်

သတင်း (ဆက်သွယ်ရေး)
လှမျိုး

သတင်း (ရထား)
အောင်ဆန်းဦး

ကာတွန်းသရုပ်ဖော်
တင်ယု

ထုတ်ဝေသူ
နီအောင် (၀၀၄၉၆)

ပို့နှိပ်
မင်းပြည့်စုံ (၀၀၁၀၃)

ဖြန့်ချိရေး
ကိုကိုမြတ်၊ ဘိုဘို

ရုံးအဖွဲ့
သဇင်ဖူး

ဆောင်ပုံ သတင်း
ညွှန့်လွင်




**တိုက်တည်နေရာ**
အမှတ် ၈၃/၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။
ဖုန်း ၀၁-၈၆၁၀၁၉၂, စာတည်းမှူးချုပ် ၀၁-၃၇၅၄၄၃

ကြော်ငြာများထည့်သွင်းလိုပါက ဖုန်း - ၀၁ -၈၆၁၀၁၉၂၊ ၀၉-၄၂၁၀၁၃၆၆၇

# ကမ္ဘာ့အင်ဂျင်နီယာနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ကမ္ဘာ့အင်ဂျင်နီယာ အထိမ်းအမှတ်အခမ်းအနားကို မတ်လ ၄ရက်၊ နံနက် (၉)နာရီတွင် ရန်ကုန်မြို့လှိုင်မြို့နယ်၊ တက္ကသိုလ်များလှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာချုပ်အဆောက်အဦး၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဖွင့်အမှာစကားပြောကြားရာတွင် "အခုနှစ် ကမ္ဘာ့အင်ဂျင်နီယာများနေ့ အခမ်းအနားများကို Sub-stainable Development ကို တိုးတက်စေမယ့် နှိုးနှောခြင်းတွေ၊ စကားဝိုင်းဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ အတွေ့အကြုံရှိသူများက ကဏ္ဍအလိုက် ပြောဆိုဆွေးနွေးသွားကြပါမယ်။ ဌာနဆိုင်ရာများ၊ အင်ဂျင်နီယာအသင်းအဖွဲ့များ၊ ကုမ္ပဏီများရဲ့ လုပ်ဆောင်မှုများကိုလည်း ပြခန်းများနဲ့ ခင်းကျင်းပြသမယ်လို့ ကြားသိရတဲ့အတွက် အလွန်ပဲအားရပါတယ်။ Substainable Development ဆိုတဲ့ ဝေါဟာရနှင့်အညီ ပါဝင်သူအားလုံးဟာ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းကြမယ်ဆိုတာလည်း ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းက ကမ္ဘာ့အင်ဂျင်နီယာနေ့အထိမ်းအမှတ် (World Engineering Day for Substainable Development) အခမ်းအနားကျင်းပရခြင်းအကြောင်းအား ရှင်လင်းတင်ပြရာတွင် ဒီနေ့ကျင်းပတဲ့ ကမ္ဘာ့အင်ဂျင်နီယာနေ့ဟာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတ်လ (၄) ရက်၊ ဗုဒ္ဓဟူးနေ့မှာ UNESCO ၏ နိုင်ငံတကာနေ့အဖြစ် အင်ဂျင်နီယာများနဲ့ အင်ဂျင်နီယာအတတ်ပညာအထိန်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပါတယ်။ အဲ့ဒီအခမ်းအနားကို နိုင်ငံတကာမှာရှိနေတဲ့ တက္ကသိုလ်များ၊ သိပ္ပံကျောင်းများ၊ အင်ဂျင်နီယာ အတတ်ပညာရပ်ဆိုင်ရာ ပညာရှင်အဖွဲ့အစည်းများ အသင်းအဖွဲ့များကလည်း ဂုဏ်ပြုကျင်းပလျှက်ရှိပါကြောင်း ပြောသည်။

အခမ်းအနားအား အဓိကရည်ရွယ်ချက် (၄)ခုဖြင့် ကျင်းပပြီး-

(၁) အစိုးရများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းများနှင့် အများပြည်သူတို့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်အတွက် ကမ္ဘာ့အင်ဂျင်နီယာနေ့ကို အရေးပါသော အပြည်ပြည်ဆိုင်ရာနေ့အဖြစ် အသိအမှတ်ပြုစေရန် အသိပညာပေးရန်။

၂။ အင်ဂျင်နီယာပညာ၊ ၎င်း၏ခေတ်သစ်ဘဝအပေါ် အကျိုးသက်ရောက်မှုနှင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDGs)ကို တိုးမြှင့်ခြင်းသည် အရေးကြီးကြောင်းအသိအမြင် မြှင့်တင်ပေးရန်။

၃။ အင်ဂျင်နီယာများ၏ အောင်မြင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရာတွင် အင်ဂျင်နီယာများ၏ ပဓာနကျသော ကဏ္ဍကို မီးမောင်းထိုးပြရန်နှင့်

၄။ အင်ဂျင်နီယာပညာကို အသက်မွေးဝမ်းကြောင်း လုပ်ငန်းအဖြစ် ထည့်သွင်းစဉ်းစားရန် လူငယ်များ၊ အထူးသဖြင့် အမျိုးသမီးများကို ပိုမိုအားပေးရန်တို့ဖြစ်ကြောင်း ၎င်းကပြောသည်။

"ဒီနေရာမှာ အင်ဂျင်နီယာပညာရပ်ဟာ ကမ္ဘာ့ကုလသမဂ္ဂက ချမှတ်ထားတဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအောင်မြင်ရေးအတွက် အရေးကြီးတဲ့အခန်းကဏ္ဍကပါဝင်နေပါတယ်။ ဒီရည်မှန်းချက်များ အောင်မြင်ဖို့အတွက် အခြေခံသိပ္ပံ၊ သင်္ချာများကိုအသုံးပြုပြီးတော့ လက်တွေ့အသုံးချမှုအနေနဲ့ အစားအစာဖူလုံရေး၊ ရေသန့်ရရှိရေး၊ စွမ်းအင်ရရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် မြို့ပြများထူထောင်နိုင်ရေး၊ သဘာဝဘေးအန္တရာယ်ခုခံကာကွယ်နိုင်ပြီး ခံနိုင်ရည်ရှိတဲ့ ပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်ရေးနဲ့ အခြားအခြားသော နယ်ပယ်တွေမှာ ပြည်သူ/ပြည်သားများအတွက်ကို ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အသစ်ပေါ်ထွက်လာတဲ့ နည်းပညာများနဲ့ စတုတ္ထစက်မှုလက်မှုတော်လှန်ရေးမှာ ပေါ်ပေါက်လာသည့် Artificial Intelligent, Internet of Things, Robotic and Quantum Computing တို့ကို လူသားတွေအတွက် အသုံးချနိုင်ဖို့ဆောင်ရွက်ကျရမှာဖြစ်ပါတယ်ဟု ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌဦးအောင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီးနောက် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်၏ ၂၀၁၇-၂၀၁၉ ခုနှစ်၊ President Dr.Marlene Kanga AM က ပေးပို့သော Video Message အား ပြသခဲ့သည်။ ထို့နောက် Best Engineering Achievement for Substainable Development Award ရရှိသူများ၊ Young Engin-eering Achivement for Substai-nable Development Award ရရှိ သူများ၊ Young Engineering of the year 2020 Award ရရှိသူနှင့် Best Achievement of Young Engineering Award ရရှိသူများ အား ကြေငြာခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် ဒုတိယမြို့တော်ဝန်ဦးစီးလွင်နှင့် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ကမ္ဘာ့အင်ဂျင်နီယာနေ့အထိမ်းအမှတ်နေ့တစ်နေ့ သတ်မှတ်ရန် ၂၀၁၈ ခုနှစ်တွင် ယူနက်စကို၏ အဆိုပြုတင်ပြခဲ့ပြီး ၂၀၁၉ ခုနှစ်နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ယူနက်စကို၏ အကြိမ် ၄၀ မြောက် အထွေထွေအစည်းအဝေးတွင် နှစ်စဉ်မတ်လ (၄)ရက်ကို ကမ္ဘာ့အင်ဂျင်နီယာနေ့အဖြစ် သတ်မှတ်ခဲ့သဖြင့် ကမ္ဘာတစ်ဝန်းတွင် အထိမ်းအမှတ်အခမ်းအနားများ တစ်ပြိုင်တည်းကျင်းပသွားရန် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်က ဦးဆောင်မှုပြုခဲ့သည်။ ကမ္ဘာ့အင်ဂျင်နီယာနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ်လ(၄)ရက် မှ (၆)ရက်၊ နံနက် (၉)နာရီမှ (၅)နာရီအထိ ကျင်းပခဲ့ကြောင်း သိရသည်။

စိတ်ထက်

# ပညာရေးကဏ္ဍအတွက် ကမ္ဘာ့ဘဏ်ချေးငွေ ဒေါ်လာသန်းတစ်ရာ သုံးမည်

ကမ္ဘာ့ဘဏ်မှ ချေးငွေဒေါ်လာသန်းတစ်ရာဖြင့် မြန်မာနိုင်ငံတွင် အခြေခံပညာရေး အရည်အသွေးမြင့်မားလာရေးနှင့် တစ်နိုင်ငံလုံးရှိကလေးငယ်များ လက်လှမ်းမီအကျုံးဝင်နိုင်ရေး မြှင့်တင်ရန်ပညာသင်နှစ်လေးနှစ်အတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အားလုံးအကျုံးဝင် အရည်အသွေးမီ ပညာရေးစီမံကိန်းအားတစ်နိုင်ငံလုံးတွင် လွှမ်းခြုံဆောင်ရွက်သွားမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အခြေခံကျောင်းများပါဝင်ဖြစ်ပြီး အထူးသဖြင့် ပဋ္ဌိပကွဒဏ်ခံစားရသည့် ဒေသများအား ပံ့ပိုးသွားမည်ဖြစ်ကာ လူမှုပါဝင်မှုအားကောင်းစေရေး အထူးအလေးပေးဆောင်ရွက်မည်ဖြစ်သည်။ စီမံကိန်းချေးငွေ၏ ၇၀ ရာခိုင်နှုန်းကျော်အား ဝေးလံခက်ခဲသည့်မြို့နယ်များတွင် အသုံးပြုသွားမည်ဖြစ်ပြီး အဆိုပါမြို့နယ်များအတွင်းရှိ သင်ကြားရေးအခက်အခဲအရှိဆုံးဖြစ်သည့် စာသင်ကျောင်းများနှင့် ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရန် ကူညီသွားမည်ဖြစ်သည်။

အဆိုပါ စီမံကိန်းအား ၂၀၁၄ ခုနှစ်မှစတင်ကာ ကမ္ဘာ့ဘဏ်ကမြန်မာနိုင်ငံတွင် ပံ့ပိုးကူညီလျက်ရှိသည့် ကျောင်းများသို့ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ငွေကြေးထောက်ပံ့သည့် စီမံကိန်းပေါ်တွင်အခြေခံ၍ ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ လက်ရှိအချိန်ထိ စီမံကိန်းသည် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အခြေခံပညာကျောင်းများအားလုံးသို့ သင်ကြားရေးအထောက်အကူပြုနိုင်ရန် အသုံးစရိတ်များ တိုက်ရိုက်ခွဲဝေပေးနိုင်ခဲ့ကာ ကျောင်းသား၊ ကျောင်းသူ (၉)သန်းကျော်၏ မိဘအုပ်ထိန်းသူများအတွက် စရိတ်တန်ထုပ်ပိုးထုပ်လျှော့ကျစေနိုင်ခဲ့သည်။

"အရည်အသွေးမြင့်မားတဲ့ ပညာရေးကို ကလေးငယ်တိုင်းအတွက် ပံ့ပိုးပေးနိုင်ဖို့က ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ တန်းတူညီမျှသောစီးပွားရေးဖွံ့ဖြိုးသော အနာဂတ်တည်ဆောက်ရေးအတွက် အရေးကြီးလှပါတယ်။ အထူးသဖြင့် ကျောင်းအချိန်မတိုင်ခင် ထွက်သွားတဲ့ ကလေးငယ်တွေ၊ ရွှေ့ပြောင်းလုပ်သားမိသားစုဝင်တွေရဲ့ ကလေးငယ်တွေအတွက် အရည်အသွေးရှိတဲ့ ပညာရေးလက်လှမ်းမီအောင် ဆောင်ရွက်ပေးပါ။ ပိုလို့ပင်အရေးကြီးပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ယာယီညွှန်ကြားရေးမှူး ဂေဇော့ဆာဂ ဆီယမ် က ပြောသည်။

အဆိုပါ ပညာသင်ထောက်ပံ့ရေးအစီအစဉ်မှတစ်ဆင့် နွမ်းပါးချို့တဲ့သည့် ကျောင်းသား၊ ကျောင်းသူ နှစ်သိန်းသုံးသောင်းကျော်အား ပံ့ပိုးပေးနိုင်ခဲ့ပြီး ယင်းကျောင်းသား၊ ကျောင်းသူများ အလယ်တန်းအဆင့်ပြီးမြောက်စေရန် ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇွဲ

# မြန်မာ-တရုတ် နယ်နိမိတ် မှတ်တိုင်များအား ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ နမ့်တစ်မြို့ ("ဝ" အထူး ဒေသ-၂) အတွင်းရှိ နယ်နိမိတ်မှတ်တိုင် ၁၄၅ (၁)အနီး နမ့်တိန်ချောင်းအတွင်းသို့ တရုတ်ဘက်မှ ကျောက်တုံးကြီးများ ချ၍ တိုးချဲ့မြေဖို့ကာမြေထိန်းနံရံ တည်ဆောက်ခြင်း၊ လမ်းဖောက်လုပ်ခြင်းနှင့် နယ်နိမိတ်မှတ်တိုင် ၁၅၅ (၁) အနီး နမ့်ကွန်ချောင်းနှင့် ချောင်းလက်တက်ဖြစ်သည့် နမ့်အစ်ချောင်းအတွင်း မြေထိန်းနံရံ တည်ဆောက်ခြင်းတို့ကြောင့် မြန်မာဘက်ကမ်းပါးများ ရေတိုက်စားခံရပြီး ပြိုကျပျက်စီးခြင်းမှ ကာကွယ်နိုင်ရေးအတွက် မြေထိန်းနံရံတည်ဆောက်မည့်နေရာများနှင့် မြေပြင်အခြေအနေတို့ကိုသိရှိနိုင်ရန် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံဦးဆောင်သည့် ကွင်းဆင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၂၉ ရက်မှ မတ်လ ၄ ရက်အထိ သက်ဆိုင်ရာ နယ်မြေသို့ သွားရောက်ကွင်း ဆင်းစစ်ဆေးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှသိရသည်။

ကွင်းဆင်းစစ်ဆေးရေး အဖွဲ့သည် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊ ဥက္ကဋ္ဌဦးခွန်ထွန်းလူနှင့်လည်းကောင်း၊ နမ့်တစ်မြို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလျူကော်ရှင်းနှင့် လည်းကောင်း တွေ့ဆုံ၍ နယ်နိမိတ်ကိစ္စအပါအဝင် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် တရုတ်နယ်ခြားစောင့်တပ်ဖွဲ့မှ နယ်နိမိတ်မှတ်တိုင် ၁၄၄-၃ နှင့် ၁၄၄-၄ အကြား မြန်မာဘက်က စိုက်ထူထားသော နိုင်ငံတော်အလံအား ဖျက်ဆီးခဲ့သည့်နေရာသို့လည်း သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ES

# မြန်မာ့ခရီးသွားဘဏ်၏ ဘုရင့်နောင် ဘဏ်ခွဲဖွင့်လှစ်

မြန်မာ့ခရီးသွားဘဏ်၏ (၅) ဘဏ်မြောက်ဖြစ်သောဘဏ်ခွဲ (ဘုရင့်နောင်ဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားကို မတ်လ ၄ ရက်က အဆိုပါဘဏ်ခွဲတည်ရှိရာ ယဇနေလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဘုရင့်နောင်ကုန်စည်ဒိုင် ဥက္ကဋ္ဌဦးခင်ဟန်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ မြန်မာ့ခရီးသွားဘဏ်၏ ဥက္ကဋ္ဌဦးရန်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးသိန်းဟန်နှင့် ဦးမောင်မောင်တို့က ဘုရင့်နောင်ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ကြွရောက်လာကြသည့် ဧည့်သည်တော်များကို လည်းဘဏ်ဖွင့်ပွဲ အထိမ်းအမှတ်အနေဖြင့် (အထူးအတိုးနှုန်း)များဖြင့် ငွေစုဘဏ်အပ်ငွေစာရင်းများကို ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာ့ခရီးသွားဘဏ်၏ ဥက္ကဋ္ဌ ဦးရန်ဝင်းက "Myanma Tourism Bank က Tourism Bank လို့ပြောတဲ့အတွက် ခရီးသွားလုပ်ငန်းကြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နံပါတ်တစ် အထောက်အကူပြုရမှာပေါ့။ နံပါတ်နှစ်ကတော့ မြန်မာတစ်နိုင်ငံလုံးရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ဘဏ်အနေနဲ့ အထောက်အကူပေးနိုင်ဖို့ပေါ့။ ကျန်တဲ့ဘဏ်ကြီးတွေ၊ ဘဏ်တွေအများကြီးရှိပေမယ့် ငါတို့လည်းတစ်တက် တစ်အား ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ပေါ့။ တိုင်းရင်းသားလုပ်ငန်းရှင်တွေ ကိုကူညီဖို့ပေါ့။ အဓိက ဒီရည်ရွယ်ချက်ကြီးနှစ်ခုနဲ့ဖွင့်တာပါ။ အဓိကကတော့ စီးပွားရေးလုပ်ငန်းရှင်တွေ ခရီးသွားလုပ်ငန်းရှင်တွေ အာလုံးကို အတိုးနှုန်း သက်သက်သာသာနဲ့နှစ်ရှည်ချေးငွေပေးနိုင်အောင် ရည်ရွယ်တယ်။ ဘဏ်ခွဲကိုဘုရင့်နောင်မှာဖွင့်တာကတော့ ဒီကတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စီးပွားရေးလုပ်ငန်းတွေအားလုံးရှိတာပေါ့။ ဒီကရန်ကုန်မြို့ရဲ့ အဓိကစီးပွားရေးကိုကိုင်တွယ်ထားတဲ့ နေရာကြီးတစ်ခုထဲမှာအပါအဝင်ဖြစ်တယ်။ ဒါကြောင့်ဒီမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ လွယ်လွယ်ကူကူလာပြီး ဘဏ်လုပ်ငန်းလုပ်နိုင်အောင်ဖွင့်တာဖြစ်ပါတယ်" ဟု ဆိုသည်။

မြန်မာ့ခရီးသွားဘဏ် (ဘုရင့်နောင်ဘဏ်ခွဲ) တွင် အပ်ငွေ၊ လွှဲငွေ၊ ချေးငွေနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပြုလုပ်နိုင်သည့်အပြင်အပ်ငွေများအတွက် (အထူးအတိုးနှုန်းများလည်း ရရှိနိုင်မည်ဖြစ်သည်။

မြန်မာ့ခရီးသွားဘဏ်သည် ၂၀၁၈ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Full Commercial License လိုင်စင်ရရှိခဲ့ပြီး လက်ရှိတွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့်မြဝတီမြို့တို့တွင် ဘဏ်များ ဖွင့်လှစ်ကာ ဝန်ဆောင်မှုများပေးလျက်ရှိသည်။

Transcom

---

# လူထုကို ကိုရိုနာ ဗိုင်းရပ်စ် သတင်းအမှားပေးခြင်း အလွန်အန္တရာယ်ရှိ

ကိုရိုနာဗိုင်းရပ်စ် COVID-19 နှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်ရရှိစေရန် မီဒီယာများနှင့်တွေ့ဆုံဆွေးနွေးပွဲကို မတ်လ ၆ ရက်က ရန်ကုန်မြို့ရှိချက်ထရီယန်ဟိုတယ်၌ ပြုလုပ်ရာတွင်ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ လူထုကို သတင်းအမှားများ ပေးခြင်းအားဖြင့် လူထုကမကြောက်တော့ဘဲ ကျန်းမာရေးနှင့် ညီညွတ်သည့် အပြုအမူအပြောအဆိုများမှ သွေဖီလာတာမျိုးတွေ ရှိလာနိုင်ကြောင်း ကူးစက်ရောဂါတိုက်ဖျက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးကဆိုသည်။

"သတင်းမှားတွေကိုမယုံဖို့။ သတင်းမှားတွေကိုမရှဲဖို့ ဒီရောဂါဟာဆိုလို့ရှိရင် အသစ်ဖြစ်တဲ့အတွက်ကြောင့်မို့ ကာကွယ်ဆေးတွေကိုရရှိဖို့ အပြင်းအထန်ဆောင်ရွက်နေတာဖြစ်ပါတယ်။ တနည်းအားဖြင့် သတင်းမှားတွေပေးခြင်းအားဖြင့် လူထုမှာ ဘာဖြစ်လာသလဲ ဆိုရင်မကြောက်တော့ဘူး။ မကြောက်တဲ့အခါမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့အပြုအမူ အပြောအဆိုတွေကနေ သွေဖီလာတာမျိုးတွေရှိနိုင်ပါတယ်။ နောက်တစ်ချက်က ငါတို့တော့ဘာမှမဖြစ်ဘူးဆိုပြီး စိတ်ချယုံကြည်ပြီးတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကနေပြီး ဒီလိုလုပ်ပါဆိုတဲ့အချက်တွေကို မလုပ်ဆောင်လို့ရှိရင် ပြည်သူလူထုတစ်ရပ်လုံးအတွက် အန္တရာယ်ရှိပါတယ်" ဟုဆိုသည်။

ကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇင်မာစိုးကလည်း "ကျွန်မကတော့ ပြည်သူလူထုကို ပြောချင်တာက အရမ်းကြီးလည်းမကြောက်စေချင်ဘူး။ အရမ်းကြီးပေါ့ပြီးတော့ လည်းမနေစေချင်ဘူး။ ချင့်ချိန်ပြီး နေထိုင်ဖို့တော့လိုအပ်ပါတယ်။ အဓိကကတော့ လက်ဆေးဖို့ပါပဲ" ဟုဆိုသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ မတ်လ ၆ ရက်၊ ည (၈:၀၀) နာရီ ထုတ်ပြန်ချက်များအရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံ (၈၅) နိုင်ငံတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြု အဖြစ်လည်းကောင်း၊ ပြည်သူ့လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်တွင် နေထိုင်သော အသက် (၃၅) နှစ်အရွယ် အမျိုးသားတစ်ဦးသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ (၃-၃-၂၀၂၀) ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး (၅-၃-၂၀၂၀) ရက်မှစတင်၍ ဖျားခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်း လက္ခဏာများ ခံစားနေရကြောင်း ကျေးလက်ကျန်းမာရေးဌာနခွဲမှ သတင်းပေးပို့ခဲ့သဖြင့် ၎င်းနေ့တွင်ပင်နေပြည်တော်၊ ခုတင် (၁,၀၀၀) ဆံ့ပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ပါသည်။ ၎င်းအား စောင့်ကြည့် လူနာအဖြစ်သတ်မှတ်၍ သီးခြားထား ရှိကုသမှုပေးလျက်ရှိပြီး ဓါတ်ခွဲနမူနာရယူ၍ အမျိုးသား ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် နေထိုင်သော အသက် (၃၄)နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၂၃-၂-၂၀၂၀) ရက်မှစ၍ ဖျားခြင်း၊ မောပန်းခြင်း၊ ချောင်းဆိုးသွေးပါခြင်း စသည့်ရောဂါလက္ခဏာများခံစားခဲ့ရသဖြင့် ပုဂ္ဂလိကဆေးရုံတစ်ခုတွင် (၂၆-၂-၂၀၂၀) ရက်မှ (၅-၃-၂၀၂၀) ရက်အထိ ဆေးကုသမှုပေးခဲ့ပြီး (၆-၃-၂၀၂၀) ရက်၊ နေ့လည် (၁၂:၀၀) နာရီအချိန်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ပါသည်။ လူနာတွင် COVID-19 ရောဂါ ကိယ်အပူချိန်မြင့်တက်ခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း၊ စသည့်ရောဂါလက္ခဏာများ ခံစားခဲ့ရကြောင်း တွေ့ရှိရသဖြင့် ဝေဘာဂီအထူးကုဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ ၎င်းအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓါတ်ခွဲနမူနာရယူ၍ အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၌ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တွင် နေထိုင်သော အသက် (၁၄)နှစ်အရွယ် အမျိုးသား (၁) ဦးသည် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း ရောဂါလက္ခဏာများဖြင့် (၄-၃-၂၀၂၀) ရက်တွင် အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ပြသခဲ့ရာ လူနာမှာ COVID-19 ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသောနိုင်ငံများသို့ ခရီးသွားရာဇဝင်နှင့် သံသယလူနာများနှင့် ထိတွေ့ခဲ့သည့် ရာဇဝင်မရှိသော်လည်း လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာလက္ခဏာများ တွေ့ရှိရသဖြင့် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် နေထိုင်သော အသက် (၄၀) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၅-၃-၂၀၂၀)ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှေ့လီမြို့မှ မန္တလေးမြို့သို့သွားစဉ် လားရှိုးမြို့သို့အရောက်တွင် အသက်ရှူကြပ်၍ မောလာသဖြင့် (၅-၃-၂၀၂၀) ရက်၊ ည (၈:၄၀) နာရီအချိန်တွင် လားရှိုးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပါသည်။ လူနာအား ရောဂါရာဇဝင် စစ်ဆေးမေးမြန်းချက်အရ လူနာသည် လွန်ခဲ့သော (၅) လခန့်မှစ၍ ဆီးချိုရောဂါခံစားနေရပြီး ဖျားခြင်း၊ ချောင်းဆိုးခြင်း စသည့်လက္ခဏာများအား လွန်ခဲ့သော ရက်ပေါင်း (၄၀) ခန့်ကစတင်၍ ခံစားနေခဲ့ရကြောင်း သိရှိရပါသည်။ ၎င်းအား သံသယလူနာအဖြစ်သတ်မှတ်၍ လားရှိုးပြည်သူ့ဆေးရုံကြီးတွင် သီးခြားထားရှိ၍ ဆေးကုသမှုများပေးရန် စီစဉ်ဆောင်ရွက်ပြီး အဆိုပါလူနာထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးခဲ့ပါသည်။ သို့ရာတွင် လူနာသည် ရောဂါအခြေအနေ ပိုမိုဆိုးရွားလာပြီး (၅-၃-၂၀၂၀) ရက်၊ ည (၉:၄၀) နာရီအချိန်တွင် နှလုံးကြီးခြင်း၊ နှလုံးကောင်းစွာ အလုပ်မလုပ်ခြင်း၊ သေချာစွာကုသမှုမရရှိထားသော ဆီးချိုရောဂါနှင့် အဆုတ်ရောင်ခြင်းတို့ကြောင့် သေဆုံးသွားခဲ့ပါသည်။ (၄-၃-၂၀၂၀) ရက်မှစ၍ စောင့်ကြည့်လူနာအဖြစ် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသမှုများ ပေးလျက်ရှိသော မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်မှ အသက် (၆၈) နှစ်အရွယ် အမျိုးသမီးသည် ရောဂါအခြေအနေပိုမိုဆိုးရွားလာပြီး (၆-၃-၂၀၂၀) ရက်၊ နံနက် (၇:၄၀) နာရီအချိန်တွင် သေဆုံးသွားခဲ့ပါသည်။ အဆိုပါ အမျိုးသမီးတွင် နာတာရှည် နှလုံးရောဂါနှင့် ဆီးချိုရောဂါများရှိကြောင်းနှင့် ကနဦးသုံးသပ်ချက်အရ သေဆုံးရသာ အကြောင်းအရင်းမှာ ပြင်းထန်အဆုတ်ရောင်ရောဂါနှင့် သေချာစွာ မကုသထားသော နှလုံးရောဂါနှင့် ဆီးချိုရောဂါများ၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့်ဖြစ်ကြောင်း သုံးသပ်ပြီး ၎င်း၏ ဓာတ်ခွဲအဖြေအား အမျိုးသားကျန်းမာ ရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှရရှိပါက အချိန်နှင့် တစ်ပြေးညီ သတင်းထုတ်ပြန်သွား မည်ဖြစ်ကြောင်းဖော်ပြထားသည်။ ထို့အပြင် (၆-၃-၂၀၂၀) ရက်၊ ညနေ (၆:၀၀) နာရီအချိန်အထိ လူနာ (၅) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိကြောင်းလည်း ဖော်ပြထားသည်။

ကမ္ဘာတဝှမ်းမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် မတ် ၆ ရက် မနက်ပိုင်းအထိ ၃၃၈၆ ယောက်သေဆုံးပြီး ကူးစက်ခံရသူ ၉၈၄၂၄ ယောက်ရှိပြီဖြစ်ကြောင်း အမေရိကန်အခြေစိုက် Johns Hopkins တက္ကသိုလ်၏ စောင့်ကြည့်လေ့လာချက်တွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်စောင့်ကြည့်လူနာနှင့် သံသယလူနာစုစုပေါင်း ၅၇ ဦးရှိပြီး အတည်ပြုလူနာမရှိသေးကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ မတ်လ ၆ ရက် ည (၈:၀၀) နာရီထုတ်ပြန်ချက်အရ သိရသည်။

ES

# Trends and Applications of AI in Space

ဝင်းအောင် (အင်ဂျင်နီယာချုပ်)

**Richard EliteLogan Finucan**

**အာကာသတွင် အသိဉာဏ်တု၏ အလားအလာများနှင့် အသုံးချမှုများ**

**ရစ်ချတ် အယ်လီတယ်လိုဂမ် ဖီနူကင်**

For several years, the satellite and commercial space sector has sought ways to automate equipment construction, foster innovation, and boost profitability. Artificial intelligence (AI) can support these efforts. More specifically, the technology can change the way global satellite operators and space agencies process data and transform how the sector operates across four key areas: manufacturing, imaging, telemetry, and spectrum usage.

နှစ်ပေါင်းများစွာ ဂြိုလ်တုနှင့် အာကာသစီးပွားရေး ကဏ္ဍသည် ပစ္စည်းကိရိယာများဆောက်လုပ်ခြင်းကို အလိုအလျောက်ပြုလုပ်ရန်၊ ဆန်းသစ်တီထွင်မှုကို မြှင့်တင်ရန်နှင့် အမြတ်အစွန်းတိုးမြှင့်ရန် နည်းလမ်းများရှာဖွေခဲ့သည်။ အသိဉာဏ်တု Artificial Intelligence (AI)သည် ဤကြိုးစားအားထုတ်မှုများကို ကူညီနိုင်သည်။ ပို၍တိကျစွာပြောရလျှင် နည်းပညာသည် ကမ္ဘာလုံးဆိုင်ရာ ဂြိုဟ်တုအော်ပရေတာများနှင့် အာကာသအေဂျင်စီများမှ အချက်အလက်များ လုပ်ဆောင်ခြင်းနှင့် အဓိကကဏ္ဍလေးခုဖြစ်သော ကုန်ထုတ်လုပ်မှု၊ ပုံရိပ်၊ ဂြိုဟ်တုထိန်းချုပ်ရေးနှင့် လှိုင်းနှုန်းစဉ်အသုံးပြုမှုတို့ကို ပြောင်းလဲနိုင်သည်။

### Manufacturing
### ကုန်ထုတ်လုပ်မှု

AI သည် ဂြိုဟ်တုထုတ်လုပ်မှုလုပ်ငန်းစဉ်ကို သိသိသာသာတိုးတက်စေရန်အလားအလာရှိသည်။ အထူးသဖြင့် အပိုင်းများစွာတပ်ရန် အင်ဂျင်နီယာလိုအပ်သည်။ အသစ်တီထွင်ထားသော AI နည်းပညာများသည် ဂြိုဟ်တုအစိတ်အပိုင်းများကို သန့်ရှင်းရေးလုပ်ခြင်းကဲ့သို့၊ အချိန်ကုန်သော်လည်း လိုအပ်သောလုပ်ငန်းများကိုလုပ်ဆောင်နိုင်သည်။ တိုင်းတာမှုများအား အလိုအလျောက်စုဆောင်းနိုင်သည်။ အဓိကအစိတ်အပိုင်းများ၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်သည့် နောက်ဆုံးသတင်းများကို အင်ဂျင်နီယာများနှင့် အလွယ်တကူမျှဝေနိုင်သည်။ ထိုကဲ့သို့သော AI အပလီကေးရှင်းများသည် အမြတ်အစွန်းရရှိရုံသာမက ထုတ်လုပ်မှုအချိန်ကိုလည်း လျော့နည်းစေပြီး ဂြိုဟ်တုဆက်သွယ်ရေး အော်ပရေတာများသည် ယခင်ကထက် စောလျင်စွာလွှတ်တင်နိုင်ခဲ့သည်။

### AI Satellite link

https://www.google.com/search?q=ai+vs+satellite+photo&client=firefox-b-d&sxsrf=ALeKk02RG-BEPJ41qYhqBXQCIjrWx4sjQw:1583352699583&tbm=isch&source=iu&ictx=1&fir=AU-Ws0rzJiD6LM%253A%252C5uL8Hf17ZouADM%252C_&vet=1&usg=AI4-kSX1P8EcGtJUtN80xy5ngKybEdu-A&sa=X&ved=2ahUKEwjR-NW50IHoAhW-6XMBHQjaDfMQ9QEwCXoECAoQIw#imgrc=AU-Ws0rzJiD6LM:

ဆက်လက်တင်ပြပါမည်။

# လေကြောင်းပညာသိပ္ပံအား Approved Training Organization (ATO) Certificate ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းသိပ္ပံအား Approved Training Orginization (ATO) Certificate ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ (၂၈)ရက် နံနက် (၁၀)နာရီတွင် လေကြောင်းပညာသိပ္ပံခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ၁၉၈၁ ခုနှစ်ကတည်းက UNDP ၏ အကူအညီဖြင့် စတင်ဖွင့်လှစ်ခဲ့သော CATI သည် လေကြောင်းကဏ္ဍနှင့် ဆက်စပ်လျက်ရှိသော သင်တန်းအမျိုးအစားများစွာကို သတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချနိုင်ခဲ့ကြောင်းပြောသည်။ သင်တန်းအမျိုးအစားများစွာရှိသည့်အနက် အဓိကသင်တန်းများဖြစ်သည့် လေယာဉ်မှူးကြီးလိုင်စင် (ATPL) သင်တန်း၊ မြို့ပြလေယာဉ်မှူးလိုင်စင် (CPL) သင်တန်းနှင့် လေကြောင်းထိန်းသိမ်းရေး (ATC) ဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်သည်။ "ထိုအချိန်က သင်တန်းများစွာကိုဖွင့်လှစ်ပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သော်လည်း CATI ကို ICAO သတ်မှတ်ပြဋ္ဌာန်းထားသည့် ATO အဖြစ် DCA က ထုတ်ပြန်ပေးခဲ့ခြင်းမရှိတာကို တွေ့ရပါတယ်" ဟု ၎င်းကပြောသည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ICAO က USOAP CMA Audit စစ်ဆေးခဲ့ရာတွင် အဆိုပါလိုင်စင်သင်တန်းများအတွက် Approved Training Organization (ATO) ပေးအပ်ပြီးမှသာ သင်တန်းများကို ဖွင့်လှစ်ပို့ချရန်အတွက် အကြံပြုညွှန်ကြားခဲ့ကြောင်း အဆိုပါအကြံပြုညွှန်ကြားချက်ကြောင့်လည်း လိုင်စင်သင်တန်းများဖြစ်သည့် ATPL, CPL သင်တန်းများကို ယာယီရပ်ဆိုင်းထားပြီး၊ ATO ရရှိမှသာ ဆက်လက်ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတာဖြစ်ကြောင်း သင်တန်းကျောင်းအနေဖြင့် ATO မရရှိခြင်းကြောင့် လေယာဉ်မှူးကြီးလိုင်စင် (ATPL) သင်တန်း၊ မြို့ပြလေယာဉ်မှူးလိုင်စင် (CPL) သင်တန်းများ ဖွင့်လှစ်ရန်နှောင့်နှေးကြန့်ကြာခဲ့ရသဖြင့် လေကြောင်းလိုင်းအသီးသီးတွင် ပျံသန်းရေးတာဝန်ထမ်းဆောင်နေသော တွဲဘက်လေယာဉ်မှူးများ အနေဖြင့် လေယာဉ်မှူးဖြစ်ရန် ပျံသန်းချိန်နာရီပြည့်မီနေသော်လည်း CATI သည် ATO မရရှိသေးတဲ့အတွက် သင်တန်းတက်ခွင့် မရသောကြောင့် လေယာဉ်မှူးတစ်ဦးဖြစ်လာစေရန် အခွင့်အလမ်းများ အချိန်ကာလအနည်းငယ် ဆုံးရှုံးခဲ့ရကြောင်း ၎င်းကပြောသည်။

"ဒါကြောင့်လည်း CATI ကို ATO အမြန်ဆုံးရရှိရေး၊ ICAO စံချိန်စံညွှန်းများနှင့် ကိုက်ညီရေးအတွက် DCA လိုင်စင်ဌာနခွဲက လုပ်ဆောင်ရမည့်အချက်များကို ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် လမ်းညွှန်ကြီးကြပ်ပြီး ပြန်လည်သုံးသပ်ကာ ATO ရရှိရေး ဆောင်ရွက်ခဲ့ကြပါတယ်။ CATI အနေဖြင့်လည်း ATO စံချိန်စံညွှန်းကိုက်ညီရေးအတွက် Training Procedures and Quality Manual (TPQM)အား ပြန်လည်ပြင်ဆင်ရေးဆွဲ၍ DCA လိုင်စင်ဌာနခွဲသို့ တင်ပြပြီး၊ DCA လိုင်စင်ဌာနခွဲက အဆင့် (၅) ဆင့်ဖြင့် တင်ပြဆောင်ရွက်ရန် ညွှန်ကြားခဲ့မှုကြောင့် ယခုအခါမှာ အဆိုပါအဆင့်များအားလုံးကိုက်ညီပြည့်စုံမှုရှိသဖြင့် အခုလို ATO ပေးအပ်ခဲ့ခြင်းဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်ကပြောသည်။

ထိုသို့ ATO ပေးအပ်နိုင်ခဲ့ခြင်းကြောင့် လေယာဉ်မှူးကြီးလိုင်စင် (ATPL) သင်တန်းကို လာမည့် (၂၃.၃.၂၀၂၀) ရက်မှစတင်ပြီး လေကြောင်းလိုင်းအသီးသီးမှ လေယာဉ်မှူး (၁၈)ဦး၊ ကာကွယ်ရေးဦးစီးချုပ်

ဆက်လက်ဖတ်ရှုပါ

# မြန်မာ့မီးရထားနှင့် စစ်ဆေးရေးကဏ္ဍ

## ရက္ခနေညို

**လုပ်ငန်းတိုးတက်ရေး စစ်ဆေးပေး**

လူ့ဘောင်လောကတွင် လူသားတိုင်းသည် ရှေးကနဦးကပင် နေ့စဉ်နှင့်အမျှ မိမိတို့၏ စားဝတ်နေရေးအတွက် တိုက်ရိုက်ဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရုန်းကန်လှုပ်ရှားနေရမြဲဖြစ်ပါသည်။ ထိုသို့လှုပ်ရှားရင်းဖြင့် မိမိတို့၏ဘဝ ထာဝရရပ်တည်ရှင်သန်နိုင်ရေးအတွက် မိမိတို့နေ့စဉ်ထိတွေ့နေသော စားရေး၊ နေရေး၊ ဝတ်ရေးတို့အပေါ် တွေးတောကြံဆကြရသည်။ စားရေးတွင် မိမိတို့စားသောက်မည့် အစားစာများကို ကျန်းမာရေးမထိခိုက်စေရေးအတွက် မြည်းစမ်းကြရသည်။ ဝတ်ရေးတွင် မိမိတို့ဝတ်ဆင်မည့်အဝတ်အထည်များကို မိမိတို့ပတ်ဝန်းကျင်ရှိရာသီဥတု၊ လူ့ဘောင်အဖွဲ့အစည်းကျင့်ဝတ်များနှင့် ညီညွတ်မှုရှိစေရေးအတွက် သုံးသပ်ကြရသည်။ နေရေးတွင် မိမိတို့နေထိုင်မည့် နေရာထိုင်ခင်းအဆောက်အအုံတို့ကို မိမိတို့ပတ်ဝန်းကျင် သဘာဝ၊ မိမိတို့ဓလေ့ထုံးစံတို့နှင့် ကိုက်ညီကောင်းမွန်ရန်အတွက် စိစစ်ကြရသည်။ ဤသို့ဖြင့် စားသောက်မည့်အစားစာများကို မြည်းစမ်းခြင်း၊ ဝတ်ဆင်မည့်အဝတ်အထည်များကို သုံးသပ်ခြင်း၊ နေထိုင်မည့် နေရာထိုင်ခင်းအဆောက်အအုံများကို စိစစ်ခြင်းတို့သည် လူနေမှုအဆင့်အတန်းတိုးတက်ကောင်းမွန်ရေးအတွက်လည်းကောင်း၊ လူ့ဘောင်ဘဝဘေးကင်း လုံခြုံရေးအတွက်လည်းကောင်း "စစ်ဆေးခြင်း (Inspection)" တည်းဟူ သောအရာကို မသိမသာမှ သိသိသာသာသို့ တရွေ့ရွေ့လုပ်ဆောင်နေခြင်းသာဖြစ်သည်။

ဤသို့ လူသားဘဝအစကနဦးကပင် ပေါ်ပေါက်လာခဲ့သော "စစ်ဆေးခြင်း" တည်းဟူသောအရာသည် မသိစိတ်မှအသိစိတ်သို့ အကြောင်းပေါ်အကျိုးဆင့်ပြီး လုပ်ဆောင်နေသောအရာသာဖြစ်ပေသည်။ ထိုသို့အကြောင်းအပေါ် အကျိုးဆင့်ပြီး လုပ်ဆောင်နေသော စစ်ဆေးခြင်းသည် ပိုမိုတိုးတတ်ကောင်းမွန် ဘေးကင်းရေးအတွက် ပြီးပြည့်စုံခြင်း၊ ပြီးစီးခြင်းဟူ၍မရှိပေ။ ဖြစ်တည်လာသော လုပ်ဆောင်ချက်များအား ဆက်လက်တိုးတက်ကောင်းမွန်စေရေးအတွက် ထပ်မံစစ်ဆေးခြင်းကို မလွဲမသွေဆောင်ရွက်နေရမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မိမိတို့တတ်နိုင်သမျှသော လူ၊ ပစ္စည်းစွမ်းအားများဖြင့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် လုပ်ငန်းဘောင်အတွင်းမှ လူ၊ ပစ္စည်းစွမ်းအားရှိသမျှဖြင့် ထိရောက်သော အကျိုးသက်ရောက်မှု ရရှိစေရန်အတွက် "စစ်ဆေးခြင်း" တည်းဟူသောအရာဖြင့် ထိန်းကျောင်းခြင်းသာဖြစ်ပါသည်။ အလားတူ မြန်မာ့မီးရထားဝန်ထမ်းများသည် မြန်မာ့မီးရထားလုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် မိမိတို့၏ လုပ်ငန်းတာဝန်များအား တော်တည့်မှန်ကန်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပစ္စည်းများလေလွင့်ဆုံးရှုံးမှုမရှိစေဘဲ စွမ်းအားပြည့်အသုံးချနိုင်ရေးတို့သည် ပဓာနကျပေသည်။ ထို့ကြောင့် ရှိသမျှ လူအင်အား၊ ရသမျှပစ္စည်း၊ စိုက်ထုတ်သမျှ ဝိရိယဉာဏ်တို့ဖြင့် ထိရောက်သောအကျိုးဖြစ်ထွန်းမှုကောင်းမွန်ရေးအတွက် စစ်ဆေးခြင်းကဏ္ဍသည် မဖြစ်မနေလိုအပ်နေပေသည်။ သို့ဖြစ်၍ လုပ်ငန်းအလိုက် တိုးတက်မှုရှိစေရေးအတွက် ထိန်းကျောင်းမှုအနေဖြင့် အမြဲမပြတ်စစ်ဆေး စိစစ်ဆောင်ရွက်နေရမည်ဖြစ်သည်။

**ဒုက္ခမပေး ပြုပြင်ပေး**

လုပ်ငန်းစစ်ဆေးရေးအဖွဲ့တို့သည် မည်သည့် လုပ်ငန်းကိုမဆို ထိန်းကျောင်းမှုအနေဖြင့် စစ်ဆေးရာတွင် စစ်ဆေးခံဌာန၊ အဖွဲ့အစည်းများအပေါ် အတိဒုက္ခရောက်စေရန်၊ ပြဿနာဖြစ်ပေါ်စေရန် စသည့်မဆွဲရှိယရည်ရွယ်ချက်များဖြင့် စစ်ဆေးနေခြင်းမျိုးမဟုတ်ပေ။ အဖွဲ့အစည်း၏ လုပ်ငန်းသဘာဝ အခြေအနေပေါ်မူတည်ပြီး ဘဏ္ဍာရေးစာရင်းများ စစ်ဆေးခြင်း(Financial Statement Audit)၊ ဥပဒေလိုက်နာမှုစစ်ဆေးခြင်း (Compliance Audit)၊ လျော်ကန်သင့်မြတ်မှုစစ်ဆေးခြင်း (Propriety Audit) နှင့် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း (Performance Audit) ဟူသော စစ်ဆေးခြင်းအမျိုးအစားတစ်မျိုးမျိုးဖြင့် ဦးစားပေးရွေးချယ်စစ်ဆေးကြခြင်းသာဖြစ်ပါသည်။ မြန်မာ့မီးရထား အဖွဲ့အစည်း၏ စီမံခန့်ခွဲရေးအပိုင်း သို့မဟုတ် တာဝန်ရှိသူများသည် မြန်မာ့မီးရထားလုပ်ငန်းများကို စနစ်တကျ နှင့် စွမ်းဆောင်ရည် ပြည့်ဝစွာ ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်ကွက်ကဲမှု ဆိုင်ရာမူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်စသည့်တို့ကို ပြဋ္ဌာန်း ထုတ်ပြန်ထားပါသည်။ ယင်းပြဋ္ဌာန်း ထုတ်ပြန်ချက်များ နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် စနစ်တကျ ရှိ/ မရှိ၊ စွမ်းဆောင်ရည်ပြည့်ဝစွာ လုပ်နိုင်/ မလုပ်နိုင်၊ ပေါင်းစပ်ဖြည့်ဆည်းပေးရန် လို/ မလို စသည် တို့ကို ရိုးရှင်းစွာကြည့်ရှုစစ်ဆေးခြင်းသာဖြစ်သည်။ ဤသို့ စစ်ဆေးရေးအဖွဲ့က ကြည့်ရှုစစ်ဆေး၍ စနစ်လစ်လပ်မှု၊ တာဝန်လစ်ဟင်းမှု၊ ချို့ယွင်းမှု၊ တိမ်းပါးမှုတွေ့ရှိပါက လုပ်ငန်းဌာနတိုးတက်ရေးအတွက် လုပ်ဆောင်ချက် ပြုပြင်လာအောင် ဖော်ထုတ်ပေးခြင်းသာဖြစ်ပါသည်။

> "မရိုးသားမှု" ဖြင့်ပြုမူဆောင်ရွက်လျှင် တစ်သက်တာလုံး ကိုယ်ကျင့်သိက္ခာများ ကျဆင်းသွားမည်ဖြစ်ပြီး . . .
>
> "ရိုးသားမှု" ဖြင့် ပြုမူဆောင်ရွက်လျှင် အသက်ရှင်သန်နေသရွေ့ကာလပတ်လုံး ဂုဏ်သိက္ခာများ ထာဝရမြင့်မားနေမည်ဖြစ်သည် . . .

တစ်နည်းအားဖြင့် စစ်ဆေးရေးအဖွဲ့က ကြည့်ရှုစစ် ဆေးခြင်းဟူသည်မှာ လုပ်ငန်းဌာနအကြီးအမှူး၏ ကိုယ်စားမျက်စိသဖွယ် ကြည့်ရှုစစ်ဆေးရပြီး ယင်းသို့ ကြည့်ရှုစစ်ဆေး၍ တွေ့မြင်ရရှိသည့် အကြောင်းအရာ၊ အချက်လက်များအပေါ် လိုအပ်ချက်များအား လုပ်ငန်းဌာနအကြီးအမှူးက စီမံခန့်ခွဲမှုပြုလုပ်ပေးနိုင်ရေးအတွက် စစ်ဆေး ဆောင်ရွက်မှုပြုလုပ်ခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် မြန်မာ့မီးရထား၊ စစ်ဆေးရေးဌာနသည်လည်း မြန်မာ့မီးရထားအဖွဲ့အစည်းအတွင်းတွင် လုပ်ငန်းဌာနများအပေါ် အောက်ပါရည်ရွယ်ချက်များကို အခြေခံပြီး ဌာနတွင်းကြီးကြပ်မှုစနစ်အနေဖြင့် လုပ်ငန်းဌာနများ တိုးတက်လာအောင် စစ်ဆေးရေးလုပ်ငန်းများအား ဆောင်ရွက်နေခြင်းသာဖြစ်ပါသည် –

(၁) နိုင်ငံတော်၏ မြန်မာ့မီးရထားဆိုင်ရာမူဝါဒ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ မြန်မာ့မီးရထားဆိုင်ရာမူဝါဒ၊ မြန်မာ့မီးရထားမူဝါဒများကို အကောင်အထည်ဖော်လိုက်နာ ဆောင်ရွက်စေရန်၊

(၂) သတ်မှတ်ပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာဆောင်ရွက်စေရန်၊

(၃) မြန်မာ့မီးရထားလုပ်ငန်းများကို ခြိုးခြံချွေတာပြီး စွမ်းဆောင်ရည်မြင့်မားစွာနှင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်၊

(၄) မြန်မာ့မီးရထားပိုင်ပစ္စည်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များကို လေလွင့်ယိုဖိတ်မှုမရှိအောင် ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(၅) မသမာမှုနှင့် မှားယွင်းမှုများကိုမဖြစ်ပေါ်အောင် ကာကွယ်ရန်နှင့် ဖြစ်ပေါ်လာပါက ဖော်ထုတ်ရန်၊

(၆) စာရင်းဇယားမှတ်တမ်း အထောက်အထားများကို စနစ်တကျတိကျ မှန်ကန်ပြည့်စုံစွာ ပြုစုထိန်းသိမ်းနိုင်စေရန်၊

(၇) ငွေကြေး၊ ပစ္စည်း၊ ဝယ်ယူမှု၊ သုံးစွဲမှု၊ ဖြန့်ဖြူးထားသိုမှု စနစ်တကျရှိစေရန်၊

(၈) စက်ခေါင်း၊ တွဲ၊ သံလမ်း၊ အချက်ပြဆက်သွယ်ရေးအန္တရာယ်ကင်းရှင်းစေရန်၊

(၉) ခရီးသည်နှင့် ကုန်စည် သွားလာပို့ဆောင်မှုအဆင်ပြေချောမွေ့စေရန်၊

(၁၀) မြန်မာ့မီးရထားဝန်ထမ်းများ စိတ်ဓာတ်နှင့် စည်းကမ်းလိုက်နာမှုကောင်းမွန်စေရန်၊

(၁၁) ဦးဆောင်ညွှန်ကြားရေးမှူးက အခါအားလျော်စွာ တာဝန်ပေးအပ်သည့်ကိစ္စရပ်များအား စစ်ဆေးအကြံပြုပေးရန်၊

(၁၂) မြန်မာ့မီးရထား၏ ပစ္စည်းနှင့်လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ရေးအတွက် အကြံပြုတင်ပြပေးရန်။

ထို့အပြင် လုပ်ငန်းအလိုက်ဆောင်ရွက်ချက်များကို စစ်ဆေးရာတွင်လည်း အောက်ဖော်ပြပါစစ်ဆေးရေးရည်မှန်းချက်များဖြင့်ထားရှိပြီး ယင်းရည်မှန်းချက်များဖြင့် အကောင်အထည်ပေါ်အောင်ဆောင်ရွက်ရခြင်းဖြစ်ပါသည် –

(၁) လုပ်ငန်းလုပ်ဆောင်ချက်များကို သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ (Compliance)၊

စာ-၉ »

»စာ-၈

(၂) လုပ်ငန်းလုပ်ဆောင်ချက်အရ သက်ဆိုင်ရာ ရည်မှန်းချက်၊ လျာထားချက် ပြည့်မြောက်၊ ပြည့်မီစေခြင်း ရှိ/ မရှိ(Effectiveness)။

(၃) လုပ်ငန်းလုပ်ဆောင်ရာတွင် ငွေ၊ ပစ္စည်း၊ လုပ်အား၊ အချိန်စသည့် သွင်းအားစုစရိတ်များ သက်သာစွာဖြင့် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ (Economy)။

(၄) လုပ်ငန်းလုပ်ဆောင်ရာတွင် လေလွင့်မှု၊ ဆုံးရှုံးမှု၊ နှောင့်နှေးကြန့်ကြာမှု စသည်တို့ပေါ်ပေါက်ခြင်း ရှိ/မရှိ (Economy)။

(၅) လုပ်ငန်းလုပ်ဆောင်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝခြင်း ရှိ/ မရှိ(Efficiency)။

ထိုသို့ မြန်မာ့မီးရထား၊ စစ်ဆေးရေးဌာနသာမက အခြားမီးရထားဌာနများကပါ မိမိတို့ဌာနတွင်းရှိ လုပ်ငန်းအလိုက် မိမိတို့ဌာနရည်ရွယ်ချက်၊ ရည်မှန်းချက်များဖြင့် သူ့ကဏ္ဍနှင့်သူ စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်နေကြရပေသည်။

**ကျင့်ဝတ်စံထား စစ်ဆေးရေးသမား**

စစ်ဆေးရေးဝန်ထမ်းများသည် မိမိတို့ဌာနအလိုက် ရည်ရွယ်ချက်၊ ရည်မှန်းချက်များဖြင့် စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စစ်ဆေးရသည့် လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများကို စနစ်မကျမှု၊ ချို့ယွင်းမှု၊ တိမ်းပါးမှုများအား ပြုပြင်လာအောင် စစ်ဆေးဆောင်ရွက်ကြရသူများဖြစ်သဖြင့် စစ်ဆေးခံလုပ်ငန်း၊ ဌာနများ အပါအဝင် အခြားအဖွဲ့အစည်းအားလုံးက ယုံကြည်ကိုးစားမှုရှိရန်လိုအပ်ပါသည်။ ယုံကြည်ကိုးစားမှု ရရှိရန်အတွက် စစ်ဆေးရေးဝန်ထမ်းများ ကိယ်တိုင်ကလည်း လူ့ကျင့်ဝတ်သိက္ခာများရှိကြရန် အဓိကကျပါသည်။ လူ့ကျင့်ဝတ်သိက္ခာများနှင့်အတူ စစ်ဆေးရေးလုပ်ငန်းခွင် ကျင့်ဝတ်သိက္ခာများကိုပါ စံအဖြစ်ထားရှိပြီး ယင်းတို့ကို ဦးထိပ်ပန်ဆင် ထာဝစဉ်လိုက်နာကျင့်ကြံရန် အရေးကြီးပါသည်။

စစ်ဆေးရေးဝန်ထမ်းများ၏ လူ့ကျင့်ဝတ်သိက္ခာရှိမှုသည် အရေးပါအရာရောက်သဖြင့် လူ့ကျင့်ဝတ်နှင့် စပ်လျဉ်း၍တင်ပြရသော် လူတို့စောင့်ထိန်းအပ်သော ကျင့်ဝတ် (Ethics) ဆိုသည်ကား ဒဿနိကစကားရပ် (Philosophical Term) တစ်လုံးဖြစ်၍ ဂရိ (Greek) ဝေါဟာရဖြစ်သော လူ့အဖွဲ့အစည်း၏လက္ခဏာ (Ethos) မှ ဆင်းသက်အသုံးပြုလာပြီး အဓိပ္ပါယ်မှာ အကျင့်စာရိတ္တ (Custom)။ ဝိသေသလက္ခဏာ (Charater) ဖြစ်သည်ဟု လေ့လာမှတ်သားခဲ့မိပါသည်။ မည်သို့ပင်လူမျိုး၊ ဘာသာအလိုက် ဝေါဟာရအနက်အဓိပ္ပါယ်ရှိစေကာမူ လူ့ကျင့်ဝတ်သည် လူ့အသိုင်းအဝိုင်းက ယုံကြည်ကိုးစားသော လူ့အမှုအကျင့်ကောင်းများဖြစ်ရန် လိုအပ်ပေသည်။ အလားတူစွာ အစိုးရလုပ်ငန်း၊ ဌာန၊ ဝန်ထမ်းအဖွဲ့အစည်းများတွင်လည်း ဝန်ထမ်းများ၏အမှုအကျင့်ကောင်းများရှိရန်လိုအပ်ပါသည်။ ထို့ကြောင့် ၁၉၅၃ ခုနှစ်ကတည်းက နိုင်ငံပေါင်း (၃၄) နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သော အပြည်ပြည်ဆိုင်ရာ စာရင်းစစ်အဖွဲ့အစည်း (International Organization of Supreme Audit Institution; INTOSAI) က စစ်ဆေးရေးလုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ပိုမို တိုးတက်ကောင်းမွန်စေရန်အတွက် လိုက်နာသင့်သည့်လမ်းညွှန်အဖြစ် အခြေခံကျင့်ဝတ်စည်းမျဉ်း (Code of Ethics) ကို အောက်ပါအတိုင်းပြဋ္ဌာန်းခဲ့ပေသည်။ မြန်မာနိုင်ငံသည်လည်း ၁၉၉၅ ခုနှစ်တွင် INTOSAI ၌ အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့ပြီး တာဝန်ရှိသူများကစစ်ဆေးရေးလုပ်ငန်းတာဝန်ထမ်းဆောင်သူများကို အောက်ဖော်ပြပါ အခြေခံကျင့်ဝတ်စည်းမျဉ်း (Code of Ethics) အား လိုက်နာဆောင်ရွက်စေခဲ့ပါသည် –

(၁)ရိုးသားမှု (Integrity)။

(၂) ဓမ္မမိဌာန်ကျမှု (Objectivity)။

(၃)ကင်းရှင်းလွတ်လပ်မှု (Independence)။

(၄)လျှို့ဝှက်ချက်ထိန်းသိမ်းမှု (Confidentiality)။

(၅)ကျွမ်းကျင်မှု (Competence)။

(၆)သတိတရားရှိမှု (Due Care)။

စစ်ဆေးရေးတာဝန်ထမ်းဆောင်နေကြသူများသည် အထက်ပါကျင့်ဝတ်စည်းမျဉ်းများကို လိုက်နာစောင့်ထိန်းကျင့်ကြံပါက မိမိတို့၏ စစ်ဆေးရေးစွမ်းဆောင်ရည် ပိုမိုမြင့်မားလာမည့်အပြင် စစ်ဆေးခံရသော လူပုဂ္ဂိုလ်၊ လုပ်ငန်းဌာနများနှင့်သာမက အခြားသော ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကပါ စစ်ဆေးရေးတာဝန်ထမ်းဆောင်နေကြသူများအပေါ် ယုံကြည်ကိုးစားမှု၊ ကြည်ညိုမှု၊ ကြည်ဖြူမှုရှိကြမည်ဖြစ်သည်။

**စစ်ဆေးသည့်အခါ ရိုးသားပါ**

စစ်ဆေးရေးဝန်ထမ်းများသည် လူမှုကျင့်ဝတ်သိက္ခာများကို ပြီးပြည့်စုံရုံသာမက စစ်ဆေးရသည့် လုပ်ငန်းဌာနများအပေါ် "ရိုးသားမှု (Integrity)" ဖြင့် ဆောင်ရွက်ရန်လည်း ပထမအရေးကြီးဆုံးဖြစ်ပါသည်။ "မရိုးသားမှု" ဖြင့် ပြုမူဆောင်ရွက်လျှင် တစ်သက်တာလုံး ကိုယ်ကျင့်သိက္ခာများကျဆင်းသွားမည်ဖြစ်ပြီး "ရိုးသားမှု" ဖြင့် ပြုမူဆောင်ရွက်လျှင် အသက်ရှင်သန်နေသရွေ့ကာလပတ်လုံး ဂုဏ်သိက္ခာများ ထာဝရမြင့်မားနေမည်ဖြစ်သည်။

ကြီးသော၊ ငယ်သော မည်သူမဆို ၎င်းတို့၏လုပ်ငန်းရပ်များမှ " မှန်ကန်မှုရှိခြင်း၊ မျှတမှုရှိခြင်း" တို့ကို ပညာရှင်တို့က "ရိုးသားခြင်း" ဟူသော ပေတံဖြင့်တိုင်းတာကြသည်။ လုပ်ငန်းများအား စစ်ဆေးရာတွင် ကင်းရှင်းလွတ်လပ်မှုရှိခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်း၊ လုပ်ငန်းခွင်အလွဲသုံးစားမှုကင်းရှင်းခြင်း၊ မိမိကိုယ်ကျိုးအတွက် အဂတိလိုက်စားမှုကင်းရှင်းခြင်း၊ အတတ်ပညာဆောင်ရွက်မှုများတွင် သတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းတို့သည် " ရိုးသားစွာ ပြုမူဆောင်ရွက်ခြင်း" ဟူသောပေတံ၏ သင်္ကေတများဖြစ်သည်ဟု သတ်မှတ်ကြသည်။ မည်သို့ပင်ဆိုစေကာမူ မိမိတို့စစ်ဆေးနေရသောလုပ်ငန်းများအပေါ် စောင့်ထိန်းအပ်သော စစ်ဆေးရေးကျင့်ဝတ်၊ ကျင့်ကြံအပ်သော မိမိတို့၏ဂုဏ်သိက္ခာ၊ ကျေပွန်စွာ ဆောင်ရွက်ရသော မိမိတို့၏လုပ်ငန်းတာဝန်တို့ဖြင့် "ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ခြင်း" သည် စစ်ဆေးခံရသည့် ပုဂ္ဂိုလ်၊ လုပ်ငန်းဌာနများနှင့် အခြားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကပါ စစ်ဆေးသူတို့အပေါ် ယုံကြည်ကိုးစားမှုရှိမည်ဖြစ်သည်။ ထို့ကြောင့် ရိုးသားဖြောင့်မတ်ခြင်းသည် အရေးပါအရာရောက်ဆုံးသော အရာဖြစ်သည်ကို စစ်ဆေးရေးဆောင်ရွက်သူတိုင်းက အမြဲသတိထားပြီး ကျင့်ဝတ်သိက္ခာများနှင့်အညီ ကျင့်ကြံဆောင်ရွက်ရန် အထူးလိုအပ်ပေသည်။

**ကျင့်ဝတ်ဖယ်ရှား မရိုးသား**

စစ်ဆေးရေးလုပ်ငန်းများတွင် ရိုးသားဖြောင့်မတ်ခြင်းသည် အရေးပါအရာရောက်ဆုံးဖြစ်သော်ငြားလည်း အချို့သောစစ်ဆေးရေးဝန်ထမ်းတို့သည် ရိုးသားဖြောင့်မတ်ခြင်းကို အလေးအနက်မထားသည့်အပြင် စစ်ဆေးရေးဝန်ထမ်းတစ်ယောက်၏ ကျင့်ကြံလိုက်နာရမည့် ကျင့်ဝတ်များကိုလည်း သိရှိအောင်မလေ့လာပေ။ လေ့လာသိရှိသော်လည်း လိုက်နာကျင့်ကြံဆောင်ရွက်ခြင်းမရှိဘဲ လစ်လျူရှုကာ ဖယ်ကြဉ်ထားကြသည်။ ဤသို့ စစ်ဆေးရေးဝန်ထမ်းအချို့သည် စစ်ဆေးရေးကျင့်ဝတ်များအား ဖယ်ကြဉ်ထားပြီး ရိုးသားဖြောင့်မတ်မှုမရှိဘဲ ဆောင်ရွက်ရခြင်းမှာ အောက်ဖော်ပြပါ အကြောင်းအရာအချို့ကြောင့် ဖြစ်ပေသည် –

(၁) စစ်ဆေးရေးဝန်ထမ်းအချို့သည် မိမိစစ်ဆေးရသည့် လူပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းမှ ကမ်းလှမ်းသည့် စစ်ဆေးရေးကျင့်ဝတ်ကို ထိခိုက်ပျက်ပြားစေသောလက်ဆောင်နှင့် လိုအပ်သည်ထက်ပိုမိုသော ဧည့်ဝတ်ကျေပွန်မှုတို့ကို လက်ခံခြင်း၊

(၂) စစ်ဆေးရေးဝန်ထမ်းအချို့သည် စစ်ဆေးရေးကျင့်ဝတ်နှင့် မညီသည့်အပြုအမူ၏ ဂယက်ရိုက်မှုအခြေအနေကို နားမလည်ခြင်း၊

(၃) စစ်ဆေးရေးဝန်ထမ်းအချို့သည် ၎င်းတို့၏ရောင့်ရဲတင်းတိမ်မှုမရှိသည့် လိုအင်ဆန္ဒသည် ကျင့်ဝတ်နှင့်အညီဆောင်ရွက်ခြင်းကို အဟန့်အတားဖြစ်နေခြင်း၊

(၄) စီမံခန့်ခွဲသူအချို့သည် မိမိတို့၏ဝန်ထမ်းကို မှန်ကန်သောလမ်းညွှန်မှုပေးရန် ခေါင်းဆောင်မှု အရည်အချင်းမရှိခြင်း၊

(၅) ကောင်းသောအလုပ်ကို လုပ်ခြင်းထက် မကောင်းသောအလုပ်ကိုလုပ်ခြင်းက အလေ့အကျင့်သဖွယ်ဖြစ်နေခြင်း။

အထက်ဖော်ပြပါ အကြောင်းခြင်းရာများကြောင့် စစ်ဆေးရေးဝန်ထမ်းအချို့သည် လုပ်ငန်းစစ်ဆေးတွေ့ရှိချက်နှင့်ပတ်သက်၍ မှန်ကန်စွာဖော်ထုတ်တင်ပြရန် ပျက်ကွက်ခြင်း၊ မျှတညီညွတ်သော ဆုံးဖြတ်ချက်ချမှတ်မှုမှ ရှောင်လွှဲခြင်း၊ စစ်ဆေးရေးကိစ္စရပ်များတွင် သြဇာလွှမ်းမိုးခံရခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

**လုပ်ရပ်မရိုးသား ကာကွယ်ထား**

စစ်ဆေးရေးလုပ်ငန်းများတွင် ကျင့်ဝတ်သိက္ခာနှင့် မညီဘဲ ရိုးသားဖြောင့်မတ်မှုမရှိသော စစ်ဆေးရေးဝန်ထမ်းအချို့၏ လုပ်ရပ်များအား ဖြစ်ပေါ်တွေ့ရှိသည်နှင့် အချိန်မီတားဆီးကာကွယ်ရန်လိုအပ်ပါသည်။ အချိန်နှင့်တစ်ပြေးညီ တားဆီးကာကွယ်နိုင်ခြင်းမရှိပါက စစ်ဆေးရေးလုပ်ငန်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ထိခိုက်ခြင်း၊ စစ်ဆေးရေးအဖွဲ့အစည်းများအပေါ် ယုံကြည်မှုအားနည်းလာခြင်း၊ စစ်ဆေးရေးအဖွဲ့၏ ဂုဏ်သိက္ခာများကျဆင်းခြင်း၊ စစ်ဆေးရေးအဖွဲ့၏ စွမ်းဆောင်ရည်များအပေါ် အဟန့်အတားဖြစ်စေခြင်း စသည့်တို့ကိုဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ကျင့်ဝတ်သိက္ခာနှင့်မညီသော၊ ရိုးသားဖြောင့်မတ်မှုမရှိသော စစ်ဆေးရေးဝန်ထမ်းအချို့၏ မသမာမှုလုပ်ရပ်များကို တားဆီးကာကွယ်ရန်အတွက် အောက်ဖော်ပြပါ တွေ့ရှိရသော တားဆီးကာကွယ်မှုဖြေရှင်းရေးနည်းလမ်းများဖြင့် ဆောင်ရွက်ရန်လိုအပ်ပေသည် –

(၁) ကျင့်ဝတ်သိက္ခာနှင့် ဆောင်ရွက်ခြင်း၏ အကျိုးတရားကို စစ်ဆေးရေးဝန်ထမ်းများအား သိရှိနားလည်စေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၂) ရှင်းလင်းပြီးပြည့်စုံသည့် လုပ်ငန်းစစ်ဆေးမှုလုပ်ထုံးလုပ်နည်းလက်စွဲများ ချမှတ်ပေးခြင်း၊

(၃) စစ်ဆေးရေးအဖွဲ့၏ ကျင့်ဝတ်သိက္ခာများကို စစ်ဆေးရေးဝန်ထမ်းများသာမက စစ်ဆေးခံရသည့် ဌာန၊ အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများ(Third Parties) သို့ သိရှိနားလည်စေရန်အသိပေးခြင်း၊

(၄) စစ်ဆေးရေးဝန်ထမ်းများအား ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းမှု ရှိ/ မရှိ အခါအားလျော်စွာ ဆန်းစစ်ခြင်း၊

(၅) စစ်ဆေးရေးကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုများအတွက် အရေးယူဆောင်ရွက်ရန် မူဝါဒ စည်းမျဉ်းများချမှတ်ခြင်း၊

(၆) စစ်ဆေးရေးစတင်ချိန်နှင့် စစ်ဆေးချိန်တို့တွင် စစ်ဆေးခံသည့်ဌာန၏ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စစ်ဆေးချက်လုပ်ငန်းများ ပူးပေါင်းကူညီမှုရှိစေရေးအတွက် စစ်ဆေးရေးအဖွဲ့အစည်း၏ ရပ်တည်ချက်ကိုအသိပေးခြင်း၊

(၇) အပြီးသတ် စစ်ဆေးတွေ့ရှိချက်များ၊ သုံးသပ်ချက်များ၊ အကြံပြုချက်များအား ဖော်ပြရေးသားမပြုလုပ်မီ စစ်ဆေးခံသည့်ဌာန အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်ဆွေးနွေးမှု (Wending up) ပြုလုပ်ခြင်းနှင့် တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များကို အပြုသဘောတုံ့ပြန်ခြင်း၊

(၈) စစ်ဆေးရေးဝန်ထမ်းများသို့ သိရှိသင့်သော သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်း။

**ဓမ္မမိဌာန် ဆောက်တည်ရန်**

စစ်ဆေးရေးဝန်ထမ်းများသည် မိမိတို့စစ်ဆေးရသည့်လုပ်ငန်းဌာနများကို စစ်ဆေးရာတွင် ဒုတိယအရေးကြီးဆုံးမှာ စစ်ဆေးသည့်လုပ်ငန်းအပေါ် "ဓမ္မမိဌာန်ကျမှု (Objectivity)" ပင်ဖြစ်ပါသည်။ စစ်ဆေးရေးဝန်ထမ်းများဆောင်ရွက်နေသော လုပ်ငန်းများသည် ဘက်လိုက်မှုမရှိသော (No bias)၊ အကျိုးစီးပွား ဝိရောဓိမဖြစ်သော (No conflicts of interests)၊ အခြားပုဂ္ဂိုလ်များ၏ သြဇာလွှမ်းမိုးမှုမရှိသော (No undue influence of others)၊ သမသမတ်ကျသော(Impartial) လုပ်ငန်းဆောင်ရွက်ချက်များ ဖြစ်ရမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ချစ်သော၊ မုန်းသောပုဂ္ဂိုလ်စွဲထားမှု၊ ဌာနစွဲထားမှုကိုမရည်စူးဘဲ မှန်ကန်မျှတခြင်းဟူသော တရားသဘောကိုရည်စူးပြီး ဆောက်တည်လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ကင်းရှင်းလွတ်လပ် ပြုကျင့်အပ်**

စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်သူတို့သည် စစ်ဆေးရသည့်လုပ်ငန်းအပေါ် ကင်းရှင်းလွတ်လပ်သည့် စိတ်ထားရှိသူဖြစ်ရမည့်အပြင် ၎င်း၏ရပ်တည်ဆောင်ရွက်ချက်များသည်လည်း "ကင်းရှင်းလွတ်လပ်မှု (Independence)" ပေါ်လွင်ထားရှိရမည်ဖြစ်ပေသည်။

စစ်ဆေးသူတို့သည် မိမိတို့စစ်ဆေးရသည့် လုပ်ငန်းဌာနများအပေါ် ဓမ္မမိဌာန်ကျမှု (Objectivity) နှင့် ကင်းရှင်းလွတ်လပ်မှု (Independence) တို့ဖြင့် ကျင့်ကြံဆောင်ရွက်သော်လည်း အောက်ဖော်ပြပါအကြောင်းအခြင်းများကြောင့် "ခြိမ်းခြောက်မှု" ဖြစ်ပေါ်စေနိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည် –

(၁) ကိုယ်တိုင်၏ အကျိုးစီးပွားပါဝင်မှု (Self-interest threat)။

(၂) ကိုယ်တိုင်ဆောင်ရွက်ပေးထားသည့် စာရင်းများကို ကိုယ်တိုင်ပြန်လည်စစ်ဆေးမှု (Self-review threat)။

(၃) ထောက်ခံအားပေးမှု (Advocacy threat)။

(၄) ရင်းနှီးကျွမ်းဝင်မှု (Familiarity threat)။

(၅) ခြိမ်းခြောက်မှု (Intimidation threat)။

**လျှို့ဝှက်ထားသော် မထုတ်ဖော်**

စစ်ဆေးရေးဝန်ထမ်းများသည် မိမိတို့၏ စစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးခံရသည့်လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းတို့နှင့်ပတ်သက်သော သတင်းအချက်အလက်များကို စစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးခံရသည့်လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းတို့၏ သဘောတူခွင့်ပြုချက်မရှိလျှင်သော်လည်းကောင်း၊ သတင်းအချက်အလက်များကို ဖော်ထုတ်ပြောဆိုရန် ဥပဒေ သို့မဟုတ် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအခွင့်အရေး သို့မဟုတ် တာဝန်မရှိလျှင်သော်လည်းကောင်း၊ ထုတ်ဖော်ပြောဆိုရန်အတွက် အများအကျိုးစီးပွားနှင့်ဆိုင်သည့် တာဝန်မဟုတ်လျှင်သော်လည်းကောင်း အခြားလူပုဂ္ဂိုလ်၊ အဖွဲ့အစည်း (Third Parties) သို့ ထုတ်ဖော်ပြောဆိုခြင်းမှ ရှောင်ကြဉ်ရမည်၊ "လျှို့ဝှက်ထိန်းသိမ်းမှု (Confidentiality)" ရှိရမည်ဖြစ်သည်။

**ကျွမ်းကျင်အရာ ပြုကျင့်ပါ**

စစ်ဆေးရေးတာဝန်ထမ်းဆောင်သူများသည် စစ်ဆေးမှုအတတ်ပညာ၊ စစ်ဆေးရေးဆိုင်ရာဗဟုသုတ၊ စစ်ဆေးရေးတာဝန်လုပ်ကိုင်နိုင်မှု၊ စွမ်းဆောင်ရည်များ၊ စစ်ဆေးရေးဝန်ထမ်းအနေဖြင့် ပြုကျင့်ရမည့်အပြုအမူများ၊ ကျင့်ဝတ်များ စသည်တို့ကို "ကျွမ်းကျင်မှု (Competence)" ရှိအောင် စဉ်ဆက်မပြတ် အမြဲတမ်းကျင့်ကြံထိန်းသိမ်းရမည်၊ လေ့လာပြုစုပျိုးထောင်ရမည်ဖြစ်ပါသည်။

**သတိတရား အလေးထား**

စစ်ဆေးသူတို့သည် စစ်ဆေးရေးလုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် စစ်ဆေးရေးဆိုင်ရာ ကျွမ်းကျင်မှုနှင့် အပြုအမူစံသတ်မှတ်ချက်များနှင့်အညီ "သတိတရားရှိမှု (Due Care)" ဖြင့် အမြဲဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သတိတရားဖြင့်ဆောင်ရွက်ရသည့်လုပ်ငန်းများအပေါ် သတိလစ်ဟင်းမှုဖြင့် ပြုမူဆောင်ရွက်မိပါက မြောက်မြားစွာနစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေတတ်သည်ကို အမြဲသတိချပ်ရမည်ဖြစ်သည်။

**ထောက်ကူပြုပေး စစ်ဆေးရေး**

ထို့ကြောင့် မြန်မာ့မီးရထား၊ စစ်ဆေးရေးဌာနသာမက ဌာနအသီးသီးရှိဝန်ထမ်းများသည် မိမိတို့လုပ်ငန်းဌာနအလိုက် ဌာနအတွင်းစစ်ဆေးရေးတာဝန်ကို ထမ်းဆောင်ကြရာတွင် မြန်မာ့မီးရထား၏ အကျိုးစီးပွားတိုးတက်ရေးကို ဦးတည်ချက်ထား၍ သတ်မှတ်ထားသော စစ်ဆေးရေးကျင့်ဝတ်စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများဖြင့် အများသူငါတို့၏ ယုံကြည်ကိုးစားမှုကိုရယူပြီး စစ်ဆေးရေးတာဝန်များကို ဝိပြင်ကျေပွန်စွာထမ်းဆောင်ကြရန် အရေးကြီးပေသည်။ ထို့သို့ထမ်းဆောင်ခြင်းဖြင့် မြန်မာ့မီးရထားဆိုင်ရာမူဝါဒများ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းများခြိုးခြံချွေတာပြီး စွမ်းဆောင်ရည်မြင့်မားလာခြင်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပစ္စည်း၊ ငွေကြေးများလေလွင့်ယိုဖိတ်မှုမရှိဘဲ အကျိုးရှိစွာသုံးစွဲလာနိုင်ခြင်း၊ မသမာမှုနှင့် မှားယွင်းမှုကာကွယ်နိုင်ခြင်း၊ ဝန်ထမ်းများ၏စိတ်ဓာတ်နှင့် စည်းကမ်းမြင့်မားလာခြင်းစသည့် အကျိုးကျေးဇူးများကို ဖြစ်ပေါ်ရရှိလာမည်ဖြစ်ပါသည်။ ထိုသို့သော အကျိုးကျေးဇူးများကို ဖြစ်ပေါ်ရရှိလာမည်ဖြစ်ပါသောကြောင့် မြန်မာ့မီးရထား၊ စစ်ဆေးရေးကဏ္ဍသည် မြန်မာ့မီးရထားတိုးတက်မြင့်မားလာရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

***ကိုးကားချက် – (၁၃၄) နှစ်မြောက် မြန်မာ့မီးရထား မဂ္ဂဇင်း၂၀၁၆ ခုနှစ် စာရင်းနှင့် စာရင်းစာရင်းစစ်ပြုပဲ့ အထိမ်းအမှတ်မဂ္ဂဇင်း။ ကကဋ္ဌေ– ကူးသန်းရောင်းဝယ်ရေးစာရင်းစစ်ဆေးခြင်း ဘာသာရပ်သင်တန်းမှတ်စု။***

# COVID-19 ၏ စီးပွားရေးအပေါ်အကျိုးသက်ရောက်မှုများ၊ နောက်ဆက်တွဲ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သုံးပွင့်ဆိုင် အစည်းအဝေးပြုလုပ်

အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်နှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လျက်ရှိသော နိုင်ငံတကာကုန်သည်ကြီးများ အသင်းနှင့် စီးပွားရေးအသင်းတို့သည် မတ်လ ၅ ရက်က တွေ့ဆုံ၍ လက်ရှိဖြစ်ပေါ်နေသော COVID-19 နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲတွင် အစိုးရဘက်မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ လူမှုဖူလုံရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှူး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အလုပ်သမားဘက်မှ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားများအဖွဲ့ချုပ်၊ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည် အလုပ်ရှင်ဘက်မှ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းနှင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပြည်ပလုပ်ငန်းရှင်များဘက်မှ COVID-19 နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရတွင် လုပ်ထုံးလုပ်နည်းစံသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်နေမှုများကို သိရှိလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ အတွေ့အကြုံများနှင့် ဆောင်ရွက်ထားရှိမှုများကို သတင်းဖလှယ်လိုကြောင်း၊ ကမ္ဘာနှင့်ချီသော ပြဿနာဖြစ်၍ တစ်ကမ္ဘာလုံးပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ Personal Hygiene၊ Travelling Policy စသည်တို့ကို လုပ်ငန်းခွင်တွင်သာမက လူမှုပတ်ဝန်းကျင်တစ်ခုလုံးကိုပါသိရှိစေရန် ဆောင်ရွက်ထားသင့်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ၎င်းတို့၏ Website ရှိ COVID-19 နှင့်ပတ်သက်သည့် ထုတ်ပြန်ချက်များကိုလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် နိုင်ငံတကာမှသိရှိစေရန် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်မှုများ ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့သည်။ အစိုးရဘက်မှ COVID-19 ၏ နောက်ဆုံးရအခြေအနေများကို ရှင်းလင်း၍ ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများရင်းပြခဲ့ပြီး အနာဂတ်တွင် အလုပ်ရှင်၊ အလုပ်သမားများနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းပြဆွေးနွေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ယခုလက်ရှိတွင် COVID-19 ရောဂါကူးစက်ခံရမှု တစ်ဦးတစ်ယောက်မှ မရှိသေးကြောင်းကို အတိအလင်းပြောကြားပြီး သတင်းအချက်အလက်များကို ဖုံးကွယ်မှုမရှိဘဲ အချိန်နှင့်တပြေးညီ ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ကြောင်းကိုပြောကြားခဲ့ပြီး အလုပ်ရှင်များဘက်မှ အလုပ်သမားများအား အကာအကွယ်ပေးရမည်ဆိုသည့် တာဝန်ရှိမှုကိုသိရှိပြီး ၎င်းတို့တာဝန်ယူဆောင်ရွက်ရာတွင် အစိုးရနှင့် အလုပ်သမားသမဂ္ဂများမှ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များမှ COVID-19 ၏ ဂယက်ရိုက်မှုကြောင့် ဖြစ်ပေါ်လာသောစီးပွားရေး၊ လူမှုရေးဆိုင်ရာ ဆိုးကျိုးများကို ရင်ဆိုင်နေရကြောင်း၊ ဤအကြပ်အတည်းကာလတွင် ယခုကဲ့သို့ လူမှုစီးပွားရေးဒုက္ခများကို ကျော်လွှားရန် ကြိုတင်ပြင်ဆင်မှုအခြေအနေများကို သုံးပွင့်ဆိုင်ပြီး ညီညီညွတ်ညွတ်ဖြင့် အတူတကွပြင်ဆင်ထားရန် လိုအပ်ကြောင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါစည်းအဝေးတွင် ယခုလတ်တလော ကြုံတွေ့နေရသော အခက်အခဲ၊ ပြဿနာများကို ရင်ဆိုင်ကျော်လွှားရန် အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင် သုံးဦးသုံးဖလှယ်မကြာခဏ တွေ့ဆုံဆွေးနွေး၍ အသေးစိတ် အဖြေရှာသွားကြမည်ဟု သဘောတူခဲ့ကြကြောင်းသိရသည်။

ES

# ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် တန်ဖိုးထားမှု ပိုမိုမြှင့်တင်လာစေရန် သင်တန်းများဖွင့်လှစ်

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာနအနေဖြင့် ဒြပ်မဲ့ယဉ်ကျေးမှု ခေါင်းစဉ်များအလိုက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့်အပြင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ အသိပညာများအား နိုင်ငံသူနိုင်ငံသားများအနေဖြင့် သိရှိလိုက်နာ တန်ဖိုးထားမှု ပိုမိုမြှင့်တင်လာစေရန် အတွက် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း ပြုစုခြင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်လျက်ရှိသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၀)ခုတို့တွင် (၁၁)ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် မတ်လ ၃ ရက်မှ ၅ရက်အထိ မကွေးတိုင်းဒေသကြီး၊ မကွေးစုပေါင်းရုံးခန်းမ၌အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းပြုစုခြင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ သင်တန်းကိုဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား မြှင့်တင်နိုင်ရေး၊ ထိန်းသိမ်းနိုင်ရေးနှင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျစာရင်းကောက်ယူ မှတ်တမ်းတင်ထိန်းသိမ်းခြင်းသည် အခြေခံကျသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ သို့မှသာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ၏ လက်ရှိဖြစ်ပေါ်လျက်ရှိသောအခြေအနေများနှင့် ပျောက်ကွယ်သွားမည့် အန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် အခြေအနေကို စိစစ်သုံးသပ်သိရှိနိုင်မည်ဖြစ်ပြီး ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကဆိုသည်။

အဆိုပါ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား စာရင်းကောက်ယူခြင်းနှင့် ထိန်းသိမ်းမြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဦးစီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍လည်းကောင်း၊ ဌာနဆိုင်ရာအသီးသီး၊ အဖွဲ့အစည်းအသီးသီးက စာရင်းကောက်ယူ မှတ်တမ်းတင်ထားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းကို လက်ခံစုစည်း၍လည်းကောင်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းများကို ကောက်ယူခြင်းအပြင် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်စွာ ဆောင်ရွက်နိုင်မည် ဟုလည်းဆိုသည်။

ES

# နိုင်ငံတကာ ဥပဒေပညာရှင် ပါမောက္ခ မစ္စတာ ဝီလျံရှေးဘတ်စ် ICJ အတွေ့အကြုံများနှင့် နိုင်ငံတကာ ဥပဒေဆိုင်ရာများကို ဟောပြော

အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် ဂမ्बီယာက စွဲထားသောအမှု၌ မြန်မာဘက်ကရှေ့နေလိုက်ပေးနေသူ နိုင်ငံတကာဥပဒေပညာရှင် ပါမောက္ခ မစ္စတာဝီလျံရှေးဘတ်စ်သည် မတ်လ ၅ ရက်က ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ICJ အတွေ့အကြုံများနှင့် နိုင်ငံတ ကာဥပဒေဆိုင်ရာများကို ဟောပြောခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားပြီး ပါမောက္ခမစ္စတာဝီလျံရှေးဘတ်စ်နှင့် ပရိသတ်များအား မိတ်ဆက်ပေးခဲ့သည်။ ထို့နောက်နိုင်ငံတကာဥပဒေပညာရှင် ပါမောက္ခမစ္စတာဝီလျံရှေးဘတ်စ်က ဥပဒေဆိုင်ရာသိကောင်းစရာများကို ဟောပြောပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဆွေးနွေး ဖြေကြားခဲ့သည်။ ယင်းဟောပြောပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ အပြည်ပြည်ဆိုင်ရာတရားရုံးနှင့် စပ်လျဉ်းသောဥပဒေရေးရာ အထောက်အကူပြုအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ပြစ်မှုတရားစီရင်ရေးနှင့်စပ်လျဉ်းသောအထူးအဖွဲ့တို့မှ တာဝန်ရှိသူများစုစုပေါင်း ၁၆၀နှင့် တက္ကသိုလ်အသီးသီးမှ ဥပဒေပညာနှင့် ဆက်စပ်သော ကျောင်းသား၊ ကျောင်းသူ ၉၈၅ ဦး တက်ရောက်ကြကြောင်းသိရသည်။

ES

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ် တားဆီးရေး တွေ့ဆုံညှိနှိုင်း

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီနှင့် UNCTFMR တို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို မတ်လ ၅ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သည့် ကော်မတီဝင်များနှင့် UNCTFMR ဘက်မှ UNICEF, UNRCO, ILO, Save the Children, UNHCR,WFP, World Vision မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့ ပထမအကြိမ်တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် ကလေးသူငယ်များ၏အကျိုးစီးပွားကို အကောင်းဆုံး အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ (၂၀၁၉)တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များကို ကာကွယ်ပေးနိုင်ရန် မိမိတို့အထူးကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ကော်မတီဖွဲ့စည်းရခြင်းအကြောင်းအရင်းမှာ မိမိတို့နိုင်ငံတွင်လက်နက်ကိုင်ပဋိပက္ခများ မချုပ်ငြိမ်းသေးသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများသည် နှစ်ရှည်လများ နှစ်ပေါင်း (၇၀) ကျော်တိုင်အောင် ဖြစ်ပွားလျက်ရှိနေပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများတွင် ပြည်သူများလုံခြုံမှုရှိစေရန် ငြိမ်းချမ်းမှုကိုဦးတည်သွားမည့်ဆောင်ရွက်မှုများကို မိမိတို့အနေဖြင့် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံအနေဖြင့် အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ပဋိပက္ခများရှိဆဲကာလတွင် ပြည်သူများလုံခြုံမှုရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူများလုံခြုံရေးရှိစေရေးဆောင်ရွက်ရာတွင် ကလေးသူငယ်များအတွက် အဓိကထား၍စဉ်းစားဆောင်ရွက်နေသည့် ကိစ္စရပ်များအား လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ ကော်မတီမဖွဲ့မီ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ရန်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ် (New Child Rights Law) သည် ၂၀၁၉ ခုနှစ်၊ ဧပြီလိုင်လတွင် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရန်လုပ်ငန်းအား အကောင်အထည်ဖော်မည် ဖြစ်သောကြောင့် ကော်မတီတစ်ရပ်အား ဖွဲ့စည်းရန်လိုအပ်ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်နှင့် ကော်မတီပေါ်ပေါက်လာပြီးဖြစ်ပါကြောင်း၊ ကော်မတီသည် ဥပဒေအား အကောင်အထည်ဖော်ရာ လည်းရောက်ရှိပါကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကြေထိခိုက်ဒဏ်ရာ ရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများအား ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြကြောင်းသိရသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်၊ ၁၆၁၂ (၂၀၀၅) နှင့် နောက်ဆက်တွဲဆုံးဖြတ်ချက်များအရ သတ်မှတ်ထားသော လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆)ရပ် (Six Grave Violations)ဖြစ်သည့် ကလေးသူငယ်များအား သေကြေထိခိုက်ဒဏ်ရာ ရစေခြင်း၊ အရွယ်မရောက်သေးသူများအား လက်နက်ကိုင်အဖွဲ့များသို့ စုဆောင်းခြင်း၊ ကျောင်းနှင့်ဆေးရုံများအား တိုက်ခိုက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်ခြင်း၊ ကလေးသူငယ်များအား ပြန်ပေးဆွဲခြင်းနှင့် ကလေးသူငယ်များအားလူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များပိတ်ပင်ခြင်းတို့မှ ကာကွယ်တားဆီးရန်အတွက် "လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ" ကို ၂၀၁၉ ခုနှစ်၊ ဧန်နဝါရီလ (၇)ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ES

# ဘူးသီးတောင်၊ မောင်တော ကွင်းဆင်းလေ့လာတွေ့ရှိချက်များ အကောင်အထည်ဖော်ရန်အစည်းအဝေးပြုလုပ်

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် နိုင်ငံတော်အစိုးရ၊ UNDP၊ UNHCR တို့အကြား ချုပ်ဆိုထာသော နားလည်မှုစာချွန်လွှာအရ သက်ဆိုင်သည့် ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ UNDP၊ UNHCRတို့မှ ကိုယ်စားလှယ်များပါဝင်သော နည်းပညာလုပ်ငန်းအဖွဲ့၏ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်း ကွင်းဆင်းလေ့လာတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မတ်လ ၄ ရက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးကိုရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစီးအောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်ဦးတိုးအောင်နှင့် UEHRD အဖွဲ့ဝင်များ၊ နည်းပညာလုပ်ငန်းအဖွဲ့ (TWG)၏ အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့အစည်းအဝေးသည် ၂၀၁၈ ခုနှစ်၊ ဇွန်လ(၆)ရက်တွင် နိုင်ငံတော်အစိုးရ၊ UNDP၊ UNHCR တို့အကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ထိုး၍ Quick Impact Project (QIPs) ကို ဆောင်ရွက်ခဲ့မှု၏ ထိရောက်အောင်မြင်မှုများကို ဆန်းစစ်ရန်ဖြစ်ကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် ဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မည့် UEHRD နှင့် နိုင်ငံတကာအဖွဲ့အစည်းများက ရလာဒ်ကောင်းများရရှိအောင် ပူးပေါင်းဆောင်ရွက်ပေးကြပါရန်တိုက်တွန်းပါကြောင်း၊ ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ အစဉ်တစိုက်ဆောင်ရွက်ရမည့် လူမှုအဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ကော်မတီတွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က နည်းပညာလုပ်ငန်းအဖွဲ့ (TWG)၏ ဆန်းစစ်အကြံပြုချက်များကို မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြခဲ့ကြပြီး UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်ဦးတိုးအောင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများဖြင့် သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရကြားတွင်လည်းကောင်း၊ ဝန်ကြီးဌာနများအချင်းချင်းသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများကို အလေးထားဆောင်ရွက်နိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် စီမံချက်များအားလုံးကို Rakhine Projects Portfolio အဖြစ်စုစည်းထားနိုင်ရေးကိစ္စများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချမ်းအေးက UNDP ၊ UNHCR တို့မှ ပေးပို့လာသည့် အစီရင်ခံစာတွေ့ရှိချက် ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ES

# True Money ၏ များများလွှဲ များများပေါက် ငွေသားကံစမ်းမဲအစီအစဉ်တွင် ပါဝင်ကံစမ်းနိုင်

True Money ၏ ငွေလွှဲငွေထုတ်ဝန်ဆောင်မှုအသုံးပြုသူများအတွက် များများလွှဲများများပေါက် ကံစမ်းမဲအစီအစဉ် မိတ်ဆက်အခမ်းအနားကို ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်ရှိ True Money ရုံးချုပ်၌ မတ်လ ၄ ရက်က စတင်မိတ်ဆက်ခဲ့ပါသည်။

True Money ၏ Head of Marketing ဒေါ်ခင်တီကြိုင်စိုးက ငွေလွှဲငွေထုတ်ဝန်ဆောင်မှု အသုံးပြုသူများအတွက် များများလွှဲ များများပေါက် ကံစမ်းမဲအစီအစဉ်ကို ဧပြီလ ၅ ရက်အထိ ငွေကျပ်နှစ်သောင်းခွဲနှင့်အထက် ငွေလွှဲတိုင်းရှေ့သားကံစမ်းမဲအစီအစဉ်တွင် ပါဝင်ကံစမ်းနိုင်မည် ဖြစ်ကြောင်းပြောသည်။

အဆိုပါကံစမ်းမဲအစီအစဉ်ကို အပတ်စဉ်ဗုဒ္ဓဟူးနေ့ ညနေ (၆)နာရီတွင် ကံထူးရှင် အယောက် (၅၀) ကို True Money Myanmar Facebook Page ပေါ်တွင် Live အစီအစဉ်ဖြင့် တစ်ဆင့်ရွေးချယ်သွားမည်ဖြစ်ပြီး ၎င်းကံထူးရှင်နံပါတ်များကို မိမိတို့ငွေလွှဲရာတွင် ရရှိလာသော SMS မှ နံပါတ် ၆ လုံးဖြင့်တိုက်၍ စစ်ဆေးနိုင်မည်ဖြစ်ကြောင်း သိရပြီး ထိုကံစမ်းမဲအစီအစဉ်မှ ရွေးချယ်ခံရသော ကံထူးရှင် တစ်ဦးချင်းစီကို ဆုကြေးငွေကျပ်တစ်သိန်း ခံစားခွင့်ရရှိမည် ဖြစ်ကြောင်း သိရသည်။

BPO

# မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ် (MYTDP) ၂၀၂၀ မှ နည်းပညာနှင့်ဆက်စပ်သည့် လုပ်ငန်းသစ်များ မွေးထုတ်ပေးနိုင်ခဲ့

မြန်မာလူငယ်နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် (MYTDP) ၂၀၂၀ ကို ကျင်းပပြီးဆုံးခဲ့ပြီဖြစ်ပြီး၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့မှ နောက်ဆုံးအဆင့်အဖြစ် ရွေးချယ်ခံထားရသည့် အဖွဲ့ ၁၀ ဖွဲ့၊ အနက်မှ အဖွဲ့ (၄)ဖွဲ့ကို အကဲဖြတ်ဒိုင်အဖွဲ့မှ စီစစ်ရွေးချယ်ခဲ့သည်။

Technopreneurship Accelerate Award ဆုများအတွက် ရွေးချယ်ခြင်းခံရသည့် အဖွဲ့များသည် ဆု ကြေးငွေအဖြစ် ကျပ်သိန်း (၁၀၀) နှင့် ကျပ်သိန်း (၈၀)အသီးသီးရရှိခဲ့ကြပြီး၊ Technopreneurship Accelerate Award (၂) ဆုအတွက် ရွေးချယ်ခံရသည့် အဖွဲ့ (၂)ဖွဲ့သည် ဆုကြေးငွေကျပ် သိန်း(၃၀)အသီးသီးရရှိခဲ့သည်။ Accelerate Award နှင့် Startup Award များ ရရှိခဲ့သည့်အဖွဲ့များသည် ဆုကြေးငွေအပြင် ထင်ရှားသောစွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ လမ်းညွှန်ပြသမှုရရှိနိုင်မည့် အခွင့်အရေး၊ Kanaung Hub Incubation စင်တာတွင် လုပ်ငန်းခွင်နေရာကို ၆ လကြာအသုံးပြုနိုင်မည့် အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းသစ်အဖြစ် စတင်တည်ထောင်နိုင်ရန် ပံ့ပိုးကူညီမှုအခွင့်အရေးများကို ရရှိသွားမည်ဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲတွင် အနိုင်ရရှိသူများကိုစိစစ်ရွေးချယ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီလ ၂၉ ရက်က ရန်ကုန်မြို့ရှိ MICT Park တွင် ကျင်းပခဲ့ကာ "အထက်မြန်မာပြည်နဲ့ အောက်မြန်မာပြည်က ပြိုင်ပွဲဝင်ခဲ့တဲ့အသင်းတွေအားလုံးနဲ့တကွ ဆန်ခါတင်အဆင့်ကို ရောက်ခဲ့တဲ့အသင်းတွေအပါအဝင် ဆုရရှိကြသူတွေအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း MPT-KSGM JO ၏ Chief Operating Officer ဖြစ်သူ Mr.Koichi Kasuya မှ ပြောကြားခဲ့သည်။

မြန်မာလူငယ်နည်းပညာ စွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် (MYTDP) ၂၀၂၀ သည် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းငယ်များကို မြေတောင်မြှောက်ပေးနေသည့် အစီအစဉ်တစ်ခုဖြစ်ကာ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်သစ်များကို ရှာဖွေရွေးချယ်ပြီး အကူအညီများပေးအပ်ကာ လူမှုစီးပွားဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းခြင်းနှင့် နည်းပညာကို အသုံးပြုပြီး ပြည်သူအများ၏ နေထိုင်မှုဘဝများကို ပြောင်းလဲလာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

HM-ဆ.သ.ရ

# "MPT Club" အစီအစဉ်သစ် စတင်

MPT က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိတ်ဖက်လုပ်ငန်းများနှင့်ပူးပေါင်း၍ ကုန်ပစ္စည်းအမှတ်တံဆိပ် (၅၀)ကျော်ဖြင့် ချိတ်ဆက်ကာ MPT ကို အစဉ်တစိုက်သုံးစွဲသူများအတွက် ပိုမိုကောင်းမွန်သော အစီအစဉ်များနှင့် အထူးအခွင့်အရေးများရရှိခံစားနိုင်စေရန် ပြန်လည်ဆန်းသစ်ထားသော "MPT Club" အစီအစဉ် အသစ်ကို ဖေဖော်ဝါရီလ ၂၅ ရက်က ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်တွင် မိတ်ဆက်လိုက်သည်။ အဆိုပါ မိတ်ဆက်ပွဲအခမ်းအနားသို့ MPT-KSGM-Jo ၏ CCO ဖြစ်သူ Mr.Reizo Umeda တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့သည်။

"MPT Club" အဖွဲ့ဝင်များသည် ၎င်းတို့၏အကျိုးခံစားခွင့်များကို အသုံးပြုနိုင်ရန်အတွက် အသုံးပြုသည့်ပမာဏအပေါ်မူတည်၍ ပွိုင့်များကိုရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် "MPT Club" အစီအစဉ်အသစ် မိတ်ဆက်ခြင်း အထိမ်းအမှတ်အဖြစ် MPT မှ "MPT Club" အဖွဲ့ဝင်များအားလုံးအတွက် အထူးအစီအစဉ်အဖြစ် ကံစမ်းမဲဆုလက်ဆောင်များကိုလည်း မဲဖောက်ပေးသွားမည်ဖြစ်သည်။

"MPT Club" ကို မိတ်ဆက်လိုက်ခြင်းသည် MPT သုံးစွဲသူများအား အသိအမှတ်ပြုကျေးဇူးတင်ပြန်သောအားဖြင့် အကျိုးခံစားခွင့်များကို အမြဲမပျက်ပေးနိုင်ရန် ပြန်လည်ပေးအပ်သွားမည့် ဝန်ဆောင်မှုခြေလှမ်းသစ်တစ်ခုပင်ဖြစ်ပြီး MPT ၏ ပြန်လည်ဆန်းသစ်ထားသော "MPT Club" အစီအစဉ်သစ်တွင် စာရင်းသွင်းသူများ၏ သုံးလစာသုံးစွဲမှုပမာဏကို ပျမ်းမျှတွက်ချက်ပြီး အဆင့်သုံးဆင့် ခွဲခြားသတ်မှတ်ပေးသွားမည်ဖြစ်သည်။ အဆင့်သတ်မှတ်ချက် ကွာခြားမှုအလိုက် ပွိုင့်ရရှိမှုနှုန်းများ၊ အကျိုးအမြတ်များနှင့် ဆုလက်ဆောင်များလည်း ကွာခြားသွားမည်ဖြစ်သည်။ Premium အဖွဲ့ဝင်အဆင့်သတ်မှတ်ချက် တစ်ကြိမ်ရရှိပါက သုံးစွဲသူသည် အထူးရပိုင်ခွင့်များကို မဆုံးရှုံးသွားစေရန် သုံးလဆက်တိုက် Premium အဖွဲ့ဝင်အဖြစ် စာရင်းဝင်မည်ဖြစ်ပြီး MPT Club ခံစားခွင့်များကို အသုံးပြုနိုင်မည်ဖြစ်သည်။ "MPT Club" အဖွဲ့ဝင်များသည် ပွိုင့်များကို *345# သို့မဟုတ် "MPT4U" အက်ပလီကေးရှင်းတွင် စစ်ဆေးသိရှိနိုင်ကြောင်းလည်း သိရှိရသည်။

HM-ဆ.သ.ရ

# မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏လုပ်ပိုင်ခွင့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးခြင်းအတွက် နိုင်ငံတကာအသိအမှတ်ပြုဆုကို အူရီဒူးမြန်မာရရှိ

အူရီဒူးမြန်မာသည် မြန်မာအမျိုးသမီးငယ်များအား လုပ်ပိုင်ခွင့်အခွင့်အလမ်းများပေးအပ်သည့် Tech Age Girls (TAG) မြန်မာအစီအစဉ်အား ပံ့ပိုးမှုနှင့်အောင်မြင်မှုရလဒ်ကောင်းများကြောင့် Stevie Awards for Women in Business 2019 ဆုချီးမြှင့်ပွဲအခမ်းအနား၌ ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း မတ်လ ၄ ရက်က ထုတ်ပြန်ကြေငြာခဲ့သည်။

ယခုနှစ်ဆုချီးမြှင့်ခြင်းအတွက် ကမ္ဘာတစ်ဝန်းမှ ဝင်ရောက်ယှဉ်ပြိုင်သူပေါင်း ၁၅၀၀ ကျော်ရှိခဲ့ပြီး၊ Tech Age Girls (TAG)အစီအစဉ်က ရွှေတံဆိပ်ဆုအတွက် ရွေးချယ်ပေးအပ်ချီးမြှင့်ခံခဲ့ရခြင်းဖြစ်ပါသည်။ Stevie Awards for Women in Business ဆုချီးမြှင့်ပွဲသည် အမျိုးသမီးအလုပ်အမှုဆောင်များနှင့် စွန့်ဦးတီထွင်သူများကို တစ်ဦးချင်းအောင်မြင်မှုများနှင့် ၎င်းတို့လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းအဖွဲ့အစည်းများ၏ အောင်မြင်မှုများအတွက် အသိအမှတ်ပြုချီးမြှင့်သည့် ကမ္ဘာလုံးဆိုင်ရာ အခမ်းအနားတစ်ခုဖြစ်သည်။ ဆုချီးမြှင့်ပွဲအား တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေနှင့်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး၊ ကျားမတန်းတူညီမျှမှု (သို့) မိမိတို့၏ လုပ်ငန်းလုပ်ဆောင်နေသည့် ပတ်ဝန်းကျင်ရှိ အမျိုးသမီးများ၏ကဏ္ဍကို အဓိကထားဆောင်ရွက်မှုတို့၏ အောင်မြင်မှုများကို အသိအမှတ်ပြုပေးအပ်ချီးမြှင့်သည့် ဆုတံဆိပ်ဖြစ်ကြောင်းသိရသည်။

"မျိုးဆက်သစ် အမျိုးသမီးငယ်လေးတွေရဲ့ သူတို့ရဲ့ပတ်ဝန်းကျင်ကို တိုးတက်ကောင်းမွန်အောင် ပြောင်းလဲဖော်ဆောင်နိုင်မယ့်သူတွေဖြစ်ပြီး မြန်မာနိုင်ငံရဲ့လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ပေးမယ့်သူတွေဖြစ်လာဖို့ကိုလည်း မျှော်လင့်ပါတယ်"ဟု အူရီဒူးမြန်မာ၏ Chief Executive Officer ဖြစ်သူ Mr. Rajeev Sethi ကပြောကြား ခဲ့သည်။

ဆက်လက်ပြီး အူရီဒူးမြန်မာသည် မြန်မာနိုင်ငံတွင် အပေါင်းလက္ခဏာဆောင်သော တိုးတက်မှုများကိုဖြစ်ပေါ်စေရန်နှင့် မြန်မာနိုင်ငံကို လူမှုအကျိုးပြုလုပ်ငန်းများ မှတစ်ဆင့် ပြန်လည်အကျိုးပြုပေးနိုင်ရန် ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ကြောင်း သိရှိရသည်။ HM-ဆ.သ.ရ

# ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို MPT ထုတ်ပြန်

MPT သုံးစွဲသူများအတွက် ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ဆောင်ချက်အသစ်များပါဝင်သော USSD *601# သို့ခေါ်ဆို၍ စစ်ဆေးနိုင်သည့်နည်းလမ်းအပါအဝင် နည်းလမ်းများစွာဖြင့် မိမိတို့၏သက်သေခံကတ်ပြားနှင့် မှတ်ပုံတင်ထားခြင်းဟုတ်၊ မဟုတ်ကို လျင်မြန်လွယ်ကူစွာဆောင်ရွက် သိရှိနိုင်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂၈ ရက်က သတင်းထုတ်ပြန်ကြေငြာခဲ့သည်။

ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာန၏ ညွှန်ကြားမှုအရ သုံးစွဲသူများသည် ဆင်းမ်ကတ်ဝယ်ယူပြီးနောက် ဆင်းမ်ကတ်များကို မိမိ၏နာမည်ဖြင့် မှတ်ပုံတင်ရန်လိုအပ်ပြီး ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းသည် မိုဘိုင်းလ်ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း (Mobile Financial Service) ဆောင်ရွက်မှုများ ပိုမိုတိုးတက်လာသည်နှင့်အမျှ အဆိုပါကိစ္စရပ်များကို လုံခြုံစိတ်ချမှုရှိစွာ ဆောင်ရွက်နိုင်ရန်နှင့် စနစ်တကျမှတ်ပုံတင်ထားခြင်းမရှိသော ဆင်းမ်ကတ်များဖြင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ကျူးလွန်သောရာဇဝတ်များကို လျှော့ချနိုင်မည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းဆောင်ရွက်ရန်အတွက် ဖော်ပြပါအချက်အလက်များဖြစ်သည့် အမည်၊ မြန်မာနိုင်ငံသားဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် မူရင်း/မိတ္တူ (နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြု/နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား)နှင့် နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ် မူရင်း/မိတ္တူတို့ လိုအပ်မည်ဖြစ်သည်။

MPT အနေဖြင့် ၎င်း၏သုံးစွဲသူများအား ဆင်းမ်ကတ်ဝယ်ယူပြီးသည်နှင့် မိမိတို့၏ဆင်းမ်ကတ်ကိုအချက်အလက်မှန်မှန်ကန်ကန်ဖြင့် မှတ်ပုံတင်ကြရန်နှင့် အခြားသောသူ၏ အချက်အလက်ဖြင့် ကြိုတင်မှတ်ပုံတင်ထားပြီးဖြစ်သည့် ဆင်းမ်ကတ်များကို ဝယ်ယူခြင်းမှ ရှောင်ကြဉ်ကြရန်တိုက်တွန်းထားပြီး MPT သုံးစွဲသူများ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းအတွက် မည်သည့်ထပ်ဆောင်းကုန်ကျစရိတ်မျှမရှိဘဲ သတ်မှတ်ထားသောနည်းလမ်းများမှတစ်ဆင့် လွယ်ကူစွာ စာရင်းသွင်းမှတ်ပုံတင်နိုင်မည်ဖြစ်သည်။

ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းကို *601# သို့ခေါ်ဆို၍စစ်ဆေးနိုင်မည့်အပြင် MPT ၏ Customer Self-care ဝက်တ်ဆိုက်ဖြစ်သည့် care.mpt.com.mm နှင့် MPT Own Shop များတွင်လည်း စစ်ဆေးနိုင်ကြောင်းသိရှိရသည်။ HM

# AIA GOAL! ဘောလုံးသင်တန်းကို Tottenham Hotspur နည်းပြများ အခမဲ့သင်တန်းပေး

ဘောလုံးအားကစားကို ချစ်မြတ်နိုးသည့် ကလေးငယ်အယောက် (၂၄၀)အား အင်္ဂလန်ပရီးမီးယားလီဂ် ထိပ်တန်း အသင်းတစ်သင်းဖြစ်သော စပါး (Tottenham Hotspur) ကလပ်အသင်းမှ နည်းပြသုံးဦးက AIA GOAL! အခမဲ့သင်တန်းကို ဖေဖော်ဝါရီလ (၂၃)ရက်က ရန်ကုန်မြို့ရှိ Yangon United လေ့ကျင့်ရေးကွင်း၌ တစ်နေ့တာပျော်ရွှင်ကစားခဲ့ကြသည်။

အဆိုပါအစီအစဉ်မှာ အသက် (၇)နှစ်မှ (၁၄)နှစ်အတွင်းရှိသည့် ကလေးငယ်များသည် လေ့ကျင့်ရေးကွင်းများထဲတွင် Yangon United ဘောလုံးအသင်းမှ ပြည်တွင်းနည်းပြများက ပံ့ပိုးကူညီကာ Tottenham Hotspur မှ ဝါရင့်နိုင်ငံတကာ နည်းပြများဖြစ်ကြသည့် Mr. Anton Blackwood၊ Ms. Shannon Moloney နှင့် Mr. Shaun Harris တို့ထံမှ လေ့ကျင့်သင်ကြားခဲ့သည်။

AIA Myanmar ၏ CEO ဖြစ်သူ Mr. Nhon Lucly က "AIA GOAL! ဟာ ပျော်ရွှင်မှု၊ တက်ကြွမှု၊ စိတ်အားထက်သန်မှုနဲ့ ကျန်းမာမှုတို့အတွက် AIA ရဲ့တက်ကြွမှုကို အပြည့်အဝရုပ်လုံးဖော်ပေးနေပါတယ်" ဟု ပြောသည်။

AIA GOAL! သည် သင်တန်းအစီအစဉ်များအပြင် ကျန်းမာရေးစစ်ဆေးမှုများကိုလည်း တစ်ခါတည်းဆောင်ရွက်ပေးခဲ့သည့်အတွက် ကလေးများနှင့် မိဘများသည် ကျန်းမာရေးဆိုင်ရာ အတိုင်ပင်ခံဆွေးနွေးချက်များကို အခမဲ့လာရောက်ဆွေးနွေးခဲ့ကြပြီး ကလေးများ၏ အာဟာရ၊ နေထိုင်မှုပုံစံနှင့်ပတ်သက်၍ မိဘများ၏ ကျန်းမာရေးအမြင် ပိုမိုကျယ်ပြန့်လာစေရန်အတွက် ကျန်းမာရေးပညာရှင်များမှ ကလေးများ၏အသက်၊ အရပ်၊ ကိုယ်အလေးချိန်ပေါ်မူတည်၍ ကျန်းမာရေးအကြံဉာဏ်များဆွေးနွေးခဲ့ကြသည်။

Market Capitalization စျေးကွက်ရှိ ရှယ်ယာတန်ဖိုးအရ ကမ္ဘာ့နံပါတ် (၁)အသက်အာမခံကုမ္ပဏီဖြစ်သည့် AIA သည် ပိုမိုကျန်းမာအသက်ရှည်ပြီး ပိုမိုကောင်းမွန်သည့် ဘဝများ ပိုင်ဆိုင်နိုင်စေရန် ရည်ရွယ်ပြီး ပိုမိုကောင်းမွန်သောအစီအစဉ်များကို ၂၀၂၀ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အခြားမြို့များတွင်လည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ BPO

# နိုင်ငံတကာ အမျိုးသမီးများနေ့ အထိမ်းအမှတ် Vietjet က (၈၃)ရာခိုင်နှုန်းအထိ လက်မှတ်ခ လျှော့ပေး

မတ်လ (၈) ရက်တွင်ကျရောက်သည့် နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ်အနေဖြင့် Vietjet လေကြောင်းလိုင်းသည် လေယာဉ်စီးနင်းသူခရီးသွားများအတွက် (အခွန်နှင့် အခြားပေးဆောင်မည့်အခများမပါဝင်ဘဲ) ပရိုမိုးရှင်းကုတ် "BOOKNOW83" ကို အသုံးပြုပါက (၈၃)ရာခိုင်နှုန်းလျှော့ဈေးရယူခံစားခွင့်၊ Skyboss လက်မှတ်များအတွက် ပရိုမိုးရှင်းကုတ် "SKYBOSS38" ကို အသုံးပြုပါက (၃၈)ရာခိုင်နှုန်းလျှော့ဈေးရယူခံစားခွင့်ရှိမည့် အစီအစဉ်တစ်ရပ်ကို ပေးအပ်ခဲ့သည်။ အဆိုပါပရိုမိုးရှင်းအစီအစဉ်ကို မတ်လ (၈)ရက်အထိ ပေးအပ်ခဲ့ပြီး ဗီယက်နမ်၊ ထိုင်းနိုင်ငံအတွင်း ပြည်တွင်းခရီးစဉ်များ၊ မြန်မာနိုင်ငံအပါအဝင် ထိုနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ်များ ပျံသန်းပြေးဆွဲနေသော နိုင်ငံများ၏ခရီးစဉ်များ အားလုံးအတွက် အသုံးပြုပေးအပ်ခဲ့သည်။

အဆိုပါပရိုမိုးရှင်းဖြင့် ဝယ်ယူထားသောလက်မှတ်များကို (ရုံးပိတ်ရက်များမပါဝင်ဘဲ) မေလ (၃၁)ရက်အထိ လေယာဉ်ခရီးစဉ်များအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ Vietjet အနေဖြင့် နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ချစ်ခင်ရသော လေယာဉ်စီးခရီးသည်များအတွက် ယခုကဲ့သို့ အထူးလျှော့ဈေးအစီအစဉ်များကို အဓိပ္ပါယ်ပြည့်ဝ၍ အံ့သြဖွယ်ရာလက်ဆောင်များအဖြစ် ပေးအပ်လိုခြင်းဖြစ်ကြောင်း သိရသည်။

အထူးဈေးနှုန်းအစီအစဉ်ဖြင့် Skyboss ခရီးသည်များသည် အထူးနာရေးခန်းများအသုံးပြုနိုင်ခြင်း၊ ဦးစားပေး Check-in ပြုလုပ်နိုင်ခြင်း၊ ဦးစားပေးအနေဖြင့် လေယာဉ်ပေါ်တက်ရောက်နိုင်ခြင်း၊ SkyBoss သီးသန့်ကားအသုံးပြုနိုင်ခြင်း၊ သက်သောင့်သက်သာရှိသော အရှေ့ခုံတန်းများ ရယူနိုင်ခြင်း၊ လေယာဉ်ပေါ်တွင် အရသာရှိသော အစားအစာ (၉)မျိုးထဲမှ မိမိစိတ်ကြိုက်ရွေး၍ အစားအသောက်များ အခမဲ့သုံးဆောင်နိုင်ခြင်း၊ (၁၀)ကီလိုဂရမ်ရှိ ခရီးဆောင်အိတ်ယူဆောင်နိုင်ခြင်း၊ (၃၀)ကီလိုဂရမ်ရှိ ခရီးဆောင်အိတ် သို့မဟုတ် ဂေါက်ရိုက်အိတ်ကို အခမဲ့ယူဆောင်နိုင်ခြင်း၊ လေယာဉ်ခရီးစဉ်ကို အခမဲ့ပြောင်းလဲနိုင်ခြင်းတို့ကဲ့သို့သော အကျိုးခံစားခွင့်များကို မိမိတို့ချစ်ခင်ရသူများနှင့်အတူ ရယူခံစားနိုင်မည်ဖြစ်သည်။

ၔင်းတို့၏လေယာဉ်လက်မှတ်များကို Vietjet ဝဘ်ဆိုဒ် www.vietjetair.com တွင်လည်းကောင်း၊ မိုဘိုင်းလ်အက်ပလီကေးရှင်း Vietjet Air တွင်လည်းကောင်း၊ Facebook လူမှုကွန်ရက် www.facebook.com/vietjetvietnam စာမျက်နှာတွင် Booking Tab ကို နှိပ်၍သော်လည်းကောင်း၊ Vietjet ၏ တရားဝင်လက်မှတ်အရောင်းဆိုင်များ၊ ရုံးများတွင်လည်းကောင်း ဝယ်ယူနိုင်မည်ဖြစ်သည်။ ငွေပေးချေမှုများကို Visa ၊ MasterCard ၊ AMEX၊ KCP ၊ UnionPay ကတ်များဖြင့် အလွယ်တကူပြုလုပ်နိုင်မည်ဖြစ်သည်။ES

# COVID-19 ကြောင့် အာရှဖွံ့ဖြိုးဆဲဒေသများအပေါ် စီးပွားရေးအရ သိသာထင်ရှားစွာ သက်ရောက်နိုင်

ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါပြန့်နှံ့မှုကြောင့် အာရှတိုက်အတွင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြည်တွင်းဝယ်လိုအား သိသာစွာကျဆင်းခြင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အလည်အပတ်ဖြင့်ဖြစ်စေ၊ အလုပ်ဖြင့်ဖြစ်စေ သွားလာကြသူအရေအတွက် ကျဆင်းလာခြင်း၊ ကုန်သွယ်ရေးနှင့် ကုန်ထုတ်လုပ်မှုအချိတ်အဆက်များ၊ ထောက်ပံ့ကုန်ပို့မှုများ အနှောက်အယှက်ဖြစ်ရခြင်းနှင့် ကျန်းမာရေးဆိုင်ရာသက်ရောက်မှု စသည့်ကဏ္ဍအစုံတွင် ထိခိုက်မှုများရှိလာနိုင်ကြောင်း အာရှဖွံ့ရေးဘဏ် (ADB) ၏ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုတစ်ခုအရ သိရှိရသည်။

ADB ၏ စီးပွားရေးပညာရှင် ချုပ် Yasuyuki Sawada က "ကိုရိုနာဗိုင်းရပ်စ် COVID-19 နဲ့ပတ်သက်လို့ကတော့ စီးပွားရေးအပေါ်သက်ရောက်နိုင်မှုအခြေအနေတွေအပါအဝင် အခြားသေချာခန့်မှန်းလို့မရတဲ့ မရေမရာအခြေအနေတွေ အများကြီးရှိပါတယ်။ ဖြစ်နိုင်ချေရှိတဲ့ဆုံးရှုံးမှုတန်ဖိုးတွေကို တွက်ချက်တဲ့နေရာမှာ အမျိုးမျိုးသောဖြစ်ရပ်အခြေနေတွေကို ထည့်သွင်းတွက်ချက်ဖို့လိုပါတယ်။ လက်ရှိပြုလုပ်ထားတဲ့ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်အနေနဲ့တော့ အစိုးရတွေကို ဒီရောဂါပြန့်နှံ့ဖြစ်ပွားခြင်းကြောင့် စီးပွားရေးနဲ့လူထုအပေါ်သက်ရောက်နိုင်မှုအခြေအနေတွေကိုရှင်းလင်းပြီး တိတိကျကျဆုံးဖြတ်ထားတဲ့ တုံ့ပြန်ချက်တွေနဲ့ တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ အထောက်အကူပြုပေးနိုင်မှာပါ" ဟုဆိုသည်။ စီးပွားရေးအရ ထိခိုက်ဆုံးရှုံးနိုင်သည့် ပမာဏများမှာမူ ရောဂါပြန့်နှံ့ဖြစ်ပွားမှုက ပြောင်းလဲဖြစ်ပေါ်နိုင်သည်ဟူသည့်အချက်အပေါ်တွင် မှီတည်နေပြီး ယင်းအခြေအနေကိုလည်း တိတိကျကျမသိရှိရသေးဘဲ ဖြစ်နေသည်။ အထက်ပါ ADB ၏ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုအရ ကမ္ဘာတစ်စန်းတွင် ဒေါ်လာ (၇၇) ဘီလျံမှ (၃၄၇) ဘီလျံအထိ သို့မဟုတ် ကမ္ဘာ့အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ (၀)ဒသမ (၁) ရာခိုင်နှုန်းမှ (၀) ဒသမ (၄) ရာခိုင်နှုန်းအထိ ထိခိုက်နိုင်သည်ဟု ခန့်မှန်းထားသည်။

ရောဂါစတင်ဖြစ်ပွားပြီးနောက် ကြေ့တင်သတိပြုကာကွယ်မှုများ လုပ်ဆောင်ခြင်းနှင့် ကန့်သတ်မှုများ၊ ခရီးသွားလာခြင်း ကန့်သတ်မှုများ အား ဇန်နဝါရီလနှောင်းပိုင်းတွင် စတင်လုပ်ဆောင်ပြီး သုံးလအကြာမှာမှ ပြန်လည်ဖြေလျှော့မှုများ စတင်လုပ်ဆောင်ပေးခြင်းတို့ကြောင့် ကမ္ဘာတစ်ဝန်းဆုံးရှုံးမှု တန်ဖိုးမှာ ဒေါ်လာ (၁၅၆)ဘီလျံ သို့မဟုတ် ကမ္ဘာ့ GDP ၏ (၀) ဒသမ (၂)ရာခိုင်နှုန်းအထိ ရောက်ရှိနိုင်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့်မူ ဆုံးရှုံးမှုတန်ဖိုးက ဒေါ်လာ (၁၀၃)ဘီလျံ သို့မဟုတ် တိုင်းပြည် GDP ၏ (၀) ဒသမ (၈)ရာခိုင်နှုန်းအထိရှိနိုင်သည်။ အခြားအာရှ၏ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ စုစုပေါင်းဆုံးရှုံးမှုတန်ဖိုးက (၂၂)ဘီလျံ သို့မဟုတ် ကမ္ဘာ့ GDP ပမာဏ၏ (၀) ဒသမ (၂)ရာခိုင်နှုန်းရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ ADB ကို ၁၉၆၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အဖွဲ့ဝင် (၆၈)ဦးရှိကာ (၄၉)ဦးမှာ ဒေသတွင်းမှဖြစ်ကြသည်။

ES

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်မှူးနှင့် ရေယာဉ်ဝန်ထမ်း (၂) ဦးအား ဂုဏ်ပြုဆုချီးမြှင့်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်မှူးနှင့် ရေယာဉ်ဝန်ထမ်း (၂)ဦးအား ဂုဏ်ပြုဆုချီးမြှင့်အခမ်းအနားကို ဖေဖော်ဝါရီလ (၂၈)ရက် နံနက်ပိုင်းတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်)၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဌေးအောင်က ဂုဏ်ပြုစကားပြောကြားရာတွင် "ဒီနေ့ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရတယ်ဆိုတဲ့ မင်္ဂလာနဲ့ပြည့်စုံတဲ့နေ့လေးတစ်ခုမှာ ကျွန်တော့်အနေနဲ့ ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်၊ ပထမဆုံး ဝန်ထမ်းတွေနဲ့တွေ့တဲ့ပွဲလေးက ဒီနေ့ပွဲလေးဖြစ်နေတဲ့အတွက် ကျွန်တော်ပိုပြီးတော့ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ အခုလို အသက်ကိုမင့်ဘဲ ကယ်ဆယ်ခဲ့၊ ဆောင်ရွက်ခဲ့တဲ့စိတ်ဓာတ်လေးတွေ အပေါ်မှာ ဂုဏ်လည်းယူပါတယ်။ ဒီစိတ်ဓာတ်လေးတွေ ပြန့်ပွားပြီးတော့ ကျန်တဲ့ဝန်ထမ်းတွေမှာလည်း ရှိစေလိုတဲ့ရည်ရွယ်ချက်နဲ့ ဒီနေ့ပွဲလေးကို ပြုလုပ်ရခြင်းဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ရည်ရွယ်ချက်အတိုင်း ဒီဝန်ထမ်းတွေကိုဂုဏ်ပြုရင်း ဒီတာဝန်သိမှု တာဝန်ယူမှု၊ နောက်လူသားဆန်တဲ့ စေတနာ၊ စွန့်လွှတ်စွန့်စားတတ်တဲ့ စိတ်အရင်းခံတွေကို ဂုဏ်ပြုရင်းနဲ့ ကျွန်တော်တို့ရဲ့ ဝန်ထမ်းများအားလုံးလည်း ဒီစိတ်ဓာတ်များပွားများပြီးတော့ ကျွန်တော်တို့ရဲ့ဌာန၊ ကျွန်တော်တို့ရဲ့ အဖွဲ့အစည်းမှာ ဒီကောင်းမွန်တဲ့ စိတ်ဓာတ်လေးတွေ လက်ဆင့်ကမ်းကြပါလို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းပါတယ်" ဟုပြောကြားခဲ့သည်။

ဇင်းနောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဌေးအောင်၊ အထွေထွေမန်နေဂျာ ဦးသီလသိမ်းနှင့် ဒုအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးစိုးမြင့်နှင့် နေပြည်တော်ကျောက်စိမ်းတည်းခိုခန်းပိုင်ရှင် ဦးခင်ထွန်းတို့က ရေယာဉ်မှူးနှင့် ရေယာဉ်ဝန်ထမ်း (၂)ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေချီးမြှင့်ခဲ့သည်။

ထို့နောက် ရေယာဉ်မှူးဦးမြင့်အေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ရေယာဉ်မှူးနှင့်တကွ ရေယာဉ်ဝန်ထမ်း (၂)ဦးတို့နှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရှိရသည်။

Transcom

# ဝူဟန်မြို့ရှိ ပညာတော်သင် မြန်မာ ကျောင်းသားများကို ပြန်လည် ခေါ်ဆောင်ခဲ့သည့် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြုပွဲကျင်းပ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့၌ သွားရောက်ပညာသင်ယူနေသည့် ပညာတော်သင်ဝန်ထမ်းများအား COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်ရန် သွားရောက်ခေါ်ယူရာတွင် Myanmar National Airline မှ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီလ (၂၇)ရက်၊ ညနေတွင် ရန်ကုန်မြို့ Gandamar Grand Ballroom ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြန်မာအမျိုးသားလေကြောင်းအမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းမှ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် "ဘယ်လိုပဲဖြစ်နေပါစေ မိသားစုစိတ်ဓာတ်နဲ့ မြန်မာအမျိုးသားလေကြောင်းလိုင်းကို ကျရာအခန်းကဏ္ဍကနေ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ထမ်းအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ နောက်ပိုင်းလည်း အခုထက်အောင်မြင်တဲ့ လေကြောင်းလိုင်းဖြစ်လာအောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေမှာပါ။ လတ်တလောအခြေအနေမှာ ဝန်ထမ်းအားလုံး တကယ်ကိုစုစုစည်းစည်းနဲ့ ရင်ဆိုင်ဖို့လိုပါတယ်။ အဲဒီအတွက်လည်း ဝန်ထမ်းအားလုံးကိုနားလည်ပေးဖို့ မေတ္တာရပ်ခံပါတယ်" ဟု ပြောကြားခဲ့သည်။

ဇင်းနောက် စေတနာ့ဝန်ထမ်းလေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် "ဒီခရီးစဉ်မှာ ဘာမှန်းမသိတဲ့ ဒီရောဂါပိုးဟာ ဘယ်လိုပုံစံဘယ်လိုနေရာက နေဝင်လာမယ်၊ ဘယ်လို ကာကွယ်ရမယ်ဆိုတာကို အစကသေသေချာချာမသိခဲ့ပါဘူး။ ဒီအတွက်လည်း ညွှန်ကြားမှုတွေပေးခဲ့တဲ့ ဆရာဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ အန္တရာယ်ကင်းကင်းနဲ့ဖြစ်အောင် ဘယ်လိုလုပ်ရမလဲ၊ ဘာတွေဆောင်ရမလဲ၊ ဘာတွေရှောင်ရမလဲဆိုတာကို လမ်းညွှန်ပေးခဲ့တဲ့အတွက် ကျွန်တော်တို့ခွန်အားတစ်ခု တွန်းအားတစ်ခုရရှိခဲ့ပါတယ်။ နောက်ပြီးတော့ အခုလိုတာဝန်ကိုထမ်းဆောင်ခွင့်ပေးခဲ့တဲ့လေကြောင်းလိုင်းက အကြီးအကဲအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ အခုလို ကျွန်တော်တို့တာဝန်ထမ်းဆောင်ခဲ့တာကို အသိအမှတ်ပြုပေးပြီး ချီးကျူးဂုဏ်ပြုတဲ့ပွဲလေးကို လုပ်ပေးတဲ့အတွက်လည်း အားလုံးရဲ့ကိုယ်စား ကျွန်တော်ကျေးဇူးအများကြီးတင်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ယင်းနောက် အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများသည် စေတနာ့ဝန်ထမ်းလေယာဉ်မှူးကြီး၊ လေယာဉ်အဖွဲ့သားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရှိရသည်။

Transcom

# ဒုတိယဝန်ကြီး ဦးကျော်မျိုး လွတ်တော် အမေးအဖြေကဏ္ဍ

Pyidaungsu Hluttaw

**ပြည်ထောင်စုလွှတ်တော်နှင့် ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုး ပြန်လည်ဖြေကြားချက်များ**

**လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် Yangon Aerodrome Co.Ltd(YACL) က ပေးသွင်းရန်ကျန်ငွေ USD (၆)သန်းနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သုံးသပ်ချက်နှင့် ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စတွန်း(ခေါ်) ဒေါက်တာအာကာမိုးနှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်တို့၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို နိုင်ငံတကာအဆင့်မီအဆင့်မြှင့်တင်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို PPP စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် YACL တို့အကြား Concession Agreement ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး YACL အနေဖြင့်မူလကစုစုပေါင်းရင်းနှီးမြှုပ်နှံရန် လျာထားသည့်ရင်းနှီးငွေ USD (၁၉၉.၅၀) သန်းမှ ရင်းနှီးငွေစုစုပေါင်း USD (၆၆ ၆.၂၀) သန်းအထိတိုးမြှင့်၍ Phase (၃)ဆင့်ခွဲပြီး ဆောင်ရွက်လျက်ရှိရာ တိုးချဲ့လုပ်ငန်းများပြီးပြတ်ရန် ကျန်ရှိနေသောကြောင့် MIC က တည်ဆောက်ရေးကာလနှစ်ကြိမ်တိုးမြှင့်ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါသည်။

ချုပ်ဆိုထားသည့် Concession Agreement အရ YACL က နိုင်ငံတော်သို့ Revenue Share အဖြစ် စာချုပ်ကာလ နှစ် (၃၀) အတွင်း ပထမ (၁၀)နှစ်တွင် စုစုပေါင်းဝင်ငွေ၏ ၅%၊ ဒုတိယ(၁၀)နှစ်တွင် စုစုပေါင်းဝင်ငွေ၏ ၁၀% နှင့် တတိယ(၁၀)နှစ်တွင် စုစုပေါင်းဝင်ငွေ၏ ၁၅% အသီးသီးပေးသွင်းသွားရမည် ဖြစ်ပါသည်။ ထို့အပြင် လေဆိပ်မြေရိယာဌာနရမ်းခ (Land Use Premium) အဖြစ် စုစုပေါင်း USD (၁၁) သန်းကိုလည်း ပေးသွင်းရမည်ဖြစ်ပါသည်။

Land Use Premium ပေးသွင်းရန် ကျန်ငွေ USD (၆)သန်းကို ဒုတိယအကြိမ်တိုးမြှင့်ထားသည့် တည်ဆောက်ရေးကာလကုန်ဆုံးသည့် (၅.၈.၂၀၂၀) ရက်တွင် တစ်ကြိမ်တည်းအကြေပေးသွင်းရန် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက YACL သို့ (၈.၁.၂၀၂၀) ရက်တွင် အကြောင်းကြားထားပြီးဖြစ်ကြောင်း ပြောကြားအပ်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ် ဆွေးနွေးခဲ့သော လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနဲ့ Pioneer Aerodrome Co.Ltd(PAS)တို့ရဲ့ အနှစ် (၃၀) ရင်းနှီးမြှုပ်နှံမှုအစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်**

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက PAS ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ခရီးသည် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန်အတွက်သာ Terminal Management Contract နှစ် (၃၀) သဘောတူစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး မတည်ရင်းနှီးငွေမှာ ကျပ် (၅.၁)ဘီလီယံနှင့် USD (၀.၅) သန်းသာရှိပါသည်။ နိုင်ငံတကာအဆင့်မီလေဆိပ်အဖြစ်သို့ အဆင့်မြှင့်တင်ပြီး ဝန်ဆောင်မှုများပေးနိုင်ရန် တင်ဒါခေါ်ယူခဲ့ပြီး လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် YACL တို့ချုပ်ဆိုခဲ့သည့် Concession Agreement အရ ပထမ (၁၀)နှစ်အတွင်း စုစုပေါင်းဝင်ငွေ၏ ၅% ကို ခွဲဝေရရှိမည်ဖြစ်သည်။

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် YACL နှင့် PPP စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ရန်ပုံငွေကျခံသုံးစွဲရခြင်းမရှိဘဲ နှစ်စဉ်ဝင်ငွေရရှိခြင်းနှင့် တိုးတက်များပြားလာသော လေကြောင်းခရီးသွားအရေအတွက်ကို ဝန်ဆောင်မှုပေးနိုင်သော လေဆိပ်အဆောက်အဦကြီးများနှင့် လေယာဉ်ရပ်နားနေရာများ တိုးတက်ဖြစ်ထွန်းလာသဖြင့် နိုင်ငံတော်အတွက် အကျိုးအမြတ်များလျော့နည်းမှုမရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးညွှန့်ဝင်းအောင်တို့အနေဖြင့် ဆွေးနွေးထားသော လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပုဂ္ဂလိကလေကြောင်းလိုင်းများဖြစ်ကြတဲ့ Air Mandalay နှင့် Asia Wings တို့၏ လေဆိပ်ခရီးသည်ဝန်ဆောင်ခများပေးသွင်းရန် ကြွေးကျန်ငွေကျပ် (၉၃.၇၀၂)သန်းအပေါ် ဒဏ်ကြေးနှင့် အတိုးသတ်မှတ်ပေးသွင်းစေရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်**

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် Air Mandalay နှင့် Asia Wings လေကြောင်းလိုင်းတို့၏ ခရီးသည်ဝန်ဆောင်ခကြွေးကျန်များ ပေးသွင်းနိုင်ရေး နှိုးဆော်အကြောင်းကြားစာများဖြင့် အကြိမ်ကြိမ်တောင်းခံခဲ့သည့်အပြင် အစည်းအဝေးခေါ်ယူ၍လည်း ခရီးသည်ဝန်ဆောင်ခကြွေးကျန်များ ပြန်လည်ပေးဆပ် မည့်အစီအစဉ် (Payment Plan) တင်ပြရန်ညွှန်ကြားခဲ့သော်လည်း တိကျခိုင်မာတဲ့ အစီအစဉ်တင်ပြလာနိုင် ခြင်းမရှိသေးသဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အကြံပြုချက်နှင့်အညီ (၂၇.၁၁. ၂၀၁၉) ရက်တွင် ကြွေးကျန်များရရှိရေးအတွက် အချိန်ကာလ (၆)လ သတ်မှတ်၍ (၃၁.၅.၂၀၂၀) ရက်နောက်ဆုံးထားပေးသွင်းရန်နှင့် ပေးသွင်းခြင်းမရှိပါက တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းများကို ခေါ်ယူအသိပေးဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားခဲ့ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က ဆွေးနွေးထားသည့် မြန်မာ့မီးရထားနှင့် မီးရထားအင်တာနေရှင်နယ်ဟိုတယ်လီမိတက် (MIHL) တို့ BOT စာချုပ်အရ နိုင်ငံတော်ကရရန်ရှိသည့် အခွန်ကြွေးကျန်များနှင့် ဒဏ်ကြေးငွေကိစ္စ ဆွေးနွေးအကြံပြုချက်အပေါ် ရှင်းလင်းတင်ပြချက်**

ရန်ကုန်မြို့အလံပြဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ မြန်မာ့မီးရထားရုံးချုပ်ဟောင်းအဆောက်အဦကို ကြယ်ငါးပွင့်အဆင့်ဟို တယ်တည်ဆောက်ရန် မြန်မာ့မီးရထားနှင့် Serge Pun & Associations Co.Ltd (SPA) တို့အကြား BOT စာချုပ်၊ မြေငှားစာချုပ်နှင့် တည်ဆောက်ရေးလုပ်ငန်းစာချုပ်တို့ကို (၁၄.၈.၁၉၉၃) ရက်တွင် ချုပ်ဆိုခဲ့ပါတယ်။ ၎င်းနောက် Meeyahta International Hotel Limited (MIHL) ကုမ္ပဏီအဖြစ် (၂၇.၉.၁၉၉၅) တွင် SPA က Deed of Assignment ဖြင့် လွှဲပြောင်းချုပ်ဆိုဆောင်ရွက်ခဲ့ပါသည်။ MIHL အနေဖြင့် (၁.၉.၁၉၉၈) ရက်တွင် ဟိုတယ်ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ ကြယ်ငါးပွင့်ဟိုတယ်အစား Grand Meeyahta Executive Residence (GMER) အဆောက်အဦကိုသာ ဖွင့်လှစ်ခဲ့သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြ၍ စာချုပ်တွင်မပါဝင်သော်လည်း မြေငှားရမ်းခအပြင် နှစ်စဉ် ၁၀%ဒဏ်ကြေး USD (၉၁,၀၁၅.၂၀) ကို ကောက်ခံခဲ့ပါသည်။ မူလငှားရမ်းထားသောမြေနှင့် FMI အဆောက်အဦဆောက်လုပ်ထားသည့် မြေများကို မူလငှားရမ်းသည့် သက်တမ်းနှစ် (၃၀) မှ နှစ် (၅၀)သို့ သက်တမ်းတိုးမြှင့်ပေးရန်နှင့် အဆိုပါမြေပေါ်တွင် မြန်မာ့မီးရထားရုံးချုပ်ဟောင်းအဆောက်အဦကို ဟိုတယ်အဖြစ် ပြောင်းလဲတည်ဆောက်ခြင်းအပါအဝင် ခေတ်မီ Redevelopment စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် (၉.၁၂.၂၀၁၃)ရက်တွင် MIHL က နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ပြီး သမ္မတရုံးမှမူအားဖြင့် သဘောတူကြောင်းနှင့် ခွင့်ပြုပေးထားပြီးသော လုပ်ငန်းဖြစ်၍ ထပ်မံတိုးချဲ့ရေးညှိနှိုင်းဆောင်ရွက်ပေးရန် ယခင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ ညွှန်ကြားခဲ့ပါသဖြင့် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်– MIC တို့ထံသို့ အဆင့်ဆင့်တင်ပြ၍ MIHL နှင့် မြန်မာ့မီးရထားတို့သည် နှစ် (၅၀)သက်တမ်းရှိ BOT စာချုပ်ကို (၂၃.၇.၂၀၁၆) ရက်တွင်ချုပ်ဆိုခဲ့သဖြင့် မူလစာချုပ်အရကောက်ခံခဲ့သည့် ဟိုတယ်ဖွင့်လှစ်မှုအတွက် နောက်ကျဒဏ်ကြေး ၁၀% ကို မြန်မာ့မီးရထားစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် အတည်ပြု၍ ကင်းလွတ်ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး (ခေါ်) သန်းစိုး (ဘောဂဗေဒ) ၏ အစိုးရနှင့်ဖက်စပ်လုပ်နေတဲ့လုပ်ငန်းတွေ အမြတ်လုံးဝမရရှိသည့်ကိစ္စနှင့် ဆက်စပ်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးအဖွဲ့အစည်းများ၏ ဖက်စပ်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဆွေးနွေးချက်များအပေါ် ရှင်းလင်းပြောကြားချက်**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အစုရှယ်ယာ ၃၇% နှင့် Sinmardev International Pte Ltd(SMD)၏ အစုရှယ်ယာ ၆၃% ဖြင့် MPA–SMD Port Ltd ဖက်စပ်ကုမ္ပဏီကို (၂၆.၅.၁၉၉၇) ရက်တွင် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် SMD ၏ အစုရှယ်ယာများကို Continental Investment Co.Ltd သို့ လွှဲပြောင်းပြီး ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများကို ဖက်စပ်စနစ်ဖြင့်ဆက်လက်ဆောင်ရွက်ရန် MIC က ၂၈.၉.၂၀၁၅ ရက်တွင် ခွင့်ပြုခဲ့ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က Continental ကုမ္ပဏီနှင့် ဖက်စပ်ဆောင်ရွက်ထားသော လုပ်ငန်းနှင့် စပ်လျဉ်း၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ အမှန်ရင်းနှီးငွေသတ်မှတ်ချက်မှာ USD (၈)သန်းဖြစ်ပြီး အဆိုပါထည့်ဝင်ငွေမှာလည်းလတ်တလောတွင်ထည့်ဝင်ရန်မလိုသေးဘဲ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးနောက် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ချိန်တွင် ဖက်စပ်ကုမ္ပဏီမှရရှိသည့် အကျိုးအမြတ်ကို ပြန်လည်ထည့်ဝင်ရမည်ဖြစ်သဖြင့် ယနေ့အချိန်ထိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ရင်းနှီးငွေထည့်ဝင်ရခြင်းမရှိသေးပါ။ တစ်ဖက်တွင် Continental Investment ကုမ္ပဏီ၏ ရင်းနှီးငွေသတ်မှတ်ချက်မှာ USD သန်း (၅၀)ဖြစ်ပြီး လက်ရှိအချိန်တွင်ထည့်ဝင်ပြီး ရင်းနှီးငွေမှာ USD သန်း (၂၀) ဖြစ်ပါသည်။

စီမံကိန်းဧရိယာအတွင်းတွင် ဘုန်းကြီးကျောင်း (၁)ကျောင်းနှင့် ကျူးကျော်နေထိုင်သူများကို ဖြေရှင်းဆောင်ရွက်နေရသဖြင့် တည်ဆောက်ရေးလုပ်ငန်းများ မပြီးစီးသေး၍ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ မဆောင်ရွက်နိုင်ခြင်းကြောင့် အကျိုးအမြတ်မရရှိခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ရာတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် စာချုပ်စတင်ချုပ်ဆိုချိန်မှ ယနေ့အချိန်အထိ အကျိုးအမြတ်ခွဲဝေမှုမရရှိခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုထည့်ဝင်ထားခြင်းမရှိသေးဘဲ စာချုပ်သက်တမ်းမှာ မကြာမီကာလအတွင်း သက်တမ်းကုန်ဆုံးမည်ဖြစ်၍ သက်တမ်းကုန်ဆုံးပါက Continental Investment ကုမ္ပဏီက လက်ရှိရင်းနှီးမြှုပ်နှံထားသည့်ပစ္စည်းများကို အစုရှယ်ယာရာခိုင်နှုန်းအတိုင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ခွဲဝေရရှိမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားအပ်ပါသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ Myanma Shipyards–Dong A Joint Venture Co.Ltd ဖက်စပ်ကုမ္ပဏီတည်ထောင်ရန် MIC က (၂၃.၁၂.၂၀၁၄) ရက်တွင်ခွင့်ပြုခဲ့ပြီး ဖက်စပ်သဘောတူစာချုပ်ကို (၃၁.၁.၂၀၁၅) ရက်တွင် ရေးထိုးခဲ့သော်လည်း ဌာန၏ပိုင်ဆိုင်မှုများလွှဲပြောင်းနိုင်ရေးအတွက် ခွင့်ပြုချက်ရရှိရေးဆောင်ရွက်နေရသောကြောင့် (၁.၁၀. ၂၀၁၅) ရက်တွင်မှ ဖက်စပ်ကုမ္ပဏီ၏လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က (၁.၉.၂၀၁၇) ရက်တွင်ခွင့်ပြုခဲ့သဖြင့် Myanma Shipyards–Dong A Joint Venture Company Limited မှ Myanma Shipyards–AMECC Joint Venture Company Limited သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ ဖက်စပ်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံထားသော USD (၈၉.၅)သန်းမှာ မြန်မာ့သင်္ဘောကျင်း လုပ်ငန်းအနေနဲ့ ငွေကြေးဖြင့်ထည့်ဝင်ထားခြင်းမဟုတ်ဘဲ လက်ရှိလွန်းကျင်းအတွက် အသုံးပြုလျှက်ရှိသော မြေ (၇၂)ဧကနှင့် မြေလွတ်(၁၉)ဧက စုစုပေါင်း (၉၁)ဧက၏ နှစ် (၅၀)အတွက် ကြိုတင်တောင်းခံထားသော မြေငှားရမ်းခ USD (၈၂.၈၆၂) သန်းနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းစတင်တည်ထောင်ခဲ့သည့် လွန်ခဲ့သောနှစ် (၄၀) ကျော်ကာလမှ စတင်အသုံးပြုခဲ့သော အဆောက်အအုံနှင့် စက်ယန္တယားများ၏ တန်ဘိုးကာလပေါက်ဈေး USD (၆.၆၃၈) သန်းတို့ကို ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံတကာအဆင့်အတန်းမီ တန်ဘိုးသတ်မှတ်တွက်ချက်သည့် အတိုင်ပင်ခံကုမ္ပဏီဖြစ်သော A.I.Network (Thailand) Co.Ltd ဖြင့် တွက်ချက်၍ တန်ဘိုးသင့်ထည့်ဝင်ထားခြင်းဖြစ်ပါသည်။

ဖက်စပ်ကုမ္ပဏီတည်ထောင်ရန် MIC သို့ တင်ပြခဲ့သည့် တည်ဆောက်ရေးကာလမှာ (၄)နှစ် (၆)လနှင့် အရင်းကြေကာလ (၁၈)နှစ် (၇)လဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအမျိုးအစားတွင် သင်္ဘောများတည်ဆောက်ပြုပြင်သည့် သင်္ဘောကျင်းလုပ်ငန်းအပြင် ယင်းနှင့်ဆက်စပ်လုပ်ငန်းဖြစ်သည့် Steel Structure ထုတ်လုပ်သည့် လုပ်ငန်းကိုပါ ထပ်မံပြင်ဆင်ဖြည့်စွက်ခဲ့သဖြင့် MIC က (၁၄.၆.၂၀၁၉) ရက်တွင် MS–AMECC ဖက်စပ်ကုမ္ပဏီ၏တည်ဆောက်မှုကာလကို (၂၂.၆.၂၀၂၁) ရက်အထိ (၂) နှစ် ထပ်မံတိုးမြှင့်ပြင်ဆင်ခွင့်ပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဖက်စပ်ကုမ္ပဏီ၏ တည်ဆောက်ရေးကာလကုန်ဆုံးမည့် ၂၀၂၁ ခုနှစ် ဇွန်လတွင် စီးပွားဖြစ်ကာလအဖြစ် စတင်ဆောင်ရွက်မည့်နောက်ပိုင်းတွင် အမြတ်စတင်ရရှိနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူဆောင်ရွက်လျက်ရှိသည့် အမြစိမ်း ကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီနှင့် စန်းရောင်နီကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီတို့အနေဖြင့် ရင်းနှီးငွေအပြည့်အဝထည့်ဝင်နိုင်မှုမရှိခြင်း၊ အမြတ်မရရှိသေးခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ကုန်းလမ်းပို့ဆောင်ရေးနှင့် အမြစိမ်းမှန်ကန်သောဝန်ဆောင်မှု ကုမ္ပဏီလီမိတက်တို့သည် အမြစိမ်း ကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီအမည်ဖြင့် ဖက်စပ်ကုမ္ပဏီကို (၂၈.၄.၂၀၁၄) ရက်တွင် စာချုပ်ချုပ်ဆို၍ စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး မတည်ရင်းနှီးငွေအဖြစ် ကုန်းလမ်းပို့ဆောင်ရေးက ၃၀% ဖြစ်သော ကျပ်သန်း (၃,၀၆၀) ကို ဌာန၏ မြေငှားရမ်းခအနေဖြင့်လည်းကောင်း၊ အမြစိမ်းမှန်ကန်သောဝန်ဆောင်မှု ကုမ္ပဏီလီမိတက်က ၇၀% ဖြစ်သော ကျပ်သန်း (၇,၁၄၀)ကိုလည်းကောင်း အသီးသီးထည့်ဝင်ပြီး မြို့တွင်းပြေးဘတ်စ်ကားနှင့် အဝေးပြေး မော်တော်ယာဉ်များပြေးဆွဲခြင်း၊ မော်တော်ယာဉ်ပြင်ဆင်ထိန်းသိမ်းရေးနှင့် စစ်ဆေးရေးအလုပ်ရုံများ ဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့် အခြားပို့ဆောင်ရေးနှင့်ဆက်စပ်သည့်လုပ်ငန်းများ ဆောင်ရွက်

၈–၂၀ »




# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ အိန္ဒိယခရီးစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီရမ်နက်သ်ကိုဗင့်ဒ်၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် ဖေဖော်ဝါရီလ ၂၆ ရက်၊ နံနက် (၁၁) နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး ဒေါ်ခင်စောမူ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Dr. Sumit Seth နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညီပု၊ နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါသွားကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၊ Palam လေတပ်စခန်းသို့ ရောက်ရှိကြရာ အိန္ဒိယသမ္မတနိုင်ငံ အစားအသောက်ထုတ်လုပ်ရေး စက်မှုလုပ်ငန်းဆိုင်ရာ ဒုတိယဝန်ကြီး ရှရီရာမစ်ရ်ဝါတီလီ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့်ဇနီး၊ မြန်မာစစ်သံမှူးဗိုလ်မှူးချုပ် သိန်းဇော်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမားနှင့် ဇနီး၊ မြန်မာသံရုံးနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက Palam လေတပ်စခန်း၌ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Taj Palace Hotel သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် အဖွဲ့ဝင်များနှင့်အတူ နယူးဒေလီမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်ပြီး မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံရုံးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များမှာကြားကာ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ အတွက် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ဖေဖော်ဝါရီလ ၂၇ ရက်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာအား ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် Taj Palace Hotel ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာ- အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်၊ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် အဂရာမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ရာ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ (၇)နာရီ (၁၅) မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့သည် နယူးဒေလီမြို့ရှိ အက်ခ်ရှာဒါမ်ဟိန္ဒူဘုရားကျောင်းနှင့် မဟတ္တမဂန္ဓီဗိမာန်၊ အဂရာမြို့ရှိ တာဂျ်မဟာ၊ ဗုဒ္ဓဂါယာရှိ မဟာဗောဓိစေတီ၊ သတ္တသတ္တာဟ (၇)ဌာနနှင့် ဗောဓိညောင်ပင်၊ ဂါယာမြို့ရှိ မင်းတုန်းမင်းကျောက်စာနှင့် ရှေးဟောင်းသုတေသနပြတိုက်အပါအဝင် အိန္ဒိယနိုင်ငံရှိ သမိုင်း၊ ယဉ်ကျေးမှုရှေ့ရှုချည်ထိုးနှင့် ကျောက်ထွင်းကျောက်စီ အလုပ်ရုံပြခန်းတို့သို့လည်း သွားရောက်လေ့လာခဲ့သည်။

MOTC

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် သြစတြေးလျှနိုင်ငံ သံအမတ်ကြီး လက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျှနိုင်ငံ သံအမတ်ကြီးဖြစ်သူ H.E Ms. Andrea Faulkner အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၅)၊ နေပြည်တော်၌ မတ်လ (၃)ရက်၊ မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများအား ရှင်းလင်းဆွေးနွေးပြီး နှစ်ဘက်ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းဆိုင်ရာများအား ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။

Transcom

# "ပြိုင်လျှင်နိုင်ရမည်၊ နိုင်အောင်လည်း ပြိုင်မည်" စိတ်ဓာတ်ဖြင့် ပို့/ ဆက်အသင်း ဒုတိယဆု ဆွတ်ခူး

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲသည် ဝန်ကြီးဌာန အချင်းချင်း ခင်မင်မှုတိုးပွားစေရန် အနိုင်မခံအရှုံးမပေးသော စိတ်ဓာတ်ရှိစေရန်၊ ကာလဒေသနှင့်ကိုက်ညီစွာ စုပေါင်းအင်အားကိုပြသနိုင်စေရန် ရည်ရွယ်ကျင်းပသည့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဗျော်ပွဲရွှင်ပွဲကို ဝန်ကြီးဌာနကိုယ်စား ဝင်ရောက်ယှဉ်ပြိုင်ရန် ပြည်ထောင်စု ဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ဒုတိယအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲဝင်အသင်းသည် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ကိုခံယူကာ ပြိုင်ပွဲဝင်အသင်းသားများ ဆောင်ပုဒ်တစ်ခုချမှတ်ကာ "ပြိုင်လျှင်နိုင်ရမည်၊ နိုင်အောင်လည်းပြိုင်မည်" ဟု ဆောင်ပုဒ်ချကာ ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အတွက် ယခုပြိုင်ပွဲတွင် ဒုတိယဆုကို ထိုက်တန်စွာ ဆွတ်ခူးရရှိခြင်းလည်းဖြစ်သည်။

ဝန်ကြီးဌာနကိုယ်စား ဝင်ပြိုင်ရမည့်အသင်းတစ်သင်းဖြစ်သည်နှင့်အညီ ပြိုင်ပွဲတွင်အောင်နိုင်ရေးအတွက် ကြိုတင်အစီအမံများထားရှိကာ အောင်နိုင်ရေးဆပ်ကော်မ ပြိုင်ပွဲဝင်အသင်းသားများရွေးချယ်ခြင်း၊ အသုံးပြုမည့်သတ်မှတ်ပစ္စည်းများ ဝယ်ယူခြင်းနှင့် တူညီဝတ်စုံများ ပြင်ဆင်ခြင်းများအပြင် ယခုဒုတိယအကြိမ် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ လိုက်နာရမည့်စည်းကမ်းချက်များ၊ အမှတ်ပေးစည်းမျဉ်းများ၊ လှုပ်ရှားမှုနှင့် အချိန်အမှတ်ပေးခြင်း၊ အရည်အသွေးအမှတ်ပေးခြင်း စသည့်အချက်များအပေါ်အခြေခံကာ လေ့ကျင့်သားပြည့်ဝစေရန် လေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပသည့် အားကစားကွင်းအတွင်း ဝင်လာသည်နှင့် စိတ်လှုပ်ရှားမိသည်။ အဖွဲ့ခေါင်းဆောင်အဖြစ် ဦးစန်းနိုင်နှင့်အဖွဲ့ဝင် (၇) ဦးတို့က သတ်မှတ်နေရာတွင် နေရာယူလိုက်ပြီး မိမိအပါအဝင် ပြိုင်ပွဲအသင်းသားများနှင့်စုဝေးကာ ပို့/ ဆက်သားကောင်းများစိတ်ဓာတ်ဖြင့် အပေါင်းအစုမှ အောမြင့်မှသို့ တက်လှမ်းနိုင်မည်ဖြစ်ကာ တက်ညီလက်ညီကြိုးစားလျှင် အောင်မြင်မှုပန်းတိုင်သည် မဝေးလှသော အချိန်တိုအတွင်းရောက်ရှိမည်ဟု ခံယူထားပြီး ကျောင်းအုပ်ကြီးကလည်း မိမိတို့ပြိုင်ပွဲဝင်အသင်းအား မိန့်မှာလေ့ရှိသည့်စကားတွင် ပြိုင်ပွဲသည်အနိုင်နှင့်အရှုံး နှစ်မျိုးရှိကာ အရှုံးထဲကအမြတ်ထွက်အောင် ကြိုးစားယှဉ်ပြိုင်ကြရန် မှာကြားလေ့ရှိသည့်စကားတွင် ပြိုင်ပွဲများယှဉ်ပြိုင်ပြီးလျှင် ပို့/ ဆက် ကျောင်းသားများအား မှာကြားလေ့ရှိသည့်စကားကို မိမိတို့စိတ်အစဉ်တွင် မြင်ယောင်မိသည်။ "ပြိုင်လျှင်နိုင်ရမည်၊ နိုင်အောင်လည်းပြိုင်မည်" စိတ်ဓာတ်ဖြင့် ကြိုးစားယှဉ်ပြိုင်လျှင် အောင်မြင်မှုပန်းတိုင်သည် မဝေးတော့ကြောင်း မြင်ယောင်မိသည်။

မိမိတို့အဖွဲ့သည် အမှတ်စဉ် ၁၉ တွင်နေရာယူကာ ဘေးတစ်ဖက်တစ်ချက်တွင် အမှတ်စဉ် ၁၈ လူမှု ဝန်ထမ်းကယ်ဆယ်ရေး ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ အမှတ်စဉ် ၂၀ တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းများလည်း ယှဉ်ပြိုင်ရန်နေရာယူပြီးဖြစ်ကာ ပြိုင်ပွဲကျင်းပရေးကော်မတီက သတ်မှတ်ထားသည့် ပစ္စည်းများဖြစ်သည့် ကောက်ညှင်းဆန်၊ မြေပဲဆီ၊ နှမ်းနက်၊ နှမ်းဖြူ၊ အုန်းသီးကြော်၊ ချင်း၊ ဆား၊ သကြား၊ ပဲဆီ၊ ထင်း၊ ထင်းရှူးဆီ- မီးခြစ်များကို တစ်ဖက်အသင်းသားများနည်းတူပြင်ဆင်ကာ ဒိုင်လှုကြီး၏ အချက်ပေးခရာသံကို အသင့်အနေအထား အသင်းသားများအားမှာကြားကာစောင့်ဆိုင်းနေကြသည်။

ပြိုင်ပွဲကျင်းပရေးကော်မတီက အချိန်ဇယားသတ်မှတ်ထားကာ အမှတ်ပေးစည်းမျဉ်းတွင် ရမှတ် ၁၀ မှတ် သတ်မှတ်ကာ ၄၅ မိနစ်အတွင်း ပြီးစီးသောအသင်းကို ရမှတ် ၁၀ မှတ် သတ်မှတ်ပြီး ၄၅ မိနစ်မှ ၅၀ မိနစ်အတွင်းပြီးစီးသည့် ပြိုင်ပွဲဝင်အသင်းအတွက် ရမှတ် ၈ မှတ် သတ်မှတ်ပြီး မိနစ် ၅၀ မှ ၅၅ မိနစ်ကို ၆ မှတ် သတ်မှတ်ထားကာ ၅၅ မိနစ်နှင့် ၆၀ မိနစ်အတွင်း ပြီးစီးသည့်အသင်းကို ရမှတ် ၄ မှတ် သတ်မှတ်ပြီး မိနစ် ၆၀ အထက် အသင်းများကို ရမှတ် ၂ မှတ်ပေးထားကာ ပြိုင်ပွဲဝင်စေခြင်းဖြစ်သည်။

ပြိုင်ပွဲကျင်းပပြီးစီး၍ ပြိုင်ပွဲကျင်းပရေးကော်မတီက ဆုများချီးမြှင့်ရန် ကြေညာသည့်အခါ မိမိတို့ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း ဒုတိယဆုကိုချီးမြှင့်ခံရသည်ဟု သက်ဆိုင်ရာဒိုင်လှုကြီးက ကြေညာရာ မိမိတို့အသင်း ဗျော်ရွှင်ကြည်နူး ဝမ်းသာပီတိဖြစ်ခဲ့ရကြောင်း ပြောပြခဲ့ပြီး မိမိတို့ယှဉ်ပြိုင်စဉ် အားပေးခဲ့ကြသော ဝန်ကြီးဌာနမိသားစုများကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးဌာနကိုယ်စားပြု ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းအသင်းအနေဖြင့် ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်က ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဗျော်ပွဲရွှင်ပွဲကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဒုတိယအမြတမ်းအတွင်းဝန် (ရထား) တို့လမ်းညွှန်မှာကြားချက်များကို အလေးထားလိုက်နာခြင်း၊ ပြိုင်ပွဲဝင်အသင်းများအတွက် သတ်မှတ်ထားသည့် စည်းမျဉ်း/ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းအပြင် ပြိုင်ပွဲဝင်အသင်းသားများ ကြိုးစားဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ပြိုင်ပွဲဝင် ၂၂ သင်းအနက် ဒုတိယဆုကို ထိုက်တန်စွာ ချီးမြှင့်ခံရခြင်းမှာ ကြိုးစားမှုရလဒ်၏ အောင်မြင်ရေးစိတ်ဓာတ်ကို အရင်းခံခဲ့ခြင်းက ယခုဆုကိုထိုက်တန်စွာရရှိခဲ့ခြင်းဖြစ်သည်။

HM (ဆသရ)

# မြန်မာအမျိုးသားလေကြောင်းလိုင်း Website မှ ပြည်တွင်း/ ပြည်ပခရီးစဉ်များအတွက် ကျပ်ငွေဖြင့် စတင်ရောင်းချ၊ မတ်လ ၆ ရက်မှ ဧပြီလ ၄ ရက်အတွင်း အထူးလျှော့ဈေး ၁၅ ရာခိုင်နှုန်းရရှိမည်

မတ်လ (၅)ရက်မှစတင်၍ မြန်မာအမျိုးသားလေကြောင်း၏ website ဖြစ်သော www.flymna.com တွင် ပြည်တွင်း၊ ပြည်ပခရီးစဉ်များကို မြန်မာနိုင်ငံသားများအတွက် မြန်မာကျပ်ဖြင့် စတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်းသတင်းရရှိပါသည်။ မကြာမီ မြန်မာအမျိုးသားလေကြောင်း Mobile Application တွင်လည်း မြန်မာငွေဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

website ပေါ်တွင် ခရီးစဉ်ရွေးချယ်သောအခါ Local ခလုတ်ကိုနှိပ်၍ မြန်မာကျပ် (MMK) ဖြင့် ကြည့်ရှုနိုင်ပြီး Foreigner ခလုတ်ကိုနှိပ်၍ USD ဖြင့်လည်း ခရီးစဉ်ဈေးနှုန်းများကို ကြည့်ရှုနိုင်မှာဖြစ်ပါသည်။

မတ်လ ၆ ရက်မှ ဧပြီ ၄ ရက်အတွင်း မြန်မာအမျိုးသားလေကြောင်းလိုင်း website တွင် လေယာဉ်လက်မှတ်ဝယ်ယူသော ခရီးသည်များသည် အထူးလျှော့ဈေး ၁၅ ရာခိုင်နှုန်း ခံစားခွင့်ရရှိမည်ဟုလည်း သိရှိရသည်။ ခရီးသွားကာလကို ၂၀၂၀ ခုနှစ်၊ မတ်လ ၆ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ သတ်မှတ်ထားပြီး မြန်မာကျပ် (MMK) ငွေပေးချေမှုကို 123 Service နှင့် MPU card များဖြင့် ပြုလုပ်နိုင်မည်ဖြစ်သည်။

Transcom

# မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဒုတိယအကြိမ် Full- Scale Emergency Exercises ဆောင်ရွက်

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် MC- Jalux Airport Service Co., Ltd သည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန၏ Myanmar Civil Aviation Requierments MCAR-Part139.109 အရ ဒုတိယအကြိမ် Full- Scale Emergency Exercises အား အရေးပေါ်ဖြစ်ပွားချိန်တွင်ပါဝင်ရမည့် အဖွဲ့အစည်းအသီးသီးပါဝင်လျှက် ဖေဖော်ဝါရီလ (၂၈) ရက်၊ နံနက် (၁)နာရီခွဲတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ Full- Scale Emergency Exercises လေ့ကျင့်ခန်း၌ အားဖြည့်ပါဝင်သောအဖွဲ့အစည်းများမှာ လေကြောင်းရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့များ၊ ကျောက်ဆည်ခရိုင်မီးသတ် ခရိုင်မီးသတ်မှူး၏ဦးဆောင်မှုဖြင့် တံတားဦးမြို့နယ်မှ မီးသတ်ယာဉ်တစ်စီး၊ လေတပ်ဆွယ် (တံတားဦး)မှ မီးသတ်ယာဉ်တစ်စီး၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် MC- Jalux Airport Services Co.Ltd မှ မီးသတ်ယာဉ် (၂)စီးနှင့် Ambulance ယာဉ်တစ်စီး၊ တံတားဦးမြို့နယ် ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးဦးစီးသည့် Ambulance ယာဉ်တစ်စီး၊ တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူး၏ စီမံမှုဖြင့် Ambulance ယာဉ် (၂)စီး၊ မြန်မာ့လူမှုကယ်ဆယ်ရေးအသင်း (Myanmar Rescue Federation) မှ Ambulance ယာဉ် (၄)စီး၊ ရေခါးကျေးရွာနှင့် သားများဘကျေးရွာလူမှုရေးအသင်းတို့မှ Ambulance ယာဉ်တစ်စီးစီတို့ဖြင့် အားဖြည့်ပါဝင်၍ လေ့ကျင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လေ့ကျင့်ခန်းဆောင်ရွက်ခဲ့သည့်ဖြစ်စဉ်မှ ပုံမှန်ဆင်းသက်လျှက်ရှိသော Flight No. XYY သည် လေကြောင်းထိန်း (ATC) သို့ အကြောင်းကြားခဲ့ပြီး လေကြောင်းထိန်း (ATC)မှ Operation Control Center နှင့် လေယာဉ်အသက်ကယ်နှင့် မီးသတ်ဌာနသို့ Airport Emergency Plan အရ အကြောင်းကြားခြင်း၊ Operation Contorl Center မှ Emergency Operation Center (EOC) အား Activate ပြုလုပ်၍ Emergency Notification Chart တွင်ပါဝင်သည့် အရေးပေါ်ဆက်သွယ်ရမည့် Contact Number များ သို့ဆက်သွယ်ခြင်း၊ Quick Response Emergency Handbook တွင်ပါဝင်သည့် EOC အဖွဲ့များအား အကြောင်းကြားခြင်း၊ လေယာဉ်အသက်ကယ်နှင့် မီးသတ်ဌာနမှ မီးသတ်များနေရာယူခြင်း၊ MOU ရေးထိုးထားသော ပြင်ပအကူအညီပေးရေးအဖွဲ့များအား ဆက်သွယ်အကူအညီတောင်းခံဆောင်ရွက်ခြင်း၊ အရေးပေါ်လေယာဉ်ဆင်းသက်ပြီးချိန်တွင် မီးငြိမ်းသတ်ခြင်း၊ အသက်ကယ်ခြင်း၊ ခရီးသည်များအား လေယာဉ်အတွင်းမှ ကယ်ထုတ်ခြင်း၊ Medical Group မှ ယာယီ Triage Tent များ တည်ဆောက်၍ လူနာများအား အရေးပေါ်ပြုစုခြင်းနှင့် လူနာအဆင့်အတန်းခွဲခြားခြင်း၊ အနီရောင်သတ်မှတ်ထားသော လူနာများအား Ambulance ယာဉ်များမှ ဆေးရုံများသို့ချက်ခြင်းပို့ဆောင်ခြင်း၊ အဝါရောင်သတ်မှတ်ထားသော လူနာများအား Ambulance ယာဉ်စောင့်ဆိုင်း၍ ရှေးဦးသူနာပြုနည်းများဖြင့် ပြုစုထားခြင်း၊ အစိမ်းရောင်သတ်မှတ်ထားသောခရီးသည်များအား Uninjured passenger သတ်မှတ်ထားသော အခန်း၌ Traffic Group မှ ပြုစုခြင်း၊ စာရင်းကောက်ယူခြင်း၊ ခရီးသည်များ၏လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ Family Group မှ ခရီးသည်များအား လာရောက်ကြိုဆိုသည့်မိသားစုဝင်၊ မိတ်ဆွေများအား လက်ခံတွေ့ဆုံနှစ်သိမ့်ခြင်း၊ စာရင်းပြုစုခြင်းနှင့် ပြန်လည်တွေ့ဆုံစေရေး Reunion အတွက် ကူညီဆောင်ရွက်ခြင်း စသည်တို့ပါဝင်သည့် လေ့ကျင့်ခန်းအား ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း MC- Jalux Airport Services Co., Ltd, လေယာဉ်အသက်ကယ်နှင့် မီးသတ်ဌာနမှ ဌာနမှူး ဦးဝင်းတင်ကပြောသည်။ Full- Scale Emergency Exercises ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် Airport Emergency Committee မှ ရေးဆွဲထားသော Aerodrome Emergency Plan အား ဆန်းစစ်ခြင်း၊ အရေး ပေါ်ဖြစ်စဉ်တွင် အသုံးပြုမည့် Emergency Kit အသုံးပြုမှုအား ဆန်းစစ်ခြင်း၊ အရေးပေါ်ဖြစ်စဉ်တွင် ပါဝင်မည့်အဖွဲ့အစည်းများ၊ ပြင်ပအကူအညီများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ မှန်ကန်မှု ရှိ/ မရှိ စစ်ဆေးခြင်းနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အဖွဲ့အစည်းအသီးသီးမှ အရေးပေါ်ဖြစ်ပွားပါက တုန့်ပြန်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးကျွမ်းဝင်နေမှုရှိစေရန် ရည်ရွယ်ကြောင်း သိရသည်။

ES

# Mytel သည် ခွဲစိတ်ကုသရန်လိုအပ်သော ကလေးငယ် (၁၂) ဦးအတွက် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာထောက်ပံ့မှုများနှင့် ငွေကြေးထောက်ပံ့မှုများပြုလုပ်ပေးကာ "Empower My Children" ပွဲကို ကျင်းပခဲ့

မြန်မာနိုင်ငံရှိ အချို့သောကလေးငယ်များသည် ပြင်းထန်သောရောဂါများနှင့် မွေးရာပါရောဂါဝေဒနာများကြောင့် သူတို့၏ဘဝများကို ခက်ခဲစွာရှင်သန်နေရပြီး ဝမ်းနည်းဖွယ်ကောင်းသည့်အချက်မှာ ခွဲစိတ်ကုသရန်လိုအပ်သည့် အထောက်အပံ့နှင့် ငွေကြေးမတတ်နိုင်သဖြင့် ဘဝဖြတ်သန်းခွင့်များကို ဆုံးရှုံးနေကြရသည်။ ထိုကလေးငယ်များအတွက် အကူအညီများလိုအပ်လျက်ရှိနေပြီး တန်ဖိုးရှိသော လူသားအရင်းအမြစ်များသည် နိုင်ငံ၏အနာဂတ်ရတနာများဖြစ်ခွင့်ကို နစ်နာဆုံးရှုံးနေကြရပါသည်။

မြန်မာနိုင်ငံ၏ ခေတ်မီအဆန်းသစ်ဆုံးနှင့် ဂရုအစိုက်ဆုံးအော်ပရေတာ Mytel အနေဖြင့် ထိုလိုအပ်နေသာကွက်လပ်ကို တတ်စွမ်းသမျှဖြည့်စွမ်းပေးသည့် အနေဖြင့် ရန်ကင်းကလေးဆေးရုံရှိ မွေးရာပါနှလုံးရောဂါ ဝေဒနာရှင် ကလေးငယ် (၁၂)ဦးအတွက် အလွန်မွန်မြတ်လှသော လှူဒါန်းမှုတစ်ခုဖြစ်သည့် Empower My Children ပွဲကြီးအား ကျင်းပခဲ့ပါသည်။ ထိုလှူဒါန်းပွဲအခမ်းအနားကို ရန်ကင်းကလေးဆေးရုံ၌ကျင်းပခဲ့ပြီး ခွဲစိတ်ကုသရန်လိုအပ်သော ကလေးငယ်များအတွက် ငွေကြေးထောက်ပံ့မှုများနှင့် လိုအပ်သောကူညီမှုများကို ထောက်ပံ့ပေးခဲ့ပါသည်။

"Empower My Children" လှူဒါန်းမှုအခမ်းအနားသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ကလေးငယ်များ၏ အသက်များကိုကယ်တင်မည့် Mytel ၏ ရေရှည်စီမံကိန်းကြီးအတွက် ပထမဦးဆုံး ခြေလှမ်းတစ်ခုလည်းဖြစ်သည်။ ထိုစီမံကိန်းကြီး၏ လှူဒါန်းကူညီမှုတိုင်းအတွက် Mytel သည် ၁၀၀ ရာခိုင်နှုန်းအပြည့်အဝ ငွေကြေးထောက်ပံ့မှုများပြုလုပ်သွားမည်ဖြစ်ပြီး တစ်လလျှင် ကန်ဒေါ်လာ (၅၀,၀၀၀) မှ (၁၀၀,၀၀၀) အထိ အသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါ လှူဒါန်းမှုအခမ်းအနားအား မြန်မာနိုင်ငံ၏ ထိပ်တန်းအနုပညာရှင်များဖြစ်ကြသော ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီပုဂ်ဖြိုးသု၊ တေးသံရှင်ပိုပိုနှင့် မော်ဒယ်နှင့်သရုပ်ဆောင် ငြိမ်းသော်တို့မှလည်း Mytel မှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ပြီး ဝေဒနာရှင်ကလေးငယ်များထံ လှူဒါန်းခဲ့သည့်အပြင် ခွဲစိတ်မှုပြုလုပ်နေစဉ်နှင့် ခွဲစိတ်မှုအပြီး ကြံ့ကြံ့ခံနိုင်အောင် အားပေးစကားနှင့် နှစ်သိမ့်စကားများလည်း ပြောကြားခဲ့သည်။

Mytel သည် လူမှုအဖွဲ့အစည်း အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များစွာကို အစဉ်တစိုက်ပြုလုပ်လျက်ရှိရာ ယခုကဲ့သို့ ကျန်းမာရေးနှင့်ပတ်သက်သည့် စီမံကိန်းများအပြင် ပညာရေးဆိုင်ရာ လူထုအကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်သော အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးများ သင်ကြားပို့ချနေသည့် ကျောင်းပေါင်း (၂၅၈) ကျောင်းတွင် အင်တာနက်ဝန်ဆောင်မှုများ အခမဲ့ပေးခြင်းဖြင့် ICT ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကိုလည်း စတင်ခဲ့ပါသည်။ Mytel သည် အစိုးရဌာနဆိုင်ရာများနှင့် အခြားသောအဖွဲ့အစည်း (၁၆၉) ခု၊ ဘာသာရေးဆိုင်ရာနေရာပေါင်း (၁၂) ခုနှင့် ဆေးရုံ (၁)ရုံတွင်လည်း အခမဲ့အင်တာနက်ဝန်ဆောင်မှုများကို တပ်ဆင်ပေးခဲ့ပါသည်။ ထို့အပြင် အစိုးရဌာနရုံး (၆)ရုံးတွင်လည်း Video Conferencing စနစ်ကို ထောက်ပံ့ပေးခဲ့ပြီး စုစုပေါင်း (၄၄၆) နေရာတွင် အခမဲ့လှူဒါန်းပြီးဖြစ်ပါသည်။

Mytel ၏ "Empower My Children" ပွဲအကြောင်း အသေးစိတ်သိရှိလိုပါက အောက်ပါလင့်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
https://www.facebook.com/watch/?v=2770904769658571

»စာ-၇

(လေ)မှ လေသူရဲ (၆)ဦး စုစုပေါင်း သင်တန်းသား (၂၄) ဦးဖြင့် (ATPL) သင်တန်းကို ဖွင့်လှစ်သင်ကြားနိုင်တော့မှာဖြစ်သည်။

"CATI အနေဖြင့် ATO သက်တမ်းမှ တစ်နှစ်လျှင် တစ်ကြိမ် Renewal ပြန်လည်ဆောင်ရွက်ရမှာဖြစ်သလို Approved Training Organization (ATO) ဖြစ်သည်နှင့်အညီ နည်းပြဆရာများ၏ အရည်အသွေး၊ သင်ကြားမှုနည်းစနစ်နှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် အစဉ်ဆက်လက်ဆောင်ရွက်ပြီး နိုင်ငံတကာစံချိန်စံညွှန်းပြည့်မီရေးကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားဖို့လိုအပ်မှာဖြစ်ပါတယ်။ ICAO ၏ SARPs နှင့်အညီ CATI က သင်ခန်းစာများပို့ချပေးပြီး စာမေးပွဲစစ်ဆေးခြင်းကို DCA လိုင်စင်ဌာနခွဲရှိ တာဝန်ရှိသူများက ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ယနေ့ကမ္ဘာမှာ ICAO အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၃) နိုင်ငံရှိပြီး ယင်းနိုင်ငံများသည် ICAO ကပြဋ္ဌာန်းထားသော SARPs များအတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရသည်။ မြန်မာနိုင်ငံသည်လည်း ICAO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ ICAO ထုတ်ပြန်ထားရှိချက်များအပေါ်အခြေခံပြီး မိမိနိုင်ငံနှင့်ကိုက်ညီသည့် Regulation များကို ရေးဆွဲပြဋ္ဌာန်းလျက်ရှိသည်။

"ဒီလိုနိုင်ငံအလိုက် ရေးဆွဲပြဋ္ဌာန်းထားသော Regulation များအပေါ်အခြေခံပြီး သက်ဆိုင်ရာနိုင်ငံ လေကြောင်းလိုင်းများအနက် လိုအပ်သော Manual များရေးဆွဲ၍ သက်ဆိုင်ရာ CAA များ၏ အတည်ပြုချက်ရယူကာ လေကြောင်းကဏ္ဍမှာ Safety and Secure ဖြစ်စေရေး အစဉ်သတိချပ်ကာ ဆောင်ရွက်နေကြတာကို တွေ့ရမှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်ကပြောသည်။

"ATO သက်တမ်းသည် တစ်နှစ်သာဖြစ်သည့်အတွက် နှစ်စဉ်စစ်ဆေးခံမှု အောင်မြင်စေရန်အတွက် CATI တွင် လက်ရှိတာဝန်ယူထမ်းဆောင်နေကြသော ကျောင်းအုပ်ကြီးအပါအဝင် နည်းပြဆရာ/ ဆရာမများ အားလုံးသည် မိမိတို့ CATI သည် ခေတ်မီတိုးတက်ပြောင်းလဲလျှက်ရှိသည့် နည်းပညာများ၊ ပြဋ္ဌာန်းချက်များနှင့်အညီ ICAO ၏ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ပြည့်မီကိုက်ညီမှုရှိသည့် ကျောင်းတော်ကြီးအဖြစ် အစဉ်ရပ်တည်သွားနိုင်ရေးအတွက် ကျောင်းအုပ်ကြီး၏ ဦးဆောင်မှုအောက်တွင် တက်ညီလက်ညီ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားကြပါလို့ ဆန္ဒပြုလိုက်ပါတယ်" ဟု ပြောကြားခဲ့သည်။

ၔင်းနောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ထွန်းက လေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီး ဦးဇော်ဇော်အား ATO Certificate ပေးအပ်ခဲ့ပါသည်။ ထို့နောက် လေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီး ဦးဇော်ဇော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် သင်တန်းပေါင်း (၁၁၃၁) ခုနှင့် လက်ရှိအချိန်ထိ သင်တန်းသားဦးရေ (၂၄၉၆၃)ဦးထိ ပို့ချပေးခဲ့ပြီးသည့်အနက် ဒီသင်တန်းတွေထဲကမှ မြို့ပြလေကြောင်းကဏ္ဍရဲ့ အမြင့်ဆုံးသင်တန်းလို့ပြောလို့ရတဲ့ လေယာဉ်မှူးကြီးလိုင်စင် (ATPL) မြို့ပြလေယာဉ်မှူးလိုင်စင် (CPL) နှင့် လေကြောင်းထိန်းသိမ်းရေးနှင့်ပတ်သက်သော လိုင်စင်သင်တန်းများကိုလည်း ပို့ချပေးနေကြောင်းပြောကြားသည်။ ယနေ့ထိဖြစ်ပါတယ်။ ATPL လိုင်စင်သင်တန်းများကို ၁၉၉၁ ခုနှစ်မှစတင်ပြီး ၂၀၁၈ ခုနှစ် USOAP Audit မတိုင်မီ အထိ ဖွင့်လှစ်ခဲ့ရာမှာ သင်တန်းကြိမ် (၂၉)ကြိမ်၊ လေယာဉ်မှူးကြီး (၄၁၆) ဦးအထိ မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ မြို့ပြလေယာဉ်မှူးလိုင်စင် (CPL)နှင့်ပတ်သက်၍လည်း သင်တန်းကြိမ် (၂၃)ကြိမ်၊ လေယာဉ်မှူး (၄၁၃)ဦး ပို့ ချပေးခဲ့ပြီးဖြစ်သည်။

"အဆိုပါလေယာဉ်မှူးများအား လေကြောင်လိုင်းအသီးသီးမှာ အရည်အသွေးမြင့်မားစွာ ပျံသန်းရေးတာဝန်ထမ်းဆောင်လျှက်ရှိကြသလို ယနေ့အချိန်အခါဆိုလျှင် ပြည်ပနိုင်ငံအသီးသီးမှာပင် ထိုးဖောက်မောင်းနှင်သည့် လေယာဉ်မှူးကြီးများအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်" ဟု ဦးဇော်ဇော်ကပြောသည်။

အလားတူ လေကြောင်းထိန်းသိမ်းရေးဆိုင်ရာ သင်တန်းများကိုလည်း ၁၉၉၀ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်း (၁၁၂) ကြိမ်နှင့် သင်တန်းသား (၁၃၅၈) ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး လေကြောင်းပျံသန်း မှုအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးရဲ့ အဓိကအခန်းကဏ္ဍမှာ တာဝန်အသီးသီးထမ်းဆောင်လျှက်ရှိကြသည်။

"သို့ရာတွင် ၂၀၁၈ ခုနှစ် USOAP Audit လာရောက်စစ်ဆေးချိန်တွင် CATI ၌ ဖွင့်လှစ်ပို့ချလျှက်ရှိသော လိုင်စင်သင်တန်းများသည် ATO ကျောင်းတစ်ခုမဖြစ်သေးခင် ပို့ချခဲ့မှုလုပ်ထုံးလုပ်နည်း အနည်းငယ်အားနဲခဲ့မှုကြောင့် လေယာဉ်မှူးလိုင်စင်သင်တန်းများ ဖွင့်လှစ်မှုကို ယာယီရပ်ဆိုင်းခဲ့ရခြင်းဖြစ်ပါတယ်။ DCA အနေဖြင့် USOAP Audit အောင်မြင်ခဲ့သော်လည်း CATI အနေဖြင့် ဆုံးရှုံးမှုရလဒ်တစ်ခုလို့ ထင်မြင်မိပါတယ်" ၎င်းကပြောသည်။

"မိမိတို့ CATI အနေဖြင့် ATO ရရှိရေးကို နှစ်အဆက်ဆက်ကြိုးစားရရှိခဲ့သော်လည်း ဒီကနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်တွင် ATO Certificate အပ်နှင်းခြင်းခံရမှုအတွက် အလွန်ပဲဝမ်းသာအားရကျေနပ်မိပါတယ်။ ဒီလိုရရှိရေးအတွက် အဖက်ဖက်ကတွန်းအားပေးခဲ့တဲ့ DG ဦးအောင်ကျော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်ကို အထူးပင်လှိုက်လှိုက်လဲလဲကျေးဇူးတင်မိပါတယ်" ဟု ဆက်လက်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာ၊ လေကြောင်းလိုင်းအသီးသီးမှ တာဝန်ရှိသူများ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် လေကြောင်းပညာသိပ္ပံကျောင်း နည်းပြဆရာများ စုစုပေါင်း အင်အား (၄၀)ခန့် တက်ရောက်ခဲ့သည်။

အိမ်စည်

---

» စာ-၁၅ မှ

ရန်ရည်ရွယ်ထားပါသည်။

လုပ်ငန်းစတင်ချိန်မှစ၍ ယနေ့ထိ မတည်ရင်းနှီးငွေများအနက် ကုန်းလမ်းပို့ဆောင်ရေးက ကျပ်သန်း (၃,၀၆၀) နှင့် ကုမ္ပဏီက ကျပ်သန်း (၃,၁၆၀)တို့ကိုထည့်ဝင်ခဲ့ကြပြီး ပထမအဆင့်အနေဖြင့် မြို့တွင်းပြေးဘတ်စ်ကား (၁၉)စီး ဝယ်ယူ၍ ရန်ကုန်မြို့တွင်း အများပြည်သူခရီးသည်ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် အဝေးပြေးဘတ်စ်ကား (၁၂)စီး ဝယ်ယူ၍ ကျောင်း/ စက်ရုံ ကြို/ပို့ လုပ်ငန်းဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်လျက်ရှိပါတယ်။ ခရီးသည်ယာဉ်လိုင်းပြေးဆွဲမှုလုပ်ငန်းမှာလည်း ဝန်ဆောင်မှုပေးသည့် လုပ်ငန်းအမျိုးအစားဖြစ်နေ၍ ခရီးသွားပြည်သူများအဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် အကျိုးအမြတ်မရရှိခဲ့သော်လည်း ဆက်လက်ဆောင်ရွက်ခဲ့ရသဖြင့် မခန့်မှန်းထားသည့် အရှုံးနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးနှင့် စန်းရောင်နီကုမ္ပဏီတို့သည် စန်းရောင်နီ ကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီအမည်ဖြင့် ဖက်စပ်ကုမ္ပဏီကို (၁၄.၈.၂၀၁၄) ရက်တွင် စာချုပ်ချုပ်ဆို၍ ဖွဲ့စည်းထူထောင်ခဲ့ပြီး မတည်ရင်းနှီးငွေအဖြစ် ကုန်းလမ်းပို့ဆောင်ရေးက ၄၃% ဖြစ်သော ကျပ်သန်း (၄,၃၂၀) ကို ဌာန၏ မြေဌားရမ်းခအနေဖြင့် လည်းကောင်း၊ စန်းရောင်နီကုမ္ပဏီလီမိတက်က ၅၇% ဖြစ်သော ကျပ်သန်း (၅,၇၂၆)ကိုလည်းကောင်း အသီးသီးထည့်ဝင်ရမည်ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၏ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၏ သာမန်ရင်ွေ၊ သာမန်သုံးငွေဘတ်ဂျက်ခေါင်းစဉ်နှင့် ကိုက်ညီသုံးစွဲသင့်ကြောင်း ဆွေးနွေးအကြံပြုခဲ့သည့်အတွက် ကိုယ်စားလှယ်တော်ကြီးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ချတည်ဆဲအမိန့်ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနှင့် စာသင်ကျောင်းဝင်းများအတွင်း ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူတပ်ဆင်ရာတွင်လည်း စနစ်တကျညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားအပ်ပါသည်။

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ထွန်း၏ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပစ္စည်းစာရင်း နှစ်ဟောင်းတိုင်းအရန်ဆီ၊ ဓါတ်ဆီ၊ ဒီဇယ်ဆီလက်ကျန်များကျန်ရှိခြင်းနှင့် စပ်လျဉ်းသည့်ဆွေးနွေးအကြံပြုချက်အပေါ် ပြန်လည်ရှင်းလင်းပြောကြားချက်**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပြည်နယ်တိုင်းဒေသကြီးများတွင်ရှိသော အိတ်ချိန်းများ၊ တာဝါတိုင်စခန်းများ၊ မိုက္ကရိုဝေဗ့်စခန်းများတွင် လျှပ်စစ်ဓါတ်အား ပြတ်တောက်လျှင်သော်လည်းကောင်း၊ သဘာဝဘေးဒဏ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ ဆက်သွယ်ရေးမပြတ်တောက်စေရေးအတွက် အရေးပေါ်သုံးစွဲရန် အရန်ဆီထားရှိဆောင်ရွက်လျက်ရှိပြီး လစဉ်ဓါတ်ဆီ၊ စက်ဆီသုံးစွဲမှုကို သိုလှောင်ရုံအရင် ဝင်သည့်ဆီများကို အရင်ထုတ်ယူသုံးစွဲသည့် First In First Out နည်းလမ်းဖြင့်သုံးစွဲခဲ့ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှစ၍ ဆက်သွယ်ရေးလုပ်ငန်းများကို KDDI Summit Global Myanmar Co.,Ltd (KSGM) နှင့် Joint Operation (JO)ဖွဲ့၍ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ပြီး စက်သုံးဆီအပါအဝင် လုပ်ငန်းဆောင်ရွက်မှုစရိတ်များကို JO လုပ်ငန်းမှ ကျခံပေးချေလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ JO လုပ်ငန်းမတိုင်မီကရှိခဲ့သောအရန်ဆီလက်ကျန်များကို ထပ်မံဝယ်ယူသော စက်သုံးဆီများနှင့် လဲလှယ်၍ရှေ့တွင်တင်ပြခဲ့သည့် First In First Out နည်းလမ်းဖြင့် ဆက်လက်သုံးစွဲပါသည်။

ယခုအခါ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အကြံပြုချက်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် စက်သုံးဆီများအား လေလွင့်မှုမရှိစေရေးနှင့် အနည်းဆုံးထားရှိရမည့်အရန်ဆီကို တွက်ချက်ချန်လှပ်၍ ကျန်စက်သုံးဆီများအား အကျိုးတူပူးပေါင်းဆောင်ရွက်သည့် JO လုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားအပ်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေင်လတ်၏ "အကျိုးရှိမှုသေချာပြီး ကုန်ကျစရိတ်နည်းပါးသော ဗက်တီဗာမြက်ကို ကမ်းပါးထိန်းလုပ်ငန်းများအတွက် နိုင်ငံတော်အစိုးရ၏ စီစဉ်မှုဖြင့် စီမံစိုက်ပျိုးပေးခြင်းနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားချက်**

မြန်မာနိုင်ငံသည် ဇရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်အပါအဝင် မြစ်ချောင်းများသည် နိုင်ငံတစ်ဝှမ်းဖြစ်တည်စီးဆင်းလျက်ရှိပြီး လူသားတို့၏ ပယောဂကြောင့်လည်းကောင်း၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးပြီး မြစ်ချောင်းများအတွင်း အနည်ပို့ချမှုများပြားလာပြီး အောက်ခြေမြစ်ကြမ်းပြင် မြင့်တက်လာကာ အချိန်အခါမဟုတ် မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလွှမ်းမှုများ၊ မြစ်ချောင်းများကမ်းပြိုကမ်းစားမှုများ ဖြစ်ပေါ်လာသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အဓိကမြစ်ကြီးများတွင် ယေဘူယျအားဖြင့် ရေလမ်းကြောင်း ကောင်းမွန်ရေးလုပ်ငန်းများကို ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့်လည်းကောင်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့်လည်းကောင်း ဆောင်ရွက်ပေးလျှက်ရှိပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် Vetiver မြက်ပျိုးပင်များ စမ်းသပ်စိုက်ပျိုးခဲ့ရာ ဒေသ (၃)၊ ပဲခူးတိုင်းဒေသကြီးရုံးက ပျိုးပင်အရေအတွက် (၅,၄၀၀)ကို ပျိုးထောင်ခဲ့ရာတွင် ၄၇% ဖြစ်သည့် ပျိုးပင် (၂,၅၅၀) မှာ ပျိုးထောင်သက်(၁) လကျော်အထိ အရွက်များဝေဖြာမှုမရှိဘဲ တစ်ဖြည်းဖြည်းသေဆုံးသွားခဲ့ပါသည်။ ဒေသ (၅)၊ မန္တလေးတိုင်းဒေသကြီးရုံးတွင်လည်း Vertiver မြက်ပျိုးပင် (၅,၀၀၀) ကို ပျိုးထောင်ခဲ့ရာ တစ်လခန့်အကြာတွင် ပျိုးပင်၈၀% ကျော်ခန့်သေဆုံးခဲ့၍ ပျိုးပင်များထပ်မံပျိုးထောင်ပြီး ပုသိမ်ကြီးမြို့နယ်၊ သံဘိုကျွန်းကျေးရွာအနီး မြေနကျွန်းကမ်းပါးတွင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလက စိုက်ပျိုးခဲ့ရာသုံးပုံနှစ်ပုံခန့်သေဆုံးခဲ့ပြီး ရေမျောရာသီတွင် ရေကြီးနစ်မြုပ်၍ နုနန်းများဖုံးအုပ်သွားပြီး အပင်အားလုံးပျက်စီးခဲ့ပါသည်။ ဒေသ (၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံးတွင်မူ ပျိုးထောင်ခဲ့သည့် ပျိုးပင် (၇,၀၀၀)မှ ၅၀% ကျော်သေကြေပျက်စီးခဲ့သဖြင့် ပျိုးပင်များထပ်မံပျိုးထောင်ပြီး ဟုမ္မလင်းမြို့နယ် ပါမလုံကျေးရွာ၊ ကလေးဝမြို့နယ် ကျော်ဇင်ကျေးရွာ၊ မုံရွာမြို့အလုံဆိပ်ကမ်းတို့တွင် စိုက်ပျိုးထားရှိခဲ့ရာ စောင့်ရှောက်မှုအားနည်းခြင်း၊ တိရိစ္ဆာန်များဖျက်စီးခြင်းတို့ကြောင့် အားလုံးနီးပါးသေကြေပျက်စီးခဲ့ပါသည်။ ဒေသ (၁၁) ကရင်ပြည်နယ်ရုံးတွင် Vetiver မြက်ပျိုးပင် (၃,၀၀၀) ပျိုးထောင်ခဲ့ရာ ပျိုးပင် ၃၅% သာ ရှင်သန်သဖြင့် ပျိုးပင်များထပ်မံပျိုးထောင်၍ သံလွင်တံတားအောက် ဖားကန့်ဘက် သံလွင်မြစ်ကမ်းပါးတွင်စိုက်ပျိုးခဲ့ရာ သံလွင်မြစ်ရေ နှစ်လကြာထူးခြားရေကြီးရေလျှံခဲ့မှုကြောင့် သေဆုံးပျက်စီးခဲ့ပါသည်။

သို့ဖြစ်ပါ၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် Vetiver မြက်ပင်များကို စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်မှုမရရှိခဲ့သည့်အတွက် ဆက်လက်စိုက်ပျိုးခြင်းမရှိတော့ဘဲ ဒေသခံပြည်သူတို့၏ အတွေ့အကြုံဉာဏ်များရယူကာ ကုန်ကျစရိတ်သက်သာပြီး ကမ်းပြိုကမ်းစားသွားမှုမှ အထိုက်အလျောက် ကာကွယ်စေနိုင်မည့် ကိုင်းပင်၊ ရေဆူးပုတ်ပင်၊ လမုပင်နှင့် မိုးမခပင်စသည့်ဒေသနှင့် သင့်လျော်သည့်အပင်များ စိုက်ပျိုးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

Transcom

---

# မြိတ်မြို့၌ သေနတ်ပစ်ပြိုင်ပွဲ ကျင်းပမည်

တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်မြို့စီးပွားရေးဇုန် MFD ကုမ္ပဏီဝင်းအတွင်းရှိ သေနတ်ပစ်အားကစားကွင်း၌ တိုင်းဒေသကြီးအဆင့် သုံးခရိုင်သေနတ်ပစ်အားကစာပြိုင်ပွဲကို မေလ၃တိယအပတ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းသေနတ်ပစ်ပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်နှင့် ထားဝယ်ခရိုင်တို့မှ အမျိုးသား၊ အမျိုးသမီး အသက် (၁၈)နှစ်မှ (၂၅) နှစ်အတွင်း မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း တနင်္သာရီတိုင်းဒေသကြီး သေနတ်ပစ်အားကစားဆပ်ကော်မတီထံမှ သိရသည်။

အဆိုပါပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး သေနတ်ပစ်အားကစားဆပ်ကော်မတီတို့က ကြီးမှူး၍ သေနတ်ပစ်အားကစားသမားကောင်းများပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် သုံးခရိုင်သေနတ်ပစ်အားကစားပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ကျင်းပမည့်တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်သေနတ်ပစ်အားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန်အတွက် ယင်းပြိုင်ပွဲမှ ကျွမ်းကျင်သေနတ်ပစ်အားကစားသမားကောင်းများ ရွေးချယ် သွားမည်ဖြစ်ကြောင်း သေနတ်ပစ်အားကစားဆပ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများအား အခြေခံသေနတ်ပစ်အားကစားနည်းကို မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်၏ နိုင်ငံတကာနည်းစနစ်အတိုင်း အခမဲ့သင်ကြားပြသပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် ပြိုင်ပွဲမကျင်းပမီ အချိန်အတွင်း လေ့ကျင့်ပတ်ခတ်နိုင်စေရန်အတွက် အမည်စာရင်းပေးသွင်းရန် အသေးစိတ်သိရှိလိုပါက သေနတ်ပစ်ကွင်း တာဝန်ခံ ဖုန်း ၀၉-၂၆၁၉၇၇၃၀၊ ၀၉-၆၆၂၂-၂၄၃၈ သို့ဆက်သွယ်စာရင်းပေးစုံစမ်းနိုင်သည်။ စိတ်ထက်

# Myanmar's Pride Awards ဒုတိယအကြိမ် ဆုပေးပွဲအတွက် တစ်သက်တာထူးချွန်ဆု ဘဘဘိုကလေးတင့်အောင် ရရှိ

ကျယ်ပြန့်စုံလင်လှသော နယ်ပယ်ကဏ္ဍအသီးသီးမှ မြန်မာပြည်ဖွားထူးချွန်ပါရမီရှင်များကို လူအများသိစေရန် ရှာဖွေအသိအမှတ်ပြုသည့် ဂုဏ်သိက္ခာကြီးမားလှသော Myanmar Pride Awards ဆုရွေးချယ်ပေးရေးအစီအစဉ် ၂၀၁၉ ခုနှစ်အတွက် ဆုရရှိသူများအား ဆုပေးပွဲကို မတ်လ (၅)ရက်က ရန်ကုန်မြို့ရှိ Lotte Hotel ၌ ခမ်းနားစွာကျင်းပခဲ့သည်။

အဆိုပါဆုပေးပွဲသည် ၎င်းတို့၏ သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် နိုင်ငံတကာမှ အသိအမှတ်ပြုရလောက်အောင် ထူးချွန်ပြောင်မြောက်စွာစွမ်းဆောင်နိုင်သူများအား ရွေးချယ်ကာ အသိအမှတ်ပြု ဆုတံဆိပ်များချီးမြှင့်ပေးအပ်ခဲ့သည်။

Myanmar Pride Awards ၂၀၁၉ ခုနှစ်အတွက် ဆုရရှိသူများမှာ တစ်သက်တာထူးချွန်ဆုအတွက် ဘဘဘိုကလေးတင့်အောင်၊ အားကစားကဏ္ဍအတွက် သက်ထားသူဇာ၊ အနုပညာနှင့်ဓာတ်ပုံကဏ္ဍအတွက် ဝဏ္ဏခွါနီ၊ လူမှုအကျိုးပြုကဏ္ဍအတွက် ဒေါက်တာသန်းမင်းထွဋ်၊ ရုပ်ရှင်အနုပညာကဏ္ဍအတွက် အကယ်ဒမီနေတိုး၊ ဖက်ရှင်ဒီဇိုင်းကဏ္ဍအတွက် မေမြတ်ဝါဆို၊ အလှမယ်နှင့် မော်ဒယ်ကဏ္ဍအတွက် ဟန်တီ၊ တေးဂီတကဏ္ဍအတွက် နီနီခင်ဧော်၊ လူမှုဦးဆောင်ကဏ္ဍအတွက် ဝင်းမင်းသန်း (Yangon in My Heart) နှင့် စွန့်ဦးတီထွင်ကဏ္ဍအတွက် မလှလှဝင်းတို့မှ ဆုရများရရှိခဲ့ကြသည်။

Myanmar Pride Awards ဆုရွေးချယ်ပေးအပ်ရေးအစီအစဉ်၏ အုပ်ချုပ်မှုဘုတ်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က "Myanmar Pride Awards ဆုပေးအပ်ချီးမြှင့်ပွဲ ကျင်းပပြုလုပ်သွားမယ့် ဒီနေ့ဟာ ကျွန်တော်တို့အတွက် ၂၀၂၀ ခုနှစ်အတွင်းမှာ မှတ်မှတ်ရရနဲ့ စောင့်မျှော်နေတဲ့ နေ့ရက်တွေထဲက တစ်ရက်ဖြစ်ပါတယ်။ ယုံကြည်မှုအပြည့်နဲ့ အရည်အချင်းပြည့်ဝတဲ့ မြန်မာပြည်ဖွားအမျိုးသား၊ အမျိုးသမီးတွေဟာ သူတို့ရဲ့ကြိုးစားမှု၊ အောင်မြင်မှုတွေနဲ့အတူ သူတို့ရဲ့ဂုဏ်သတင်းသာမက နိုင်ငံရဲ့ဂုဏ်သတင်းကိုလည်း မြှင့်တင်ပေးနေကြတာဖြစ်ပါတယ်။ ဒီလိုမျိုးရည်ရွယ်ချက်ပြည့်ဝတဲ့ ဆုပေးအပ်ရေးအစီအစဉ်တစ်လျှောက် မှာ အုပ်ချုပ်မှုဘုတ်အဖွဲ့ဝင် ဥက္ကဋ္ဌအနေနဲ့ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းမြောက်မိသလို Myanmar Pride Awards ကို အဓိကစီစဉ်သူဖြစ်တဲ့ Mango Advertising Co., Ltd နဲ့ အဓိကပံ့ပိုးသူ Grand Royal Special Reserve တို့ကိုလည်း အထူးကျေးဇူးတင်ကြောင်း ပြောကြားပါရစေ" ဟု ပြောသည်။

Myanmar Pride Awards ဆုရွေးချယ်ပေးအပ်ရေးအစီအစဉ်သည် ၎င်းတို့၏မိတ်ဖက်အဖွဲ့အစည်းဖြစ်သော နိုင်ငံတကာအတိုင်ပင်ခံကုမ္ပဏီ Deloitte ၏ ထောက်ပံ့ကူညီမှုဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး တင်းကြပ်သော ရွေးချယ်ရေးလုပ်ငန်းစဉ်များချမှတ်ကာ ဆန်ကာတင်စာရင်းဝင်များနှင့် ဆုရရှိသူများအား ရွေးချယ်ခဲ့ပြီး လုပ်ငန်းစဉ်တိုင်းတွင် ပါဝင်ပတ်သက်သူများ အားလုံးအတွက် ဘက်လိုက်မှုကင်းရှင်း၍ တရားမျှတမှုအပြည့်ရှိစေရန် ဆောင်ရွက်ထားကာ ကဏ္ဍအသီးသီးမှ နိုင်ငံတကာနှင့်ရင်ဘောင်တန်းနိုင်သော ထူးချွန်သည့် ပါရမီရှင်များကို အသိအမှတ်ပြုဆုပေးရန် ရွေးချယ်ရာ၌ အများပြည်သူများမှ Voting ပေးအပ်သော မဲများနှင့် အကဲဖြတ်ဒိုင်လူကြီးတို့၏ မဲများအား ပေါင်းစပ်ကာ ရွေးချယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆုပေးပွဲအခမ်းအနားအား ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ Grand Royal Group International company Limited ၏ တွဲဖက်ဥက္ကဋ္ဌ ဦးအောင်မိုးကျော်၊ ဆုရွေးချယ်ပေးအပ်ရေးအစီအစဉ်၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်များဖြစ်ကြသော ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ ဦးသူရကိုကို (YGA Capital)၊ ဦးကျော်ကျော်လှိုင် (Smart Group of Companies)၊ Mr. Hiroshi Yamamoto (NHK Japan/ MNTV)နှင့် ၂၀၁၈ ခုနှစ်အတွက် ဆုရရှိခဲ့ကြသူများဖြစ်သည့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီအိန္ဒြာကျော်ဇင်နှင့် လူငယ်လုပ်ငန်းရှင် ထက်မြက်ဦး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အနုပညာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။

BOP

# YBS ကားမှတ်တိုင်များ၌ Full Line များ ဖော်ဆောင်မည်

ကတ်စနစ်ဖြင့် ငွေပေးချေသည့် စနစ်စတင်ကျင့်အသုံးပြုပါက YBS ယာဉ်များအပေါ် ခရီးသည်များတက်ရောက်ရာတွင် တစ်ဦးချင်းတက်မှသာ အဆင်ပြေမည်ဖြစ်သဖြင့် ကားမှတ်တိုင်များတွင် Full Line များ ဖော်ဆောင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။

ယာဉ်များပေါ်တန်းစီကတ်စနစ်ကျင့်သုံးနိုင်ရန် ကားမှတ်တိုင်များကို ကွင်းဆင်းလေ့လာခြင်းများအပြင် သက်ဆိုင်ရာဌာနများနှင့် အဖြေရှာညှိနှိုင်း၍ မှတ်တိုင်အကျယ်အဝန်းနှင့် မှတ်တိုင်အခြေအနေပေါ်မူတည်၍ Full Line များ တပ်ဆင်သွားမည်ဖြစ်ပြီး ကတ်စနစ်များ စတင်အသုံးပြုပါက ငွေပေးချေသည့်ကတ်များကို တစ်ကတ် (၂,၀၀၀)ကျပ်ဖြင့် သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ကာ ကတ်အတွင်းငွေဖြည့်သွင်းမှုကို (၁၀၀၀)ကျပ်မှ စတင်၍ (၅၀၀၀) ကျပ်အထိ ငွေဖြည့်သွင်းနိုင်ရန်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် ကတ်စနစ်ဖြင့်ငွေပေးချေနိုင်သည့်စက်များကို တပ်ဆင်ရာ၌ ပထမအသုတ်အနေဖြင့် YBPC ကုမ္ပဏီမှ ယာဉ်အစီးရေ (၃၀၂)စီး၊ YUPT ကုမ္ပဏီမှ (၄၉၆)စီး၊ ဗန္ဓုလ ကုမ္ပဏီမှ (၃၀၂)စီး၊ ရှွေတော်ပိုင်းကုမ္ပဏီမှ (၇၆)စီးဖြစ်ကာ ဒုတိယအသုတ် တပ်ဆင်မှုအနေဖြင့် လူထုမိတ်ဆွေကုမ္ပဏီမှ ယာဉ်အစီးရေ (၂၅၀)စီး၊ YUPT ကုမ္ပဏီမှ (၁၅၀)စီး၊ GYCT ကုမ္ပဏီမှ (၈)စီးတို့အား စက်များ တပ်ဆင်စမ်းသပ်ပြီးဖြစ်သည်။

ရန်ကုန်မြို့သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် YBS ယာဉ်လမ်းကြောင်းပေါင်း (၁၃၅)လမ်းမှ ယာဉ်လိုင်းနံပါတ်ပေါင်း (၁၀၀)ကျော်၊ ယာဉ်အစီးရေ (၄,၄၀၀)ကျော်တို့ဖြင့် ခရီးသည်(၁)သန်းကျော်ကို သယ်ယူပို့ဆောင်ပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။

ဇွဲ



# မြန်မာ-ချက် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

ဒုတိယအကြိမ် မြန်မာ-ချက် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြားဆွေးနွေးပွဲကို မတ်လ (၃)ရက်က ချက်သမ္မတနိုင်ငံ၊ ပရာဂ်မြို့ရှိ ချက်နိုင်ငံခြားရေးဝန်ကြီးဌာနဌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥရောပမဟုတ်သည့်နိုင်ငံများ၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယဝန်ကြီး Mr. Martin Tlapa တို့က ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးပွဲသို့ ချက်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဒေါ်ကေသီစိုးလည်းပါဝင်တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာ-ချက် နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြားအပြန်အလှန် ခရီးစဉ်များစီစဉ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ ကမ္ဘာလှည့်ခရီးသွားလာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးချဲ့နိုင်မည့် နည်းလမ်းများအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံအကြား တတိယအကြိမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို နေပြည်တော်တွင် ယခုနှစ်မေလအတွင်း ကျင်းပနိုင်ရေးကို လည်းညှိနှိုင်းဆွေးနွေးခဲ့သည်။ အမြဲတမ်းအတွင်းဝန်က နိုင်ငံ တော်အစိုးရက ဦးစားပေးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများနှင့် ရခိုင်ပြည်နယ်ဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့ကိုလည်း ရှင်းလင်းအသိပေးခဲ့သည်။ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာအကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

ES

# ကုန်တင်ကားနှင့် နောက်တွဲယာဉ်များ အလွယ်တကူ ငှားရမ်းအသုံးပြုနိုင်မည့် Smart Trailer Sharing Platform မိတ်ဆက်

ရိုးမမော်တော်ယာဉ်များ လီမိတက်မှ နောက်တွဲယာဉ်နှင့် ကုန်တင်ယာဉ်များကို အလွယ်တကူငှားရမ်းအသုံးပြုနိုင်ရန်အတွက် Smart Trailer Sharing Platformနှင့် စတင်မိတ်ဆက်လိုက်သည်။

ရိုးမမော်တော်ယာဉ်များ လီမိတက်မှ တာဝန်ရှိသူ Mr. Allan Davidson, Head of Vehicle Leasing and Rental က "လက်ရှိအချိန်မှာ ကုန်စည်ထောက်ပံ့ပို့ဆောင် ဝန်ဆောင်မှုပေးတဲ့ကုမ္ပဏီများအတွက် လိုအပ်နေတဲ့ ကာလအပိုင်းအခြားအတိုင်း နောက်တွဲယာဉ်နဲ့ ကုန်တင်ယာဉ်များကို အလွယ်တကူငှားရမ်းအသုံးပြုနိုင်တဲ့ဝန်ဆောင်မှုကို ထပ်မံတိုးချဲ့မိတ်ဆက်နိုင်တဲ့အတွက် ဝမ်းမြောက်မိပါတယ်"ဟုပြောသည်။

အဆိုပါ Platform မှတစ်ဆင့် ကုန်တင်ယာဉ်များ အမျိုးအစားစုံ လင်စွာ ငှားရမ်းနိုင်မည်ဖြစ်သည်။ နေ့အလိုက်မှစတင်၍ လအပိုင်းအခြားအထိ ငှားရမ်းအသုံးပြုနိုင်သည့် ကုန်တင်ယာဉ်များမှာ Container Carrier (ကုန်တိန်နာသယ်ယာဉ်)၊ low bed (ယန္တရားတင်ယာဉ်)၊ drop deck၊ curtain sider အစရှိသည့် ကုန်တင်ယာဉ် များအပြင် cement trailer (ဘိလပ်မြေတင်ယာဉ်)များကို ငှားရမ်းအသုံးပြုနိုင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် Yoma Trucks & Trailers အနေဖြင့် သီလဝါ ဆိပ်ကမ်း၊ ရန်ကုန်၊ မန္တလေးရှိ ကုန်တွင်းဆိပ်ကမ်းများ၊ မြဝတီအစရှိသည့် နေရာများတွင် ကုန်တင်ယာဉ်နှင့် နောက်တွဲယာဉ်များငှားရမ်းနိုင်မည့်နေရာများ (rental hub) ထားရှိပြီး မကြာမီကာလများတွင် မူဆယ်မြို့တွင်လည်း ထားရှိသွားမည်ဖြစ်သည်။ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍတွင် ဝန်ဆောင်မှုပေးသော လုပ်ငန်းများအနေဖြင့် www.yomarentals.asia ဝက်ဘ်ဆိုက်ကို ဝင်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

ရိုးမမော်တော်ယာဉ်များ လီမိတက်သည် နိုင်ငံခြားကုမ္ပဏီများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ဘယ်မောင်းမော်တော်ယာဉ် အသစ်များ၊ စက်ယန္တရားများ ငှားရမ်းသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ကားများကို Yoma Car Share Platform မှတစ်ဆင့်နာရီအပိုင်းအခြားမှစတင်၍ ရက် (၃၀) အထိ အွန်လိုင်းမှတစ်ဆင့် ငှားရမ်းနိုင်သော ဝန်ဆောင်မှုကို မြန်မာနိုင်ငံရှိ လေဆိပ်များနှင့် လူစည်ကားသောနေရာများတွင် ကားများထားရှိ၍ ငှားရမ်းသော ဝန်ဆောင်မှုကို စတင်မိတ်ဆက်ခဲ့ပါသည်။ လက်ရှိတွင် မြို့ပေါင်း (၉) မြို့နယ်တွင် ကားငှားရမ်းနိုင်သော နေရာ (၂၄)ခုဖွင့်လှစ်၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။

ရိုးမမော်တော်ယာဉ်များ လီမိတက်သည် Caterpillar စက်ယန္တရား၏ တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော မြန်မြေပြည်စက်ယန္တရား လီမိတက်နှင့်လည်း ပူးပေါင်း၍ ဆောက်လုပ်ရေး၊ တူးဖော်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုသော စက်ယန္တရားများကို ငှားရမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ ဂျပန်နိုင်ငံရှိ ထိပ်တန်းအငှားချခြင်းလုပ်ငန်းလုပ်ကိုင်သော Tokyo Century နှင့်ပူးပေါင်းပြီးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ES

# ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် မသန်စွမ်းသူများပါဝင်မှု မြှင့်တင်ရေးညှိနှိုင်း

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတွင် မသန်စွမ်းသူများပါဝင်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနခွဲ မတ်လ (၃)ရက်က ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး တက်ရောက်ခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းသည် နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် လုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်က ဦးစားပေးဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းဖြစ်ကြောင်း၊ မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးကိုလည်း အစိုးရကအလေးထားဖော်ဆောင်ပေးလျက်ရှိကြောင်းပြောသည်။ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်ခုက ကမ္ဘာ့လှည့်ခရီးသွားလာခြင်းလုပ်ငန်းတွင် အဓိကစိတ်ဝင်တစားပါဝင် ဆောင်ရွက်ကြသူများသည် မသန်စွမ်းများနှင့် သက်ကြီးရွယ်အိုများဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတွင် မသန်စွမ်းသူများပါဝင်၍ ဝန်ဆောင်မှုပေးနိုင်သကဲ့သို့ မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးထားရန်လိုအပ်ကြောင်း ဝန်ကြီးကပြောသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများချမှတ်ပြီး အများပြည်သူအဆောက်အအုံနှင့် ဆက်စပ်ပတ်ဝန်းကျင်ကို မသန်စွမ်းသူများလုံခြုံလွယ်ကူစွာအသုံးပြုနိုင်ရန်အတွက် ပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်းများကို ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဈေးဝယ်စင်တာများ၊ ပြတိုက်များ၊ ယဉ်ကျေးမှုဆိုင်ရာအဆောက်အဦများ၊ ရုပ်ရှင်ရုံများ၊ ပန်းခြံများ၊ အပန်းဖြေအနားယူနိုင်သောနေရာများတွင် လိုအပ်သော ပြင်ဆင်မွန်းမံခြင်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ မသန်စွမ်းသူများက ဝန်ဆောင်မှုပေးနိုင်ရန်လည်း သက်ဆိုင်ရာလေ့ကျင့်သင်တန်းများဖြင့် စွမ်းဆောင်နိုင်မှုကို မြှင့်တင်ပေးရန်လိုအပ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင် (၁၁)သင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် တာဝန်ခံများ၊ မြန်မာ-နိုင်ငံတကာဖက်စပ်ဟိုတယ်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ မသန်စွမ်းအသင်းချုပ်နှင့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ စုံညီစွာတက်ရောက်ကြသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတွင် မသန်စွမ်းသူများအတွက် အတားအဆီးများ ဖယ်ရှားနိုင်ရေးနှင့် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်နိုင်မှုမြှင့်တင်ရေး လုပ်ငန်းစဉ်ချမှတ်ခြင်းတို့ကို နိုင်ငံတစ်ဝှမ်းအကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ဒေါက်တာဝင်းမြတ်အေးက ပြောကြားခဲ့သည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များဖြစ်သည့် ဟိုတယ်အသီးသီးတွင် မသန်စွမ်းသူများအတွက် "အတားအဆီးကင်းရေးမျှော်မှန်းလို့ မသန်စွမ်း လူ့အခွင့်အရေးဖော်ဆောင်စို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ Accessible ဖြစ်စေရန်အတွက် Stage များ၊ Wheelchair တက်လမ်းများ အဆင်ပြေချောမွေ့စေရန်နှင့် သန့်စင်ခန်းဝင်သည့်အခါ Wheelchair ဝင်နိုင်ထွက်နိုင်သည့် အကျယ်အဝန်းရှိစေရေးဆောင်ရွက်ရန်၊ မြန်မာနိုင်ငံရှိ ဟိုတယ်များတွင် မသန်စွမ်းသူများအား အလုပ်အကိုင်ခန့်ထားပေးရန်၊ မသန်စွမ်းသူများ Accessible ဖြစ်စေရန်အတွက် ဟိုတယ်လုပ်ငန်းရှင်များမှ မသန်စွမ်းအသင်းချုပ်နှင့် ချိတ်ဆက်ပြီး ၎င်းတို့၏အတွေ့အကြုံများ၊ အကြံဉာဏ်များရယူဆောင်ရွက်ရန်စသည့် ဆုံးဖြတ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှုကိုပြောကြားသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသည့် မသန်စွမ်းသူများအတွက် ဟိုတယ်လုပ်ငန်းများ၌ အလုပ်ခန့်ထားလျက်ရှိမှုနှင့် ပိုမိုခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်မှုများ၊ မသန်စွမ်းသူများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်မှုများကိုတင်ပြသည်။ အလားတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက နေပြည်တော်၊ မြို့မဈေးနှင့် ရေပန်းဥယျာဉ်များတွင် မသန်စွမ်းသူများအတွက် စံနမူနာပြအဖြစ်ဆောင်ရွက်ထားသည့်အခြေအနေများကို ပြောသည်။ ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစည်းမျဉ်များနှင့် အဆောက်အအုံအမျိုးအစားအလိုက် မသန်စွမ်းများအတွက် ဆောင်ရွက်ပေးရမည့်စံနှုန်းများ ထည့်သွင်းထားမှုများကိုလည်းပြောသည်။ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူးက ဟိုတယ်လုပ်ငန်းများ၌ မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဖြင့် စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် အကျိုးအမြတ်များရရှိနိုင်မည့်ကိစ္စများ၊ ဟိုတယ်လုပ်ငန်းများအနေဖြင့် မသန်စွမ်းသူများ၏ သဘောသဘာဝကိုသိရှိအောင် လေ့လာဆောင်ရွက်ပေးစေချင်သည့်ကိစ္စနှင့် မသန်စွမ်းသူများအား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၌ အလုပ်ခန့်ထားရန်လိုအပ်သည့် ချဉ်းကပ်ဆောင်ရွက်မှုများကို အသင်းချုပ်အနေဖြင့် သော်လည်းကောင်း၊ မသန်စွမ်းအဖွဲ့အစည်းအသီးသီးမှသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ပေးရန် အဆင်သင့်ရှိပါကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများက ဟိုတယ်လုပ်ငန်းများတွင် မသန်စွမ်းသူများအား အလုပ်ခန့်ထားနိုင်ရေးဆောင်ရွက်မည့် ကိစ္စများကိုလည်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ES

# စွန့်စွန့်စားစား ရောဝတီသား

နေမျိုးနွယ် (ရောဝတီ)

ရာသီကတော့ ဆောင်းအကုန်နွေအကူး ကာလရောက်ပြီး အအေးပေါ့လာပေမယ့် ဒီအချိန်မှာ နှင်းကျလေ့ရှိသည်။ နှင်းကျသည့် နံနက်ပိုင်းတွင် ဒလနှင့် ရန်ကုန်ဘက်ကမ်း ပုံမှန်ပြေးဆွဲပေးနေသည့် ခရီးသည်ကူးတို့ရေယာဉ်များ အထူးသတိထားခုတ်မောင်းနေရသည်။ တွဲတေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေးနှင့် ပင်လယ်ကမ်းခြေရှိ မြို့ရွာများမှ ခရီးသွားပြည်သူများအားထားနေရသည့် ခရီးလမ်းဖြစ်သည်။

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီ (၁၈)ရက်ကတော့ ဖေ့စ်ဘွတ်ခ်ပေါ်မှ သတင်းတစ်ပုဒ်အရ မြန်မာပြည်အနှံ့ အုံ့အားသင့်မှုနှင့် ဝမ်းသာပီတိဖြစ်သူများရှိကြသည်။ အဲ့ဒီနေ့က ချယ်ရီ – ၁ ရေယာဉ်ဟာ ပန်းဆိုးတန်းနှင့်ဒလ ဘက်ကမ်းသို့ ခရီးသည်ကူးတို့အနေဖြင့် ပုံမှန်ခုတ်မောင်းလျှက်ရှိသည်။ နံနက်ပိုင်းခေါက်များတွင် ခရီးသည်လိုက်ပါမှုများလေ့ရှိသည်။ နံနက် (၁၀)နာရီလောက်တွင် ခရီးသည်လိုက်ပါမှုလျော့နည်းလာပြီး ပုံမှန်ပြေးဆွဲခဲ့သည်။ ချယ်ရီ – ၁ ရေယာဉ် ဒလဆိပ်ကမ်းမှ (၁၀)နာရီ (၂၀)မိနစ်အတွက် ပဲ့ပိုင်းထောက်ပြီး ဦးခွာထွက်ရန် ဆောင်ရွက်နေစဉ်ဖြစ်သည်။

ထိုအချိန်တွင် ရေယာဉ်ပဲ့ပိုင်းတံခါးမှ ခရီးသည်တစ်ဦး ရေထဲပြုတ်ကျသွားသည်ကို တက်မစင်မှ ရေယာဉ်အုပ် ဦးမြင့်အေးတစ်ယောက် မဆိုင်းမတွေဘဲ ခရီးသည်အားဆယ်ယူရန် အပေါ်ဆုံးသုံးထပ်မှ ရေထဲခုန်ချသွားခဲ့သည်။ ခရီးသည် ရေထဲပြုတ်ကျသွားတာနဲ့ ရေယာဉ်အုပ် တက်မစင်မှခုန်ချသွားတာကိုမြင်တဲ့ သင်္ဘောသား ကိုမျိုးအောင်မှာလည်း သင်္ဘောအောက်ထပ်မှ ရေထဲသို့ ခရီးသည်အား ဆယ်ယူရန်ခုန်ဆင်းသွားခဲ့သည်။

ရေထဲပြုတ်ကျသွားသည့်ခရီးသည်မှာ ရေးမြို့မှ အသက် (၃၄)နှစ်အရွယ် မခင်ချမ်းမြေ့ဦးဖြစ်ကြောင်း သင်္ဘောဂွာစဉ် ဒလဆိပ်ခံတံတားခ္ဍ သူ့အစ်မကျန်ခဲ့လို့ စိတ်ဆန္ဒစောပြီး ဇောနှင့် ခရီးသည်အတက်အဆင်းတံခါးချိတ်အား ဖြုတ်ပြီး ဒလဆိပ်ခံပေါ်သို့ ခုန်တက်လိုက်ခြင်းဖြစ်သည်။ ဆိပ်ခံပေါ်သို့မရောက်ဘဲ ရေထဲပြုတ်ကျသွားခဲ့သည်။ ရေယာဉ်အမှုထမ်းများ စွန့်စွန့်စားစား ဆယ်ယူပေးမှုကြောင့် အသက်မသေဘဲ အန္တရာယ်ကင်းဘေးရှင်းသွားခဲ့သည်။

ဦးမြင့်အေးနှင့် ကိုမျိုးအောင်တို့နှစ်ဦး ရေထဲခုန်ဆင်းသွားသည့်မြင်ကွင်းကို သတင်းထောက်တစ်ဦးက လျှပ်တပြက် ဓာတ်ပုံရိုက်နိုင်ခဲ့သည်။ အဲ့ဒီဖြစ်စဉ်နှင့် လူပ်ရှားမှုပုံရိပ်ကို ဖေ့စ်ဘွတ်ခ်မှာတင်လိုက်သဖြင့် တစ်နိုင်ငံလုံးသိပြီး အံ့သြနာဘန်းဖြစ်သွားရသည်။

ရေယာဉ်အုပ်ဦးမြင့်အေးမှာ ဗိုလ်တထောင်ကုန်စည်ဌာနခွဲမှ မြစ်ဝကျွန်းပေါ်ဌာနခွဲသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ လုပ်သက်များပြီး အတွေ့အကြုံရှိသူဖြစ်သည်။ ရှေ့နှစ်ဆန်းတွင် သက်ပြည့်အင်ဂြိမ်းစားယူတော့ မည့်သူဖြစ်သည်။ ချယ်ရီ – ၁ ရေယာဉ်အပေါ်ဆုံးထပ်တက်မစင်မှ စွန့်စွန့်စားစား ရေထဲသို့ခုန်ချပြီး ခရီးသည်ရဲ့ ခရီးသည်ရဲ့အသက်ကို ကယ်ဆယ်ရဲတဲ့သတ္တိ၊ ခရီးသည်အားကယ်ဆယ်ရန် လူမှုရေးစိတ်ပြည့်ဝမှုနှင့် စေတနာကောင်းထားရှိမှုအား ချီးကျူးမိသည်။

အဲ့ဒီဖြစ်စဉ်ကို ကြားသိရပြီး ဌာနမှအင်ဂြိမ်းစားယူသွားသည့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်ကဆုငွေကျပ် (၂)သိန်းကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်က သွားရောက်ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနကြီး၏ "ရောဝတီ ကျန်းမာရေး၊ နာရေးကူညီထောက်ပံ့မှုအသင်း" ကလည်း ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက်တွင် ဂုဏ်ပြုလက်မှတ်သွားရောက်ချီးမြှင့်ခဲ့သည်။

အဲ့ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ချီးကျူးထောပနာပြုမှုတွေ ပလူပျံအောင်တင်နေကြသည်။ နေပြည်တော်မှ ကျောက်စိမ်းတည်းခိုခန်းပိုင်ရှင် ဦးခင်ထွန်းမှ ဂုဏ်ပြုဆုငွေ ကျပ် (၃) သိန်း ဂုဏ်ပြုချီးမြှင့်လိုကြောင်း တွေ့မြင်လိုက်ရသည်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၁)ရက်က စံတော်ချိန်သတင်းစာတွင် ပြည်ထောင်စုဝန်ကြီးက ဦးမြင့်အေးအား ဂုဏ်ပြုချီးမြှင့်ပေးရမည့်အကြောင်း ဖတ်လိုက်ရသည်။ (၂၄)ရက် စံတော်ချိန်သတင်းစာတွင်လည်း ဂုဏ်ပြုသတင်းတစ်ပုဒ်ဖတ်လိုက်ရသည်။ တွံတေးကားလေးဂိတ်မော်တော်ယာဉ်ဥက္ကဋ္ဌ ဦးမြင့်သိန်းမှဦးဆောင်ပြီး ဆုငွေကျပ် (၅)သိန်းပေးအပ်ပွဲကို ဒလပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ချီးမြှင့်ခဲ့သည်။

ဌာနမှ ရေယာဉ်ဝန်ထမ်းများမှာ မမျှော်လင့်ဘဲ ခရီးသည်တစ်ဦးဦး အန္တရာယ်နှင့်ကြုံပါက စွန့်စွန့်စားစားကူညီဆောင်ရွက်မှုများရှိခဲ့သည်။ ဒီခေတ် သတင်းမီဒီယာစနစ် တိုးတက်လာမှုကြောင့် ဖြစ်စဉ်သတင်းများအား အချိန်နှင့်တပြေးညီ သိလာကြသည်။

ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဌာနမှဝန်ထမ်းများအား မကြာခဏ သင်တန်းပေးမှုများရှိခဲ့သည်။ ရေယာဉ် သောင်တင်၊ မီးလောင်၊ သင်္ဘောတိုက်ခြင်း၊ ခရီးသည် မတော်တဆကျခြင်း၊ မုန်တိုင်းအခြေအနေဖြစ်ခြင်း၊ ကမ်းတိုးခြင်း၊ တက်မကြိုးပြတ်ခြင်း၊ စက်ချို့ယွင်းခြင်းများဖြစ်လျှင် မည်သို့ဆောင်ရွက်ကြရမည်များကို သရုပ်ပြလေ့ကျင့်သင်ကြားပေးမှုများ ရှိခဲ့သည်။

ပန်းဆိုးတန်းနှင့် ဒလပြေးဆွဲနေသော ချယ်ရီရေယာဉ်ကြီးများမှာ ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းအကူအညီဖြင့် ရရှိထားသောရေယာဉ်များဖြစ်သည်။ စက်နှစ်လုံးတပ် ပဲ့ထိုင်ရေယာဉ်များဖြစ်သည်။ ရေယာဉ်အကပ်အခွာကောင်းသည်။ ရေယာဉ်ဆိပ်ခံကပ်လျှင် အကြားအလပ်မရှိသည့် အနေအထားရှိသည်။ အနိမ့်အမြင့် တပြေးညီရှိသည်။ ဟိုယခင်က ကားတာယာများခံပေးရသဖြင့် အတက်အဆင်းအန္တရာယ်များရှိခဲ့သည်။

အဲ့ဒီနေ့ဖြစ်စဉ်က ခရီးသည်မှ စိတ်ဆန္ဒစောပြီး ဖြစ်လိုဇောဖြင့် ပြုမူမှုကြောင့် ရေထဲပြုတ်ကျသွားရခြင်းသာဖြစ်သည်။ ရေယာဉ်အမှုထမ်းများရဲ့ ကူညီဆောင်ရွက်မှုမှာလည်း အသက်အန္တရာယ်ရှိနိုင်သည်။ ဟိုတစ်ချိန်က မြန်မာပြည်မှ စိုင်းအောင်လှိုင်မြင့်မှာ အသက်အန္တရာယ်ကို အမှုမထားဘဲ ကူညီဆောင်ရွက်မှုကြောင့် ကမ္ဘာ့ကြက်ခြေနီအသင်းကြီးမှ ဟင်နရီဂျုးနန့်ဘွဲ့ပေးဖူးသည်။

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်၊ ဒလဆိပ်ကမ်း ချယ်ရီ – ၁ ရေယာဉ်ဖြစ်စဉ်ကတော့ တစ်နိုင်ငံလုံး စိတ်ဝင်တစား အမှတ်တရချီးမွမ်းခဲ့ကြသည်။ စွန့်စွန့်စားစားဇောဝတီသားတို့ရဲ့ ကူညီဆောင်ရွက်ပေးမှုပုံရိပ်အား မှတ်တမ်းတင်ရေးမိလိုက်ပါသည်။ ။

# ကာယိန္ဒြေ ပျက်ပြားအောင် နှောင့်ယှက်ခြင်းကို “ရောင်စုံခွန်အား” သီချင်းဖြင့် အသိပညာပေး

မြန်မာအမျိုးသမီးများအတွက် ပိုမိုလုံခြုံသော ဝန်းကျင်တစ်ခုဖန်တီးပေးနိုင်ရန် Girl Determinedနှင့် ရောင်စုံမိန်းကလေးငယ်များ (Colorful Girls) အဖွဲ့တို့သည် Save the Children မှ ဦးစီးသည့် SHIFT အစီအစဉ်တွင် အတူတကွပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ကျေးလက်ရွာများရှိ ဆယ်ကျော်သက်မိန်းကလေးများဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့တစ်ဖွဲ့သည် ကာယိန္ဒြေပျက်ပြားအောင် ဆိုးရွားစွာနှောင့်ယှက်ခံရလေ့ရှိသည့်ပြဿနာအား ထိရောက်စွာအသိပညာပေးနိုင်ရန်နှင့် မိမိကိုယ်တိုင်အတွက်သာမက တခြားသူများအတွက်ပါ လက်တွဲဖေးကူပေးနိုင်ရန် တိုက်တွန်းထားသည့် သီချင်းတစ်ပုဒ်ကိုဖန်တီးကာ လူအများသိရှိနိုင်ရန် သတင်းစကားဖြန့်ဝေပေးလျက်ရှိခြင်းဖြစ်သည်။

အဆိုပါ ရောင်စုံခွန်အားအမည်ရှိသီချင်းကို အဆိုတော်ယွန်းနီကို (360beatz) က ရေးဖွဲ့သီဆိုထားပြီး ရန်မျိုးနိုင်က ပါဝင်ကူညီရေးသားပေးထားကာ ကိုသားငယ် (PLUG Music Production) က တီးခတ်ဖန်တီးပေးထားသည်။

သီချင်းစာသားများသည် Bridge က ဦးဆောင်ပြုလုပ်သောရောင်စုံ မိန်းကလေးငယ်များအဖွဲ့အတွက် သုံးရက်တာတွေ့ဆုံ ဆွေးနွေးမျှဝေခြင်းမှ ရရှိသောအတွေ့အကြုံများနှင့် ခံစားချက်အစစ်အမှန်များကိုသာ အခြေခံထားသည်။ ၎င်းတို့အနေဖြင့် ကာယိန္ဒြေပျက်ပြားအောင် အနှောင့်အယှက်ခံရသောအခါ (သို့မဟုတ်) အခြားမိန်းကလေးများ အနှောင့်အယှက်ပေးခံရသည်ကိုမြင်သောအခါ ခံစားရသည့်အတွေးများ၊ ခံစားမှုများကိုစိတ်ကူးပြီး စာများဖြင့်ပုံဖော်ရေးသားစေခြင်းနှင့် ပုံများရေးဆွဲစေခြင်းများမှတစ်ဆင့် တေးသီချင်းရေးစပ်သူများအတွက် စွမ်းအားပြင်းသောစည်းချက်များအဖြစ် ပြောင်းလဲပေါင်းစပ်စေနိုင်ခဲ့သည်။

ရောင်စုံခွန်အားသီချင်းသည် ကာယိန္ဒြေပျက်ပြားအောင် နှောင့်ယှက်ခံရသော မိန်းကလေးတစ်ဦးရှိထောင့်မှ ရှုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ကာယိန္ဒြေပျက်ပြားအောင် နှောင့်ယှက်ခံရခြင်း၏ စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများကို ထုတ်ဖော်ပြောဆိုဖို့ အားပေးထားပြီး တခြားသောမိန်းကလေးများကိုလည်း အလားတူပြုလုပ်ဖို့ အားပေးထားခြင်းဖြစ်သည်။ ထို့အပြင်မိန်းကလေးများအား နှောင့်ယှက်တတ်သည့် ယောကျ်ားလေးအချို့ကိုလည်း သူတို့၏အပြုအမူကို ပြန်လည်ရှင်းပြရန်စိန်ခေါ်ထားပြီး ယောကျ်ားလေးများအနေဖြင့် မိန်းကလေးများကို နှောင့်ယှက်မည့်အစား မိတ်ဖွဲ့ဖေးမခြင်းဖြင့် ယောကျ်ားပီသခြင်းအစစ်အမှန်ကို ပြသပေးရန်တောင်းဆိုထားသည်။

“ကာယိန္ဒြေ ပျက်ပြားအောင် နှောင့်ယှက်တာဟာ နှစ်ပေါင်းများစွာကြာအောင် နှုတ်ဆိတ်နေခဲ့ကြတဲ့ ပြဿနာတစ်ခုဖြစ်ပြီး Colorful Girls လေးတွေပြုလုပ်တဲ့ ဒီ Social ကမ်ပိန်းကနေ အားလုံးသိလာအောင် အသံလွှင့်ပြောပြဖို့နဲ့ တစ်ယောက်ယောက် နှောင့်ယှက်ခံရတော့မှာကို တွေ့တဲ့အခါမှာလည်း ထုတ်ဖော်ပြောဆိုဖို့ စိတ်ခွန်အားပေးခဲ့ပါတယ်” ဟု တေးရေး-တေးဆို ယွန်းနီကို ကပြောသည်။

ကာယိန္ဒြေပျက်ပြားအောင် နှောင့်ယှက်ပေးခံရခြင်း (သို့မဟုတ်) နှောင့်ယှက်ခြင်းခံရသည်ကို တွေ့မြင်ရသော်လည်း ကြောက်လန့်ခြင်း (သို့မဟုတ်) ထုတ်ဖော်ပြောဆိုခြင်းမပြုရဲသူများအတွက် သီချင်းလေးက အားလုံးအတူတကွပါဝင်ပြီး အင်အားပြကူညီ လက်ခုပ်တီးပေးပါရန် အကြံပေးထားပါသည်။ ထိုအကြောင်းကို မြန်မာပြည်အနှံ့ ပျံ့နှံ့သိရှိစေရန်အတွက် Shift ၏ Facebook စာမျက်နှာတွင် သီချင်းစာသားပါဝင်သည့် ဗီဒီယိုတစ်ခုလွှင့်တင်ခဲ့ပြီး ရောင်စုံမိန်းကလေးငယ်များအဖွဲ့ကလည်း တခြားသူများအား လက်ဆင့်ကမ်းမျှဝေပေးကာ မည်သူမဆို ကိုယ်ပိုင်ပုံစံဖြင့် ရောင်စုံခွန်အားသီချင်းလေးကို ပြန်လည်သီဆိုပေးရန် ဖိတ်ခေါ်ခဲ့ကြသည်။ ၂၀၀၈ ခုနှစ်တွင် Girl Determined အဖွဲ့ကို မိန်းကလေးများ၏အရေးပါသောလိုအပ်ချက်များနှင့် ပတ်သက်သော ပထမဆုံးဆွေးနွေးမှုအပြီးခ်ဉ် ရပ်တည်မှု ပိုမိုခိုင်မာလာစေရန်အစပျိုးခဲ့သည်။ ထို့နောက် ၂ နှစ်ခန့်အချိန်ယူကာ သေသေချာချာဆွေးနွေးလုပ်ဆောင်ပြီးသောအခါမှ Girl Determined ကို စတင်တည်ထောင်ပြီး ရောင်စုံမိန်းကလေးများစက်ဝိုင်း (Colorful Girls Circles) အဖွဲ့ကိုစတင်မိတ်ဆက်ခဲ့သည်။ Girl Determined အဖွဲ့သည် မိန်းကလေးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် မည်သည့်အရာများကို လိုအပ်ကြောင်းလိုချင်ကြောင်းကို အားလုံးထက်ပို၍ ရှင်းလင်းစွာ သိသူများဖြစ် ကြသည်ဟုယုံကြည်ထားသည်။ မြန်မာနိုင်ငံရှိ မိန်းကလေးငယ်များ၏ ဦးဆောင်နိုင်မှုကို မြှင့်တင်ပေးပြီး မိန်းကလေးငယ်များအတွက် တရားမျှတမှုနှင့် သိက္ခာတရားနှင့် ပတ်သက်ပြီး တောင်းဆိုနိုင်သော အဝန်းအဝိုင်း တစ်ခုပေါ်ပေါက်လာရန် ဖန်တီးပေးလျက်ရှိသည်။ ES

# ကမ္ဘာတွင် 5G စီးပွားဖြစ် အသုံးချမှုကို မြှင့်တင်ပေးမည့် အဓိကအထောက်အပံ့ (၁၀) ခုကို Huaweiမိတ်ဆက်




Huawei 5G Product Line ၏ ဥက္ကဋ္ဌ Yang Chaobinက 5G ဖြစ်ထွန်းအောင်မြင်စေရန် စွမ်းဆောင်မှုပေးမည့် Huawei ၏ အဓိကအထောက်အပံ့ (၁၀) ခုကိုမိတ်ဆက်လိုက်သည်။ ယင်းတို့တွင်၊ ကြိမ်နှုန်း (frequency) အားလုံးတို့ကို 5G အဖြစ်သို့ ဆင့်ကဲပြောင်းလဲစေရာတွင် အကူအညီပေးမည့် ultra-broadband ထုတ်ကုန်နှင့် solutionsများ၊ အော်ပရေတာများအား ဝန်ဆောင်မှုစွမ်းဆောင်ရည်ကို အပြည့်ဝဆုံး တည်ဆောက်နိုင်ရန် အကူအညီပေးမည့် ဆန်းသစ်သော super uplink အဆက်အစပ်များနှင့် ပိုင်းကန့်ခွဲခြားမှုဆိုင်ရာ ဖြေရှင်းမှုနည်းလမ်းများပါဝင်သည်။ ယင်းပို့ပိုးမှုများသည် တစ်ကိုယ်ရည်သုံးစွဲသူများ၊ အိမ်သုံးသုံးစွဲသူများကို ပိုမိုကောင်းမွန်သည့် အထောက်အပံ့ပေးနိုင်ရန်ရည်ရွယ်ပြီး လုပ်ငန်းသုံးစွဲသူများအတွက် 5G ခေတ်တွင် လုပ်ငန်းအောင်မြင်မှုကို အရယူနိုင်စေရန်ရည်ရွယ်သည်။

Huawei က 5G လုပ်ငန်းတွင် အ ပေါ့ပါးဆုံးသော Massive MIMO AAU ကိုလည်း မိတ်ဆက်ထားသည်။ ယင်းက ၂၅ ကီလိုဂရမ်သာ လေးပြီး လူတစ်ယောက်တည်းဖြင့် သယ်ပို့နိုင် တပ်ဆင်နိုင်သည့်အပြင် အာမခံချက်ပေးသည့်အတိုင်း ကောင်းမွန်သည့် စွမ်းဆောင်ရည်ကို ပေးစွမ်းနိုင်သည်။ ယင်း Massive MIMO AAU က အော်ပရေတာများ၏ ကွန်ရက်တည်ဆောက်ရေး စွမ်းဆောင်ရည်ကို အကြီးအကျယ်မြှင့်တင်ပေးနိုင်သည်။

5G ခေတ်တွင် အသာလွန်ဆုံးသော 5G အတွေ့အကြုံကိုရရှိရန်အတွက် ကြိမ်နှုန်းကြီးမားပြီး အဆက်မပြတ်လည်ပတ်နိုင်သည့် TDD spectrum က အကောင်းဆုံးရွေးချယ်မှုဖြစ်သည်။ သို့သော် ဂြိုဟ်တုအနေအထားကြောင့်ဖြစ်စေ၊ စနစ်တင်းကြပ်သည့် နေရာချထားမှုကြောင့်ဖြစ်စေ အော်ပရေတာအများစုမှာ ပြတ်တောက်သည့် spectrum အစိတ်အပိုင်းများကိုသာ ရရှိကြသည်။ Huawei က 5G လုပ်ငန်းနယ်ပယ်တွင် တစ်ခုတည်းသော ကြိမ်နှုန်း 400 MHz ထောက်ပံ့ပေးနိုင်သည့် အထူးကြိမ်နှုန်းမြင့် (ultra-broadband) solution စီးရီးအပြည့်အစုံကို မိတ်ဆက်ခဲ့သည်။ module တစ်ခုတည်းနှင့်ပင် 400 MHz အတွင်းရှိ စနစ်တင်းကြပ်သော spectrum များအားလုံးကို အသုံးပြုနိုင်မည်ဖြစ်သည်။ ယင်းက module များကိုချွေတာပေးပြီး site ပြင်ဆင်မှုကို ရိုးစင်းလွယ်ကူစေသည်။ တယ်လီကွန်းအော်ပရေတာများအတွက် site ၄ားရမ်းခနှင့် hardware စရိတ်များကိုလည်း များစွာ လျော့နည်းစေသည်ဟုဆိုသည်။

စွမ်းအင်ကို ထိရောက်စွာသုံးစွဲနိုင်ခြင်းကလည်း မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များ အထူးသဖြင့် 5G ကွန်ရက်များ ရေရှည်ကောင်းမွန်စွာဖွံ့ဖြိုးနိုင်ရေးအတွက် လိုအပ်သည့် အခြားအခြေခံအချက်တစ်ခုဖြစ်သည်။ Huawei သည်၎င်း၏ ရည်ရွယ်ချက် ၄ ခု ဖြစ်သည့် တယ်လီကွန်းကွန်ရက်၊ အိုင်တီ၊ စမတ်စက်ပစ္စည်းများနှင့် cloud ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်သောဆက်သွယ်ရေးဖြင့် အသိပညာရှိသည့် ကမ္ဘာကြီးဖြစ်လာစေရန် တစ်ဦးချင်း၊ တစ်အိမ်ချင်းနှင့် အဖွဲ့အစည်းတစ်ခုစီထံသို့ ပို့ဆောင်ပေးလျက်ရှိကြောင်းသိရသည်။ Huawei သည် ဝန်ထမ်းပေါင်း ၁၈၀,၀၀၀ ကျော်ဖြင့် နိုင်ငံပေါင်း ၁၇၀ ကျော်တွင် ဝန်ဆောင်မှုပေးလျက်ရှိသည်။ Huawei ကို ၁၉၈၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အဆိုပါ ကုမ္ပဏီသည် ၎င်း၏ဝန်ထမ်းများမှ အပြည့်အဝပိုင်ဆိုင်သော ကုမ္ပဏီတစ်ခုဖြစ်သည်။

ES

# Samsung က Galaxy S20 နှင့် Galaxy Z Flip စမတ်ဖုန်းအသစ်များအား မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်

Samsung Electronics Co., Ltd သည် ခေတ်မီဆန်းသစ်မှုအရှိဆုံးနည်းပညာများနှင့် လုပ်ဆောင်ချက်များအား ထည့်သွင်းတည်ဆောက်ထားသည့် ၎င်း၏ အရည်အသွေးမြင့် စမတ်ဖုန်းအမျိုးအစားသစ်များ ဖြစ်သော Samsung Galaxy S20, S20+, S20 Ultra နှင့် Galaxy Z Flip စမတ်ဖုန်းများအား မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလ ၂၈ ရက်က မိတ်ဆက်ခဲ့သည်။

GalaxyS20 စီးရီးစမတ်ဖုန်းများတွင် ပိုမိုကောင်းမွန်သော ရုပ်ထွက်အရည်အသွေးနှင့် လုပ်ဆောင်ချက်များအား ရရှိခံစားသွားနိုင်စေရန်ရည်ရွယ်၍ ပိုမိုကြီးမားသော ပုံရိပ် sensor အား အသုံးပြုထားသည့် မျိုးဆက်သစ် ကင်မရာကိုလည်း Samsung က ထည့်သွင်းပေးထားသည်။ စွဲမက်ဖွယ်ဒီဇိုင်းဖြင့် ဖက်ရှင်ကျနလှပသော Galaxy Z Flipစမတ်ဖုန်းသည်လည်း အနာဂတ်စမတ်ဖုန်းအသုံးပြုမှု အတွေ့အကြုံအားအသုံးပြုသူများထံ ပေးအပ်သွားနိုင်မည်ဖြစ်ပြီး လက်တစ်ဖက်တည်းဖြင့် လွယ်ကူကျနစွာကိုင်တွယ်အသုံးပြုသွားနိုင်မည်ဖြစ်သည်။

အဆိုပါ စမတ်ဖုန်းအမျိုးအစား ၂ မျိုးစလုံးသည် ခမ်းနားထည်ဝါသော အသွင်အပြင်ကို ပေးစွမ်းသွားနိုင်မည်ဖြစ်ပြီး အခြားသောစမတ်ဖုန်းများထက် ပိုမိုကောင်းမွန်သာလွန်သောအသုံးပြုမှု အတွေ့အကြုံများ၊ လုပ်ဆောင်ချက်များအား အသုံးပြုသူများထံ သယ်ဆောင်လာပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ Samsung သုံးစွဲသူများအနေနှင့် GalaxyS20 Series စမတ်ဖုန်းများအား ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်မှ မတ်လ၁၁ ရက်အထိ (ပစ္စည်းလက်ကျန်ရှိသည်အထိ) ကြိုတင်မှာယူနိုင်မည်ဖြစ်ပြီး Galaxy Z Flip စမတ်ဖုန်းများကိုမူ လာမည့် မတ်လအကုန်မှစတင်၍ ကြိုတင် မှာယူသွားနိုင်မည်ဖြစ်သည်။ ကြိုတင်မှာယူလိုသူများအနေနှင့် ရန်ကုန်နှင့်မန္တလေးမြို့များအပါအဝင် နိုင်ငံတစ်ဝန်းမြို့ကြီးများရှိ Samsung အမှတ်တံဆိပ်အရောင်းဆိုင်ကြီးများနှင့် လက်လီအရောင်းဆိုင်ကြီးများတွင် စရန်ငွေ ၁၀၀,၀၀၀ ကျပ်ပေးသွင်း၍ မှာယူသွားနိုင်မည်ဖြစ်သည်။

ကြိုတင် မှာယူထားသူများသည် ၎င်းတို့၏ GalaxyS20 စမတ်ဖုန်းများအား မတ်လ ၁၄ ရက်မှစတင်၍ မတ်လ ၂၂ ရက်အထိ ၎င်းတို့ကြိုတင်မှာယူထားသည့် အရောင်းဆိုင်ကြီးများတွင် သွားရောက်ထုတ်ယူသွားနိုင်မည်ဖြစ်သည်။ Galaxy S20 Series စမတ်ဖုန်းများအားကြိုတင်မှာယူသူများသည် အထူးအခွင့်အရေးအနေဖြင့် Galaxy Buds+ အပြင် သတ်မှတ်ထားသော Samsung လူသုံးအီလက်ထရောနစ်ပစ္စည်းများ၀ယ်ယူရာတွင် အသုံးပြုနိုင်မည့် ၁၀၀,၀၀၀ ကျပ် တန်ဖိုးရှိ လက်ဆောင်ကူပွန်များ (ကူပွန်အသုံးပြုနိုင်မည့်ကာလ – မတ်လ ၁၅ ရက်မှ မေလ ၃၁ ရက်အထိ) အားအထူးလက်ဆောင်များအဖြစ် ရယူသွားနိုင်မည်ဖြစ်သည်။ Galaxy S20 နှင့် Galaxy Z Flip စမတ်ဖုန်းများအား ၀ယ်ယူအားပေးသူများအနေနှင့် အထူးခံစားခွင့်များပါဝင်သည့် Samsung Premium Care ဝန်ဆောင်မှုကိုလည်း ရရှိခံစားသွားနိုင်မည်ဖြစ်သည်။

ဈေးနှုန်းများအနေနှင့် Galaxy S20 အား မြန်မာငွေကျပ် ၁,၄၇၉,၀၀၀ ကျပ် ၊ Galaxy S20+ အား မြန်မာငွေကျပ် ၁,၅၄၉,၀၀၀ကျပ်၊ GalaxyS20 Ultra အား မြန်မာငွေကျပ် ၁,၉၅၉,၀၀၀ ကျပ် နှင့် 8GB RAM နှင့် internal storage 256GBပါရှိသော Galaxy Z Flip အား မြန်မာငွေကျပ် ၂,၂၀၀,၀၀၀ ကျပ်ခန့်ဖြင့် အသီးသီး၀ယ်ယူရရှိသွားနိုင်မည်ဖြစ်သည်။

ES

# သင်္ဘောသားနှင့် အလုပ်

# (Safe anchoring practices)




## မောင်မျိုး

ကုန်သွယ်ရေကြောင်းသင်္ဘောများတွင် သင်္ဘောဦးပိုင်း ဘယ်၊ ညာ တစ်ဖက်စီ၌ ကျောက် (၁) လက်စီပါရှိပါသည်။ ထို့ပြင် အချို့သောသင်္ဘောများတွင် အပို ကျောက်(၁) လက်(One spare anchor) အား သင်္ဘောပေါ်ရှိ သတ်မှတ်နေရာတစ်ခုတွင် တင်ဆောင်ထားရှိပါသည်။

အောက်ပါ အခြေအနေတစ်ရပ်ရပ်တွင် ကျောက်ချခြင်းအမှုကိစ္စဆောင်ရွက်ရပါသည်။

၁။ အချို့သောဆိပ်ကမ်းများတွင် ကုန်တင်/ချခြင်းကို ကျောက်ချပြီး ဆောင်ရွက်ရပါသည်။

၂။ အချို့သောဆိပ်ကမ်းများတွင် ကုန်တင်/ချခြင်းဆောင်ရွက်ရန် ဆိုက်ကပ်နေရာ၊ မလစ်လပ် သေးသဖြင့် ကျောက်ချပြီးစောင့်ဆိုင်းရပါသည်။

၃။ အချို့သောကုန်သယ်ယူပို့ဆောင်သော ခရီးစဉ်များတွင် စက်သုံးဆီ/ ချောဆီ/ စတို/ အပိုပစ္စည်း/ (အစားအသောက်/ အဖျော်ယမကာ) များ တင်ဆောင်ရယူရန်၊ crew change ပြုလုပ်ရန်၊ ကျောက်ချပြီးဆောင်ရွက်ရပါသည်။

ကျောက်ချခြင်းနှင့်စပ်လျဉ်း၍ ဂရုပြုဖွယ်များမှာ-ကက။ အချို့သောဆိပ်ကမ်းများ၏ ကျောက်ချရန် နေရာများမှာ ပြင်းထန်သော လေကွယ်/ အရှိန်ပြင်းရေစီးကြောင်းကွယ် (Safe sheltered anchorage) ဖြစ်၍ အချို့မှာ အဆိုပါ အကာအကွယ်မရှိ/ မရသော (Open weather exposed anchorage) များဖြစ်ပါသည်။ ထို Open anchorage တွင် ကျောက်ချရပ်နားထားပါက ရာသီဥတု အခြေအနေကို မပြတ်ကြည့်ရှုသုံးသပ်ပြီး Beaufort scale 6 ထက်ကျော်လွန်၊ ရာသီဥတုဆိုးလာနိုင်ကြောင်း၊ မိုးလေဝသခန့်မှန်းချက် အရသော်လည်းကောင်း၊ သို့တည်းမဟုတ် ရုတ်တရက် လေပြင်း/လှိုင်းထန်၊ ကြုံတွေ့ရလျှင် သော်လည်းကောင်း၊ ကျောက်မ၍ Searoom များသည့် နေရာ၌ Port Control ၏ ကြပ်မတ်မှု/ သဘောတူ ညီမှုဖြင့် underway/ drifting ပြုလုပ်သင့်ပါ သည်။

၁၁။ Designated Anchorage ရောက်ရှိ ဆိပ်ကမ်း၏ သတ်မှတ်ထားသော ကျောက်ချရန်နယ်နိမိတ် သတ်မှတ်ထားသော ဧရိယာအတွင်း၌ သာ ဂရုပြုကျောက်ချသင့်ပါသည်။ သတိပြုသင့်သည်မှာ IACS classification အဖွဲ့အစည်းမှ ထုတ်ပြန်ချက်အရ သင်္ဘောတစ်စီး ကျောက်မရာတွင် မိမိကျောက်ကြိုးနှင့်အတူ ရေအောက်၌ ကာလတစ်ခုမှ ပြတ်ကျကျန်ရစ်ထားခဲ့သည့် ကျောက်ကြိုးငြိပါလာသည့်အတွက် သင်္ဘောလုပ်ငန်းစဉ် ခရီးနှောင့်နှေးကြန့်ကြာခဲ့ပြီး အချိန်၊ လူ၊ ငွေကြေး စသည်များကုန်ကျခံပြီး ရှင်းလင်းခဲ့ရပါသည် ။ ဤသို့ အလားတူကြုံတွေ့ရပါက Wreck removal certificate နှင့်အညီ သက်ဆိုင်ရာအာမခံအဖွဲ့အစည်းအား အကြောင်းကြားဖြေရှင်းရမည်ဖြစ်ပါသည်။

၁၁။ Anchorage သို့ ကျောက်ချရန်ချဉ်းကပ်စဉ် ကျောက်ချထားသောသင်္ဘောအား မတော်တဆတိုက်မိခြင်း / Anchorage မှ ကျောက်မထွက်ခွာလာသောသင်္ဘောနှင့် မတော်တဆတိုက်မိခြင်း၊ ကျောက်ချထားစဉ် ကျောက်မျှော၍ အခြားသင်္ဘောအား မတော်တဆတိုက်မိခြင်း (သို့မဟုတ်) သောင်တင်သွားခြင်း/ ကျောက်ဆောင်နှင့်တိုက်မိ၍ သင်္ဘောဝမ်းပေါက်ကာ စက်သုံးဆီများ လျှံထွက်ခြင်း (Environmental pollution) အစရှိသော မလိုလားအပ်သော မတော်တဆမှုများ ဖြစ်တတ်၍ ဂရုပြုဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဃဃ။ Anchorage သို့ ကျောက်ချရန်ချဉ်းကပ်စဉ် Safe speed နှင့် မောင်းနှင်ရပါမည် ။ မိမိကျောက်ချမည့် Intended position နှင့် နီးကပ်လာပါက Controllable speed ဖြင့် ချဉ်းကပ်ရပါမည်။

Controllable speed ဆိုသည်မှာ ကြုံတွေ့ရသော ရာသီဥတုအခြေအနေ (ရေစီးနှုန်း၊ လေတိုက်နှုန်း၊ လားရာအရပ်)၊ မိမိသင်္ဘော၏ Astern power ၊ ဥပမာ Manoeuvring full ahead speed:12 knots, ship astern power as per manoeuvring characteristics: 44% ဆိုပါဆို ထိုသို့ဆိုလျှင် ၁၂ x ၀.၄၄= ၅.၂၈ knots, သင်္ဘောအရှိန် ၅ မိုင်ဝန်းကျင်ခန့်တွင် အချိန်မရွေး astern power ဖြင့် စက်မကြီးအားဖြင့် ရပ်တန့်နိုင်သောအရှိန်နှုန်းဖြစ်ပါသည်။

ကျောက်ချမည့်နေရာတွင် ပင်လယ်/ မြစ်ကြမ်းပြင်၌ submarine cables, pipelines, underwater obstructions ကင်းရှင်းမှု ရှိ/ မရှိ စိစစ်စစ်ဆေးရပါမည်။

ရာသီဥတုအခြေအနေ၊ ကျောက်ချနေရမည့်အချိန်ကာလ၊ ပင်လယ်/ မြစ်ကြမ်းပြင်သဘာဝအခြေအနေ (Types Of holding ground/ seabed conditions)၊ အစရှိသောအချက်များပေါ်မူတည်ပြီး Scope/ Good Catenary ရရှိစေရန် ကျောက်မည်မျှအတိုင်းအရှည်ထိ ချမည်ကိုတွက်ချက်ရပါမည်။

အများသုံး Scope formula မှာ Scope = 1.5 x Square root of depth of water ဖြစ်ပါသည်။

ရေအနက် ၂၅ မီတာအတွက် Scope မှာ 1.5 x Square root of 25 = 1.5 x 5 = 7.5 ၊ ကျောက်ကြိုး ၇ စက် (သို့မဟုတ်) ၈ စက်ချနိုင်ပါသည်။

အချို့သော သင်္ဘောကုမ္ပဏီများတွင် ရေအနက် ၄၅ မီတာကျော်ပါက Deep Sea anchoring အဖြစ် သတ်မှတ်ပြီး သတ်မှတ် Scope ရောက်သည်ထိ zero ground speed, chain up & down with walk back ကျောက်ကြိုး ၉ စက်ထိ ဂီယာအသုံးပြု၍ချပြီး စက်မကြီးအား လိုအပ်သလိုအသုံးပြု၍ anchor fouling မဖြစ်ရန်နှင့် good catenary ရရန် ဆောင်ရွက်ကြရပါသည်။

Scope ၊ မိမိကျောက်ကြိုးအတိုင်းအရှည်ပေါ်မူတည်ပြီး Safe anchor swinging room တွက်ချက်ရပါသည် ။ Scope = ၉စက်၊ Ship length overall : 190 မီတာ၊ safety allowance with other vessels: 0.3 nautical mile ဆိုပါဆို။ ကျောက်ကြိုး ၁ စက်လျှင် ၂၇.၅ မီတာရှိပါသည်။ ရေမိုင် ၁ မိုင်လျှင် ၁၈၅၂ မီတာရှိပါသည်။

Safe anchor swinging room = Scope + Ship length overall + safety allowance with other vessels

So, [(9x27.5)+ 190 ]|1852 + 0.3 = 0.236 +0.3 = 0.536 nautical mile

မိမိကျောက်ချလိုသောနေရာမရောက်မီ ရေစီး/ လေတိုက်ရာအရပ်နှင့် ထောင့်မှန်ကျအရပ်ထိ သင်္ဘောဦးကိုလှည့်ပါ။ ကျောက်ချမည့်နေရာအနီးသို့ ရောက်လျှင် လုံးဝရပ်တန့်၍ Take all way off (zero ground speed) ထိုသို့ သင်္ဘောဦးကိုလှည့် အရှိန်ကုန်ရပ်တန့်ပြီးနောက် ရေစီး/ လေတိုက်ရာအရပ်ဘက်ရှိ ကျောက်အားချပါ။

ရေအနက် ၂၅ မီတာ အတွက် Scope မှာ 1.5 x Square root of 25 = 1.5 x 5 = 7.5 ၊ ကျောက် ကြိုး ၇ စက်ချရာတွင် ကျောက် ၁ စက်အား ဂီယာသုံး၍ လျှော့ချပါ။ ပြီးနောက် ဘရိတ်ဖမ်းဂီယာဖြုတ်ပါ။ ထို့နောက် ကျောက်ချရန်အသင့်အနေအထားမှ ကျောက်ဘရိတ်အားအသုံးပြု၍ ဘရိတ်ဖွင့်၍ချပါ။ ဘရိတ်အား အပြည့်ဖွင့်၊ အပြည့်ပိတ်စံနစ်အားအသုံးပြုပါ။ ဘရိတ်တစ်ဝက်တစ်ပျက်ဖွင့်ခြင်း (Riding the brake) မပြုလုပ်ရပါ။ ထိုသို့ပြုခြင်းသည် Brake band liner ကို ထိခိုက်ပျက်စီးစေပြီး ကျောက်ကြိုးချစဉ် ဘရိတ်ရှောပြီး အဆိုးဆုံးအဆင့်အနေဖြင့် ကျောက်ကြိုးပြတ်ထွက် Anchor lost ဖြစ်တတ်ပါသည်။

ရေစီးအားဖြင့် ကျောက်ကြိုးအား ဘရိတ်နှင့်ထိန်း၍ချပြီး ၇ စက်ရောက်ခါနီးသည်နှင့်တစ်ပြိုင်နက် ဘရိတ်ဖမ်း (Hold on chain / Tighten anchor windlass brake), bow stopper ချ။ ကျောက်ဂီယာ ဖြုတ်ပါ။ ရှေးဦးစွာ ကျောက်ကြိုးတင်းလာပြီး သင်္ဘောနောက်ဆင်းနှုန်း တုန့်သွားပါမည် ။ ထို့နောက် ရေစီးနှင့် ဦးတည်အရပ်ဆီ သင်္ဘောဦးလည်လာပြီး ကျောက်ကြိုး မျဉ်းကွေးသဏ္ဌာန်လျော့အိုက်ကျ (Good catenary) ရလျှင် ကျောက်မြဲ (anchor brought up) ဖြစ်ပါပြီ။

အရေးပေါ်အချိန် အသင့်ဖြစ်ရန် စက်မကြီးအား (Engine on short notice / Standby Engine) ထား၍ (Good anchor Watch with vigilance) ထားရှိရပါမည်။

ဤကဲ့သို့ ဂရုပြုဆောင်ရွက်ရမည် ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

Class societies have unified rules for the design of anchoring equipment, but the rules are based ONLY upon sheltered waters. Safety Management Systems often ignore this vital fact!

The maximum environmental loads are:

Current velocity: maximum 2.5m/s or 5 knots

Wind velocity: maximum 25m/s or 48 knots

No waves (sheltered waters).

Investigations into the root causes for losses of anchors have shown that, in a majority of the cases, the environmental conditions exceeded those stated above.

Many anchoring locations are outside sheltered waters and an equivalent environmental load for such areas is regarded as:

Current velocity: maximum 1.5m/s or 3 knots

Wind velocity: maximum 11m/s or 21 knots

Significant wave height: maximum 2m.

In broad Beaufort wind scale terms it is generally accepted that anchoring limits are set at Force 6.

**Conclusions**

Key points that will prevent most anchoring equipment incidents are ...

1. Remember it is the catenary in the cable that anchors the ship.
2. Pay out more cable to establish catenary often re-anchors a dragging vessel BUT....
3. Always allow room for swinging towards other vessels. If adequate room is a concern then engines must be on immediate standby, (or alternatively heave anchor and find a safer location).
4. Never ride the band brake letting go. It WILL overheat and it will FAIL. Full off – Full on only.
5. Nurture the windlass motor by only ever heaving in slack cable.... It is the weakest link!
6. Keep anchors tightly secured at sea especially in heavy weather and check securing daily.
7. Always take account of the maximum environmental loads for the equipment as designated by Class.

The rate of drift when dragging anchor can be alarming.

– Masters must take early action when close to the shore in poor weather

– When anchoring close to shore consider to have the main engines on standby

– Masters should ensure adequate anchor cable is used in the prevailing conditions The advice contained is clear.

– Masters must take note of the advice contained in the pilot books/sailing directions

– Masters must place the safety of the vessel and its crew above commercial considerations

– Masters must be aware of possible dangerous situations developing and take early and effective action

– Masters must check the proximity of sea bed pipelines and cables from up to date chart information before anchoring

– Masters must be aware of the limitations of the anchoring equipment

It is vital to have a full bridge team available, who know the anchoring plan and maintain a vigilant look out at all times.

– Masters must ensure the bridge team is well trained

– Masters must seek out advice on ship movements before entering congested anchorages, particularly at night

– Always maintain a good look-out, especially at anchor

– Be aware that other vessels' anchor watches may not be as diligent as your own

– Use your radar and GPS alarm rings as an additional warning too

# သင်္ကြန်အင္မေ့အသက်များနှင့် သီချင်းရပ်ရှင် ကြည့်မယ်ဆိုရင် "ပိတောက်ကတ္တဲ့ဂီတ"

နာမည်ကျော် လူငယ်အဆိုတော် တစ်ဦးဖြစ်သည့်အဂ္ဂါစိုင်းသည် မန္တလေးသင်္ကြန်ကာလ ဖျော်ဖြေပွဲအပြီးတွင် သူလေ့လာချင်သည့်ဂီတအတွက် မန္တလေးမြို့၏ ဂုဏ်ဆောင်မြို့မတူရိယာအသင်းထံသို့သွားရောက်လေ့လာလည်ပတ်ခဲ့သည်။ မဟာမုနိဘုရားကြီးသို့သွားရင်း ဝတ်ရွက်အသင်းမှ မိန်းကလေး၏အသံသည် အဂ္ဂါစိုင်းကိုဆွဲဆောင်ခဲ့ပြီး ထိုအသံပိုင်ရှင်ကို တွေ့ရလိုစိတ်များနေခဲ့သည်။ ထို့အပြင် သူ၏သီချင်းသစ်အတွက် MTV ကိုလည်း မန္တလေး၌ပင်ရိုက်ကူးရန် စီစဉ်ထားသည်။ ထို MTV တွင် ပါဝင်မည့် မြန်မာ့စောင်းတီးခတ်သူမှာ ရိုက်ကူးရေးနေ့တွင် လာရန်အဆင်မပြေဖြစ်သွားခဲ့သည်။ ထို့ကြောင့် မြို့မတူရိယာအသင်းသို့ သွားရောက်လည်ပတ်စဉ်က ခင်မင်ခဲ့သည့်ဌာ္ဏ္ဍသမီးဖြစ်သူတို့၏ကူညီမှုဖြင့် ပိုးမဒီဆိုသည့် မိန်းကလေးနှင့်ခင်မင်ခွင့်ရခဲ့သည်။

ရန်ကုန်သို့မပြန်မီ နံနက်စော စော အဂ္ဂစိုင်းတစ်ယောက် ဝတ်အသင်းမှ အသံပိုင်ရှင်မိန်းကလေးကိုရှာဖွေရန် ဘုရားသို့သွားရောက်ခဲ့ပြီး အသံပိုင်ရှင်မိန်းကလေးမှာ ပိုးမဒီဖြစ်နေခဲ့သည်။ အဂ္ဂါစိုင်းတို့၏လည်ပတ်မှုတွင် ပိုးမဒီတို့ညီအစ်မများကလိုက်ပို့ရင်း ပိုးမဒီနှင့်အဂ္ဂါစိုင်းတို့ ပိမိုရင်းနှီးလာခဲ့သည်။ ပိုးမဒီက အဂ္ဂါစိုင်းအပေါ် စိတ်ဝင်စားသော်လည်း အဂ္ဂါစိုင်းက ချစ်ခွင့်ပန်ချိန်တွင် မယုံကြည်နိုင်ဘဲဖြစ်နေခဲ့သည်။ ဤသို့ဖြင့် ရန်ကုန်ပြန်ရောက်သည့်တိုင် အဂ္ဂါစိုင်း တစ်ယောက် ပိုးမဒီ၏အချစ်ကိုရရန်ကြိုးစားခဲ့ရပြီးနောက်ချစ်သူများဖြစ်သွားခဲ့ကြပြီး အဂ္ဂါစိုင်း၏ ချစ်သူဟောင်းမင်းသမီးနှင့် ခေတ်ပေါ်ဂီတသမားကိုမုန်းသည့် ပိုးမဒီ၏အဖေတို့ကြောင့် ဖြစ်ပေါ်လာသည်များကို ဇာတ်လမ်းဖွဲ့ထားခြင်းဖြစ်သည်။

အဆိုပါ သင်္ကြန်အင္မေ့အသက်များနှင့် ခေတ်ဇရစီးထဲမျောလွင့်နေသည့်ခံစားချက်များကို ပေးစွမ်းနိုင်မည့် "ပိတောက်ကတ္တဲ့ဂီတ" သီချင်းရုပ်ရှင်မှာ နေနော်၏ဇာတ်လမ်းကို အင်ကြင်းဟန်က ဇာတ်ညွှန်းရေးကာဒါရိုက်တာမီးပွားက ကျော်သူ၊ ဇင်ဝိုင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ချိုပြုံး၊ စိုးမြတ်သူဇာ၊ မေသန္တာဦး၊ အေးမြတ်သူ နှင့် ပိုးမမှီသာတို့ပါဝင်ထားခြင်းဖြစ် သည်။

ပိတောက်ကတ္တဲ့ဂီတနဲ့ ပတ်သက်ပြီး စိုင်းစိုင်းခမ်းလှိုင်က "ဒီဇာတ်ကားကို တစ်နှစ်လုံးပိုးမွှေးသလို မွေးထားရတာဖြစ်ပါတယ်။ ဒီဇာတ်ကားကို ဘယ်လောက်အထိစွဲလမ်းခဲ့သလဲဆိုရင် ဇာတ်ကားထဲကတီးလုံးတွေကအစ၊ ဒိုင်ယာလောဂတွေကို သတိရပြီးနိုးလာရတဲ့ မနက်တွေအများကြီးပါ။ ဇာတ်ကားပြန်ပြီဖြစ်တဲ့အတွက် ကျွန်တော်စာမေးပွဲဖြေပြီးသွားသလိုပဲ စိတ်လက်ပေါ့ပါးနေပါတယ်။ ရလာတဲ့ Result အပေါ်မှာလည်း အတိုင်းအတာတစ်ခုအထိ ကျေနပ်တယ်" ဟုဆိုသည်။

ES

# ဖြစ်ရပ်မှန် အဖြစ်အပျက်ကို အခြေခံထားသည့် Bhoot – Part One: The Haunted Ship

Bhoot–Part One:The Haunted Ship ဇာတ်ကားမှာ Mumbai တွင်ဖြစ်ခဲ့သည့် တကယ့်ဖြစ်ရပ်မှန် "ghost ship"ဟု ခေါ်ကြသည့်တဘွေ့ သင်္ဘောကြီးအကြောင်း အဖြစ်အပျက်ကိုအခြေခံထားသည့် ဇာတ်ကားဖြစ်သည်။

Bhoot–Part One:The Haunted Ship တွင် လူလတ်ပိုင်းတစ်ဦးဖြစ်သည့် Prithvi သည် သဘာဝလွန် ဖြစ်ရပ်ဆန်းတစ်ခုကြုံတွေ့ရပြီး အဆိုပါဖြစ်ရပ်တွင် သူချစ်ရသည့် ဇနီးနှင့် သမီးတို့ကို တစ်ပြိုင်နက်တည်းဆုံးရှုံးခဲ့ရသည်။ ထိုအဖြစ်ကြောင့်ပင် Prithvi တွင် စိတ်ကျဝေဒနာခံစားခဲ့သော်လည်း ဝေဒနာကိုကုသရန်အတွက် Prithvi က နှစ်အတော်ကြာ ငြင်းဆန်းခဲ့သည်။

ထိုအဖြစ်များကြားတွင် ရပ်တည်နေထိုင်သည့် Prithvi သည်သူ အလုပ်လုပ်နေသည့် ကုမ္ပဏီ၏တာဝန်ပေးမှုကြောင့် Sea Bird ဟု အမည်ရသည့် သင်္ဘောကြီးတစ်စင်းသို့ ရောက်ရှိခဲ့သည်။ ထိုသင်္ဘောကြီးမှာ Mumbai မြို့၏ Juhu ကမ်းခြေတွင် သောင်တင်နေသည့် ပိုင်ရှင်မဲ့သင်္ဘောဖြစ်ပြီး Prithvi က ထိုသင်္ဘောကို ရေချပေးရန်အတွက် တာဝန်ယူထားရသည်။

ထိုသင်္ဘောကြီး၏ မှတ်တမ်းများကို ပြန်ရှာပြီးလေ့လာသည့်အခါ သင်္ဘောကြီးနှင့် ပက်သက်သည့်ထူးထူးဆန်းဆန်း ပါးစပ်ရာဇဝင်များကို သိလာရသည်။ အဆိုပါ ပါးစပ်ရာဇဝင်မှာ သင်္ဘောကြီးဟာသရဲခြောက်သည်ဟုဆိုခြင်းပင်ဖြစ်သည်။ Prithvi တစ်ယောက် သင်္ဘောကြီးပေါ် ပထမဆုံး လာရောက်စဉ်မှာပင် ထူးဆန်းသည့် အဖြစ်မျက်များကို ကြုံတွေ့ရသည်။ ထို့နောက် သင်္ဘောကြီးပေါ်တွင် မည်သို့ဆက်ဖြစ်မည်နည်းဆိုသည်ကား . . . . .

ရုပ်ရှင်အဖြစ် ရိုက်ကူးထားသည့် Bhoot–Part One:The Haunted Ship မှာ ဒါရိုက်တာ Bhanu Pratap Singh က ရိုက်ကူးပြီး၊ Vicky Kaushal, Bhumi Pednekar, Ashutosh Rana, Siddhanth Kapoor တို့ပါဝင်ထားခြင်းဖြစ်သည်။

ES

# တာဝေးပစ် အမြောက် မြောက်ကိုရီးယား စမ်းသပ်

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့နေမှုအား ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြောက်ကိုရီးယားက ရုန်းကန်နေရစဉ် အနက်ရောင်သားရေကုတ်ထူထူရှည်ရှည်နှင့် လက်အိတ်များ ဝတ်ထားသော်လည်း နှာခေါင်းစည်းတပ်မထားသော ကင်က တာဝေးပစ်အမြောက်များ ပစ်လွှတ်မှု အားကြီးကြပ်နေသည့်ပုံများကို ထုတ်ပြန်ခဲ့သည်။

ရိုဒေါင်ရှင်မွန်သတင်းစာက ထုတ်ပြန်ခဲ့သော ဓာတ်ပုံများတွင် ရော့ကတ်အစင်းများစွာ ပစ်လွှတ်နေသည့်ပုံ၊ သစ်တောတစ်ခုရှိဒုံးပစ်လောင်ချာမှနေ၍ ပိုမိုကြီးမားသော အမြောက်ဆန်တစ်ခုကိုပစ်လွှတ်နေသည့်ပုံများလည်း ပါဝင်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် မြောက်ကိုရီးယားအား စမ်းသပ်မှု ပိတ်ပင်ထားမှုတွင် ပါဝင်သည့် တာတိုပစ်ပဲ့ထိန်းဒုံးများကို ပြုံ့ယမ်းက ပစ်လွှတ်ခဲ့ဖွယ်ရှိကြောင်း ဆိုးလ်ကထုတ်ပြန်ခဲ့သည်။ မြောက်ကိုရီးယား အရှေ့ဘက်ကမ်းရိုးတန်းရှိဝန်ဆန်ဇရိယာမှနေ၍ ပင်လယ်ကိုကျော်ကာ အရှေ့ဘက်သို့ ပစ်လွှတ်ခဲ့သော ထိုဒုံးနှစ်စင်းသည် အမြင့် ၃၅ ကီလိုမီတာ အထိနှင့် ကီလိုမီတာ ၂၄၀ (မိုင် ၁၅၀) အထိရောက်ရှိခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ထုတ်ပြန်ခဲ့သည်။

ပိတ်ဆို့အရေးယူမှု ဖြေလျှော့ပေးရေးနှင့် မြောက်ကိုရီးယားက မည်သည့်အရာများအား စွန့်လွှတ်မည်တို့နှင့်ပတ်သက်၍ နျူကလီးယားဖျက်သိမ်းရေးအတွက် ဆွေးနွေးမှုများသည် အခြေအနေတိုးတက်မှု မရှိခဲ့သဖြင့် ဟန္တိုင်းတွင် ကျင်းပသောထိပ်သီး မအောင်မြင်ဘဲပြီးဆုံးသွားမှု တစ်နှစ်ပြည့်ပြီးနောက် ပြုံ့ယမ်းက ထိုလက်နက်များပစ်လွှတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုလုပ်ရပ်များသည် မြောက်ကိုရီးယား၏ ကောင်းမွန်သောစိတ်ဆန္ဒကင်းမဲ့မှုမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ ပေကျင်း၊ ဆိုးလ်နှင့် ဝါရှင်တန်တို့တွင်နိုင်ငံရေးနှင့်အများပြည်သူ ကျန်းမာရေးဆိုင်ရာကိစ္စများ ဖိစီးနေသော်လည်း ပြုံ့ယမ်း၏ ထိုလုပ်ရပ်များသည် ၎င်း၏ စစ်ရေးစွမ်းဆောင်ရည်များ တိုးတက်စေရန်နှင့် တောင်းဆိုချက်များအား ပိုမိုကြီးမားစေရန် ဆက်လက်လုပ်ဆောင်မည်ဟု ရှင်းရှင်းလင်းလင်း ပြသလိုက်ခြင်းဖြစ်ကြောင်း ဆိုးလ်ရှိ Ewha တက္ကသိုလ်မှ ပါမောက္ခ Leif-Eric Easley က ပြောကြားခဲ့သည်။

Ref:Afp

# မတင်မကျအနေအထားကို အဆုံးသတ်ရန် အစ္စရေးနိုင်ငံ ကြိုးပမ်း

အစ္စရေးသမိုင်း၌ သက်တမ်းအရှည်ဆုံး ခေါင်းဆောင်လက်ယာဝါဒီ ဝန်ကြီးချုပ်နေတန်ယာဟုသည် ဇန်နဝါရီလ၌ လာဘ်စားမှု၊ လိမ်လည်မှုနှင့် ယုံကြည်မှုကို ချိုးဖောက်မှုတို့ဖြင့် စွဲချက်တင်ခံရပြီးနောက် တရားရင်မဆိုင်ရမီ သီတင်းနှစ်ပတ်မျှသာ လိုချိန်၌ ရွေးကောက်ပွဲ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ရာဇဝတ်ကြောင်းဆိုင်ရာ စွဲချက်ကိုရင်ဆိုင်နေရစဉ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရရန် ကြိုးစားနေခြင်းနှင့် အတူအစ္စရေးနိုင်ငံသည် မတင်မကျအနေအထားကို အဆုံးသတ်ရန် ကြိုးပမ်းသည့်အနေဖြင့်တစ်နှစ်ပင်မကြာသေးမီအတွင်း တတိယမြောက် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

နှစ်ပါတီစလုံးသည် Knesset ဟုခေါ်သော အစ္စရေးပါလီမန်၌အများစုဖြစ်ရန်အတွက် လိုအပ်သောအမတ် ၆၁ နေရာရရှိရန် ဖြစ်နိုင်လိမ့်မည်မဟုတ်ကြောင်းနှင့် တည်ငြိမ်သည့်သွန်ပေါင်းဖွဲ့ရန် ပါတီငယ်များနှင့် အပြင်းအထန်ညှိနှိုင်းရဖွယ် ရှိကြောင်း ခန့်မှန်းထားကြသည်။

ယင်းက တရားဝင်မဲပေးခွင့်ရှိသူ ၆.၄ သန်းရှိသည့် သဘောထားကွဲပြားနေသောနိုင်ငံ မဆုံးဖြတ်ရသေးသူအနည်းငယ်မျှသာရှိနေခြင်းနှင့်အတူ လွန်ခဲ့သည့်ရွေးကောက်ပွဲ နှစ်ရပ်ပြီးသွားသည့်တိုင် နောက်ထပ်မတင်မကျ အနေအထားဆက်လက်တည်ရှိနိုင်ကြောင်းကိုပြသနေသည်။

နေတန်ယာဟုကို ထောက်ခံသူဖြစ်သည့် အီလာလီဗိုင်းက အစ္စရေးနိုင်ငံသည် ယခုဝန်ကြီးချုပ်၏ ခေါင်းဆောင်မှုအောက် ချမ်းသာကြွယ်ဝလာခဲ့ကြောင်း ပြောကြားလျက်တရားစွဲဆိုမှုများ၏ အရေးပါမှုကို ငြင်းပယ်ခဲ့သည်။

ဒေါ်လာထောင်ချီတန်ဖိုးရှိ လက်ဆောင်များကို မသမာသည့်နည်းဖြင့် လက်ခံခဲ့ခြင်းနှင့် ဦးစားပေးမှုများပြုလုပ်ရန် အလဲအလှယ်အဖြစ် မီဒီယာသူဌေးကြီးအတွက် အကျိုးအမြတ်များစွာရှိစေမည့် ထိန်းချုပ်ကွပ်ကဲမှုဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်ပေးခဲ့ခြင်းတို့အပါအဝင်စွပ်စွဲချက်များအတွက် အသက် ၇၀ အရွယ်ရှိ ဝန်ကြီးချုပ်သည် မတ် ၁၇ ရက်တွင် တရားရင်ဆိုင်ရမည်ဖြစ်သည်။

Ref:Afp

# တူရကီဒရုန်းများ၏ တိုက်ခိုက်မှုကြောင့် ဆီးရီးယားစစ်သား ၂၀ နီးပါး သေဆုံး

လေကြောင်းကာကွယ်ရေးစနစ်တစ်ခုက မိမိတို့၏ လက်နက်တပ် ဒရုန်းတစ်စင်းအား ပစ်ချခဲ့ပြီး အခြားလေကြောင်းကာကွယ်ရေးစနစ်နှစ်ခုသည် ဖျက်ဆီးခံခဲ့ရကာမိမိတို့၏လေယာဉ်အား တိုက်ခိုက်ခဲ့သော ဆီးရီးယားအစိုးရ၏ Su-24 စစ်လေယာဉ်နှစ် စင်းလည်းပစ်ချခံခဲ့ရကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ခဲ့သည်။

ဆီးရီးယားအနောက်မြောက်ပိုင်း အိုင်ဒလစ်ပြည်နယ်တွင် တူရကီက မတ် ၁ရက် ၌ ဒရုန်းများဖြင့် တိုက်ခိုက်မှုများကြောင့် ဆီးရီးယားစစ်သား ၁၉ ဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်သည့် အဖွဲ့က ထုတ်ပြန်ခဲ့သည်။

အင်ကာရာကျောထောက်နောက်ခံပြု အစ္စလာမ္မစ်တိုက်ခိုက်ရေးသမားများသည် ဆီးရီးယားတစ်နိုင်ငံလုံးအားပြန်လည်ထိန်းချုပ်ရန် ကြိုးပမ်းနေသော သမ္မတ ဘာရှားအယ်အာဆတ်အစိုးရအတွက် အကြီးမားဆုံး အဟန့်အတားဖြစ်နေသည့် အိုင်ဒလစ်ပြည်နယ်တွင် တင်းမာမှုမြင့်တက်နေစဉ် တူရကီက ဆီးရီးယားစစ်လေယာဉ်နှစ်စင်းအား ပစ်ချခဲ့ပြီးနောက် ဒရုန်းဖြင့်တိုက်ခိုက်မှုအကြောင်း သတင်းထွက်လာခဲ့ခြင်းဖြစ်သည်။

ဒမတ်စကတ်၏ လက်ချက်ဟု အပြစ်တင်ထားသော လေကြောင်းတိုက်ခိုက်မှုအတွင်း တူရကီစစ်သား ၃၄ ဦး သေဆုံးခဲ့ရပြီးနောက် ရုရှားကျောထောက်နောက်ခံပြု ဆီးရီးယားအစိုးရတပ်များအား ကျယ်ပြန့်သော စစ်ဆင်ရေးလုပ်ဆောင်နေကြောင်း တူရကီက အတည်ပြုခဲ့သည်။

ရုရှား၏ လေကြောင်းထောက်ကူမှု ယူထားသော ဆီးရီးယားအစိုးရက ကိုးနှစ်ကြာ ပြည်တွင်းစစ်အတွင်း သူပုန်များ၏ နောက်ဆုံးကျန်ရှိသော ခြေကုပ်ကိုပြန်လည်သိမ်းယူနိုင်ရန် ကြိုးပမ်းနေသည့် အိုင်ဒလစ်တွင် ထိုးစစ်ဆင်မှုကို အရှိန်မြှင့်ထားသည်။

ဆီးရီးယားတပ်များနှင့် တူရကီတပ်များအကြား ထိပ်တိုက်တွေ့မှုကြောင့် ပိုမိုကျယ်ပြန့်သော ပဋိပက္ခအဖြစ် ပြောင်းသွားခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဥရောပရွှေ့ပြောင်းအခြေချအကျပ်အတည်းနှင့် အလားတူဖြစ်ပွားမည်ကို စိုးရိမ်နေကြသည်။

ဆီးရီးယားအရေးနှင့်ပတ်သက်၍ ဥရောပကိုဖိအားပေးရန် ကြိုးပမ်းနေသော တူရကီသမ္မတ ရီဆပ်တေယစ် အာဒိုဂန်က တူရကီသည် ဥရောပသို့သွားမည့်ရွှေ့ပြောင်းအခြေချများအတွက် နယ်စပ်များကို ဖွင့်ပေးမည်ဖြစ်ကြောင်း သတိပေးခဲ့ပြီးနောက် ကြမ်းတမ်းသောနယ်စပ်ဒေသများတွင် ရွှေ့ပြောင်းအခြေချအရေအတွက် မြင့်တက်နေပြီးဖြစ်သည်။

အိုင်ဒလစ်ဝေဟင်တွင် မပျံသန်းရဇုန် သတ်မှတ်နိုင်ရေးအတွက် လုပ်ဆောင်ရန် တူရကီက နိုင်ငံတကာ အသိုင်းအဝိုင်းကို တိုက်တွန်းခဲ့သည်။ Ref:Afp

# အလုပ်ထုတ်ခံထားရသော လုံခြုံရေးက လူ ၃၀ ကို ဓားစာခံများအဖြစ် ဖမ်းဆီး

လက်ပစ်ဗုံးတစ်လုံးလည်းရှိသည်ဟု ဆိုသော လုံခြုံရေးတစ်ဦးက ရုံးခန်းတစ်ခုတွင် လူများအားဖမ်းဆီးထားစဉ် တိုက်ခိုက်ရေးရိုင်ဖယ်များ ကိုင်ဆောင်ထားသောရဲများက ကုန်တိုက်အပြင်ဘက်တွင် နေရာယူထားကြသည်။

အလုပ်မှထုတ်ပယ်ခံရမှုအား ဒေါသထွက်နေသော လုံခြုံရေးအစောင့်တစ်ဦးက ဖိလစ်ပိုင်မြို့တော် မနီလာရှိ ကုန်တိုက်တစ်ခုတွင် မတ်လ ၂ ၌ လူ ၃၀ ဝန်းကျင်အား ဓားစာခံများအဖြစ် ဖမ်းဆီးမှုဖြစ်ပွားခဲ့သည်။ ယင်းဖြစ် စဉ်ကြောင့် ဈေးဝယ်သူများ ထိတ်လန့်တကြားထွက် ပြေးခဲ့ကြရပြီး ထိုလုံခြုံရေး၏ အထက်လူကြီးများကထိုထိပ်တိုက်တွေ့မှုကို အဆုံးသတ်နိုင်ရေးအတွက်တောင်းပန်မှုများ ပြုလုပ်ခဲ့ရသည်။

ထိုကိစ္စအား ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန်အစွမ်းကုန်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုသေနတ်သမားသည် ၎င်းအလုပ်ထုတ်ခံရပြီးနောက် ဒေါသထွက်နေကြောင်း ဇာမိုရာက ပြောကြားခဲ့သည်။ ထိုသေနတ်သမား လက်နက်ချရန် အာဏာပိုင်များက ဖျောင်းဖျခဲ့ကြပြီး ကုမ္ပဏီပိုင်ရှင်များကလည်း အလုပ်ဖြုတ်ခဲ့မှုကြောင့် စိတ်ပျက်စေခဲ့ရမှုအတွက် တောင်းပန်ကြောင်း သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ထုတ်ပြန်ခဲ့သည်။

ရဲတပ်ဖွဲ့ကလည်း ထိုသေနတ်သမားဟု သံသယရှိသူနှင့် လမ်းလျှောက်စကားပြောစက်ဖြင့် ဆက်သွယ်မှုပြုလုပ်ခဲ့သည်။ ဖိလစ်ပိုင်တွင် ကုန်တိုက်များ၌ စားသောက်ဆိုင်များနှင့် ဈေးဆိုင်များမှသည် ခရစ်ယာန်ဘုရားကျောင်းများနှင့်ဆေးဘက်ဌာနများအထိ အရာအားလုံးအပါအဝင် လူသုံးကုန်များစွာ ရောင်းချနေမှုအတွက် အရေးပါနေသည်။

သေနတ်သမားသည် လူ ၃၀ ခန့်အား ဖမ်းဆီးထားသည်ဟု အာဏာပိုင်များက ယူဆထားကြောင်းဇာမိုရာက ပြောကြားခဲ့သည်။ ကုန်တိုက်၏ လုံခြုံရေးဟုယူဆရသော ဒဏ်ရာရသူတစ်ဦးအား ဝိုးချဲဖြင့် ခေါ်ယူ သွားမှုကို မြင်တွေ့ခဲ့ရကြောင်း မျက်မြင်သက်သေတစ်ဦးဖြစ်သူ ဂျွန်ပေါ်ဗျူနာဗစ္စတာက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

မနီလာတွင် ၂၀၁၀ ပြည့်နှစ်တွင်လည်း ထင်ရှားသော ဓားစာခံဖမ်းဆီးမှုဖြစ်စဉ်ဖြစ် ပွားခဲ့ဖူးပြီး ဟောင်ကောင်ခရီး သွားရှစ်ဦးသေဆုံးခဲ့ရမှုဖြင့် အဆုံးသတ်ခဲ့သည်။ Ref:Afp

# ဆီးရီးယား စစ်ရာဇဝတ်မှုများ၌ ရုရှားနှင့် တူရကီတို့၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြ

ဆီးရီးယားရှိ လူ့အခွင့်အရေးအနေအထားနှင့် ပတ်သက်သော ကုလသမဂ္ဂစုံစမ်းရေးကော်မရှင်က ၎င်း၏ နောက်ဆုံးအစီရင်ခံစာတွင် ရုရှားလေယာဉ်များသည် လွန်ခဲ့သည့် ဧပြီလနှင့် သြဂုတ်လအတွင်း လူပေါင်း ၆၀ ကျော် သေဆုံးစေခဲ့သည့် အိုင်ဒလစ်နှင့်ဒမတ်စကက် ကျေးလက်ပိုင်း၌ ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုနှစ်ရပ်၌ ပါဝင်ခဲ့ကြောင်း သက်သေအထောက်အထားရှိသည်ဟု ဖော်ပြခဲ့သည်။

ရုရှားသည် ဆီးရီးယား၌ လူအများသေကြေစေသည့် လေကြောင်းတိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ခြင်းဖြင့် စစ်ရာဇဝတ်မှုများ၌ ပါဝင်နေပြီး တူရကီသည်လည်း ကာ့ဒ်များကို တိုက်ခိုက်ခြင်းဖြင့် အလားတူစစ်ရာဇဝတ်မှုများအတွက် တာဝန်ရှိကြောင်း ကုလသမဂ္ဂစုံစမ်းစစ်ဆေးသူများက ပြောကြားခဲ့သည်။

တူရကီသည်လည်း ဆီးရီးယားအမျိုးသားတပ်မတော်ဟူသည့် သူပုန်တိုက်ခိုက်ရေးသမားများကို မဟာမိတ်ပြုခြင်းဖြင့် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ရာဇဝတ်ကြောင်းအရ အပြစ်ရှိနိုင်သည်ဟု စုံစမ်းစစ်ဆေးသူများက ပြောကြားခဲ့သည်။

ဆီးရီးယားအမျိုးသားတပ်မတော်မှ တိုက်ခိုက်ရေးသမားများသည် လူသတ်မှုများအပါအဝင် ကြီးလေးသော စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြောင်းယုံကြည်ရသည့် ကျိုးကြောင်းဆီလျော်သည့် အထောက်အထားများရှိနေသည်ဟု ကော်မရှင်က ပြောကြားခဲ့သည်။

ဆီးရီးယားအမျိုးသားတပ်မတော်သည် တူရကီတပ်များ၏ ထိရောက်သော အမိန့်ပေးထိန်းချုပ်မှုအောက်၌ ပြုလုပ်ခဲ့ကြောင်း ပြသနိုင်ခဲ့ပါကယင်းရာဇဝတ်မှုများနှင့်ပတ်သက်၍ သိနေသော သို့မဟုတ်သိနေသင့်သော ယင်းကဲ့သို့သော စစ်ဦးစီးမှူးများအနေဖြင့် ရာဇဝတ်မှုအတွက် တာဝန်ရှိသည်ဟု ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးကော်မရှင်က ပြောကြားခဲ့ကြောင်းသိရသည်။

Ref:Afp

# နယူးဒေလီတွင်ဖြစ်ပွားသော ဂိုဏ်းဂဏဆိုင်ရာ အဓိကရုဏ်းများအတွင်း ၃၃ ဦးသေဆုံး

အဓိကရုဏ်းများဖြစ်ပွားခဲ့သည့် မြို့တော်နယူးဒေလီ အရှေ့မြောက်ပိုင်းစွန်းဒေသများတွင် အဓိကရုဏ်းထိန်းရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ထောင်နှင့်ချီကာ လုံခြုံရေးပေးနေကာ မည်သည့်ပဋိပက္ခမျိုးမျှ ဖြစ်ပွားမလာစေရန် ကာကွယ်ဟန့်တားနေကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လူ ၃၃ ဦးသေဆုံးခဲ့ရသည့် ဂိုဏ်းဂဏဆိုင်ရာ အဓိကရုဏ်းများကြောင့် အပျက်အစီးများဖြင့် ပေပွနေသည့် လမ်းမများထက်တွင် လူဆိုးအဖွဲ့များ လှည့်လည်သွားလာနေကာ ဒေလီရိုနေရာ အချို့၌ ညပိုင်းအချိန်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားနေကြောင်း အိန္ဒိယရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။

ဆူပူအုံကြွမှုဖြစ်ရပ်သည် အိန္ဒိယဝန်ကြီးချုပ်နရင်ဒရာမိုဒီ၏ နိုင်ငံသားဖြစ်ခွင့်ဥပဒေကို ဆန့်ကျင်ရာမှ ဖြစ်ပွားလာသော နောက်ဆုံးအကြမ်းဖက်ပဋိပက္ခဖြစ်သည်။ နိုင်ငံသားဖြစ်ခွင့်ဥပဒေပြဋ္ဌာန်းမှုကြောင့် ဆန္ဒပြမှုများလပေါင်းများစွာကြာ ဖြစ်ပွားခဲ့ကာ ဒီဇင်ဘာလတွင် လူသေဆုံးမှုများသော ဆန္ဒပြမှုများအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ပဋိပက္ခဖြစ်ပွားမှုအတွင်း နေအိမ်များ၊ စျေးဆိုင်များ၊ ဗလီနှစ်ခု၊ စာသင်ကျောင်းနှစ်ကျောင်း၊ တာယာအရောင်းဆိုင်တစ်ဆိုင်၊ စက်သုံးဆီဆိုင်တစ်ဆိုင် မီးရှို့ခံခဲ့ရကာ လူ ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

နိုင်ငံသားဖြစ်ခွင့်ဥပဒေကို ဆန့်ကျင်ကြောင်းပြသရန် လမ်းပေါ်ထွက်ဆန္ဒပြမှု လုပ်ဆောင်နေသော မွတ်စလင်အဖွဲ့အား ဟိန္ဒူအဖွဲ့များက ကန့်ကွက်ရှတ်ချခဲ့ပြီးနောက် နှောင်းပိုင်းတွင် အကြမ်းဖက်ပဋိပက္ခစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မွတ်စလင်အများစုနေထိုင်ရာ ပြည်နယ်ဖြစ်သော အိန္ဒိယမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် ဒီဇင်ဘာလကဖြစ်ပွားသော ဆန္ဒပြမှုများအတွင်း လူ ၃၀ ထက်မနည်းသေဆုံးခဲ့သည်။

Ref:Afp

# အမေရိကန်နှင့် တာလီဘန် သမိုင်းဝင် သဘောတူညီချက် လက်မှတ်ရေးထိုး

တာလီဘန်တိုက်ခိုက်ရေးသမားအဖြစ်မှ ညှိနှိုင်းသူဖြစ်လာခဲ့သော မူလာဘာရာဒါက အမေရိကန်စေ့စပ်ညှိနှိုင်းရေးမှူးအကြီးအကဲ ဇယ်မေခါလီဇက်နှင့်အတူ သမိုင်းဝင်သဘောတူညီချက်အား လက်မှတ်ထိုးခဲ့ကြသည်။ ထိုလက်မှတ်ထိုးပွဲသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုလည်း တက်ရောက်ခဲ့ပြီး ခက်ခဲသောလုပ်စရာများ ကျန်နေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရှည်ကြာသော အာဖဂန်စစ်ပွဲမှ ထွက်ခွာရန်ကြိုးပမ်းနေသည့် အမေရိကန်က ၁၄ လအတွင်း အာဖဂန်မှတပ်ဖွဲ့ဝင်အားလုံးကို ရုပ်သိမ်းမည့် အချိန်ဇယားပါဝင်သော အထင်ကရ သဘောတူညီချက်အား တာလီဘန်အဖွဲ့နှင့် ကာတာနိုင်ငံ ဒိုဟာမြို့တွင် လက်မှတ်ထိုးခဲ့သည်။

ထိုသဘောတူညီချက်သည် အာဖဂန်အစိုးရနှင့် တာလီဘန်အဖွဲ့အကြား ဆွေးနွေးပွဲကိုလည်းဦးတည်စေနိုင်ပြီးအောင်မြင်ခဲ့ပါက အာဖဂန်စစ်ပွဲကို လုံးဝအဆုံးသတ်သွားစေနိုင်မည်ဟု မျှော်လင့်ရသည်။

စက်တင်ဘာ ၁၁ တိုက်ခိုက်မှုများအပြီးအမေရိကန်ဦးဆောင်၍ ကျူးကျော်တိုက်ခိုက်မှုကြောင့် တာလီဘန်အစိုးရပြုတ်ကျခဲ့ပြီးနောက်ပိုင်း အာဖဂန်တွင်တိုက်ခိုက်ရေးနှင့်ပြန်လည်တည်ဆောက်ရေးတို့အတွက် ဝါရှင်တန်က ဒေါ်လာတစ်ထရီလျံကျော် သုံးစွဲခဲ့ပြီးဖြစ်သည်။ ပြီးခဲ့သည့်နှစ် စက်တင်ဘာတွင် ထရန့်ကတာလီဘန်အဖွဲ့နှင့် ဆွေးနွေးမည့်အစီအစဉ်အား ရုတ်တရက်ဖျက်သိမ်းခဲ့မှုလည်းပါဝင်သည့် နှစ်နှင့်ချီဆွေးနွေးမှုများအပြီး မူကြမ်းရေးဆွဲခဲ့သော ထိုသဘောတူညီချက်ကို လက်မှတ်ထိုးခဲ့ခြင်းဖြစ်သည်။

အာဖဂန်တွင် လတ်တလော၌ တပ်ဖွဲ့ဝင် ၁၂၀၀၀ နှင့် ၁၃၀၀၀ အကြား တပ်စွဲထားသော အမေရိကန်ကလာမည့်လပိုင်းအတွင်း တပ်ဖွဲ့ဝင် ၈၆၀၀ အထိ လျှော့ချမည်ဖြစ်သည်။ သဘောတူညီချက်၏ သတ်မှတ်ချက်များအား တာလီဘန်အဖွဲ့က လိုက်နာလျှင် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များသည် ၁၄ လအတွင်း ကျန်ရှိသော တပ်ဖွဲ့ဝင်အားလုံးကို ရုပ်သိမ်းမည်ဖြစ်သည်။

Ref:Afp

# ဘော့စ်ဖရပ် ရေလက်ကြားကို ရုရှားစစ်သင်္ဘောနှစ်စင်း ဖြတ်သန်း

ပဲ့ထိန်းဒုံးများတပ်ဆင်ထားသည့် ရုရှားစစ်သင်္ဘော Admiral Makarov နှင့် Admiral Grigorovich သည် ခရိုင်းမီးယားကျွန်းဆွယ်ရှိ စီဗာစတော်ပူးလ်ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ပြီး ဘော့စ်ဖရပ်ရေလက်ကြားနှင့်ဒါဒနယ်လက်စ် ရေလက်ကြားကို ဖြတ်သန်းခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုအတွင်း တူရကီစစ်သား ၃၃ ဦး သေဆုံးခဲ့သည့်ဖြစ်ရပ်ကြောင့် ရုရှားနှင့်တူရကီ အကြား တင်းမာမှုမြင့်တက်နေစဉ် မြေထဲပင်လယ်သို့ ဦးတည်ခုတ်မောင်းနေသည့် ရုရှားစစ်သင်္ဘောနှစ်စင်းသည် အစ္စတန်ဘူရှိ ဘော့စ်ဖရပ်ရေလက်ကြားကိုဖြတ်သန်းခဲ့ကြောင်း ရုရှားစစ်တပ်က ထုတ်ပြန်ခဲ့သည်။

ရေလက်ကြားကို ဖြတ်သန်းခြင်းသည် ပုံမှန်လုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်သည်ဟု ရုရှားစစ်တပ်၏ ပြောခွင့်ရပုဂ္ဂိုလ်က အခိုင်အမာပြောကြားထားသော်လည်း စစ်သင်္ဘောများတွင် လက်နက်ကြီးများတပ်ဆင်ထားသည့် အချက်နှင့်ရေလက်ကြားကို ဖြတ်သန်းမှုတို့သည် နှစ်နိုင်ငံတင်းမာနေချိန်အတွင်း အချိန်ကိုက်ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

အိုင်ဒလစ်ဒေသတွင် ဆီးရီးယားအစိုးရတပ်ဖွဲ့နှင့် ရုရှားတပ်ဖွဲ့၏ ဗုံးကြဲတိုက်ခိုက်မှုအတွင်း ကလေးငယ်သုံးဦးအပါအဝင်အရပ် သားခုနစ်ဦးသေဆုံးခဲ့ပြီး ဒီဇင်ဘာလမှစ၍ ထိုကဲ့သို့တိုက်ခိုက်မှုများအတွင်း လူ ၄၀၀ ကျော်သေဆုံးခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

Ref:Afp

# ချီလီ၌ ပီညိုချေး၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲရန် စဉ်းစားနေ

သြဂတ်စတိုပီညိုချေး၏ စစ်အုပ်ချုပ်ရေးကာလ (၁၉۷၃-၉၀) အတွင်း ၁۹۸၀ ပြည့်နှစ်၌ ပြဋ္ဌာန်းထားသည့် အခြေခံဥပဒေကို ပြောင်းလဲရန် ပြုလုပ်မည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ မဲပေးခွင့်ရှိသည့်ချီလီပြည်သူပေါင်း ၁၄ သန်းကျော်ရှိသည်။

၁၉၈၈ ခုနှစ်ကလည်း မဲပေးမှုတစ်ရပ် ပြုလုပ်ခဲ့ကြပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အဆိုပါအခြေခံဥပဒေကို ပြောင်းလဲခဲ့ဖူးပြီး ဒီမိုကရေစီစနစ်သို့ပြန်လည်ရောက်ရှိရန် လမ်းခင်းပေးခဲ့ဖူးသည်။

မင်ြမ်မသက်မှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် လေးလကျော်အကြာ၌ အာဏာရှင်ခေတ် ချီလီ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတစ်ရပ်အားလာမည့်လ၌ စတင်မည်ဖြစ်ရာ ယင်းအတွက် မဲဆွယ်စည်းရုံး လှုပ်ရှားမှုများကို စတင်ခဲ့ကြောင်း သိရသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမတိုင်မီ သုံးရက်အလိုတွင် မဲဆွယ်စည်းရုံး လှုပ်ရှားမှုများ အဆုံးသတ်ရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲရေးကို ရွေးချယ်သည့် ဆန္ဒမဲပေးသူများအနေဖြင့် ပြည်သူများက အထူးရွေးချယ် တင်မြှောက်လိုက်သော ပုဂ္ဂိုလ်များ အဖြစ်အခြေခံဥပဒေကို ပြန်လည်ရေးဆွဲစေမည်လား သို့မဟုတ် အသစ်ဖွဲ့စည်းလိုက်သော ကော်မတီတစ်ရပ်ဖြင့် ရေးဆွဲစေမည်လားဆိုသည်ကိုလည်း ရွေးချယ်ရမည်ဖြစ်သည်။

အစိုးရအဖွဲ့ကမူ လက်ရှိဥပဒေပြုအမတ်များထက်ဝက်ပါဝင်ပြီး တိုက်ရိုက်ရွေးကောက် တင်မြှောက်လိုက်သော အဖွဲ့ဝင်ထက်ဝက်ပါဝင်သည့် ကော်မတီတစ်ရပ်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲစေရန် ပို၍လိုလားနေကြောင်း သိရသည်။

Ref:Afp

# ဒုတိယ ဝန်ကြီးချုပ်ဟောင်းအား ဘုရင်က မလေးရှားဝန်ကြီးချုပ် ခန့်အပ်

မဟာသီယာ၏ Bersatu ပါတီအား ဦးဆောင်သူ မူယက်ဒင်ကိုခန့်အပ်မှုသည် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲတွင် အုံ့အားသင့်ဖွယ်ရှုံးနိမ့်ခဲ့သော United Malays National Organization (UMNO) ကို အာဏာပြန်လည်ရရှိစေရန်ဖြစ်လာစေမည်ဖြစ်သည်။

မလေးရှားဘုရင်က ဝါရင့်နိုင်ငံရေးသမား မူယက်ဒင်ယက်ဆင်အား ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်ခဲ့ရာဝန်ကြီးချုပ်အဖြစ် နုတ်ထွက်ခဲ့သော မဟာသီယာမိုဟာမက်က အာဏာကိုတစ်ကျော့ ပြန်ချုပ်ကိုင်နိုင်ရန် ကြိုးပမ်းမှုမှာ မအောင်မြင်ခဲ့ပေ။

UMNO နှင့်ပူးပေါင်းရန် Bersatu ၏ အစီအစဉ်ကိုဆန့်ကျင်မှုအဖြစ် မဟာသီယာကရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇက်အပါအဝင် UMNO ၏ ခေါင်းဆောင်အများအပြားသည် ယခုအခါ အကျင့်ပျက်ခြစားမှုဆိုင်ရာ စွဲချက်များအတွက်ရုံးတင်စစ်ဆေးခံနေရသည်။

မူယက်ဒင်အား ဘုရင်က မရွေးချယ်မီမဟာသီယာက သူသည်ဝန်ကြီးချုပ်အဖြစ် တတိယအကြိမ်မြောက် ပြန်လာရန်အတွက် ပါလီမန်တွင် လိုအပ်သောထောက်ခံမဲအများစုရရှိနိုင်မည်ဟု ယုံကြည်နေကြောင်း ပြောကြားခဲ့သည်။

ကျေးလက်တွင် ထောက်ခံမှုအခိုင်အမာရှိထားသော သဘောထားအစွန်းရောက်သည့် အစ္စလာမ္မစ်ပါတီ အပါအဝင် မဟာမိတ်များနှင့် UMNO တို့သည်မူယက်ဒင်အား ထောက်ခံခဲ့သဖြင့် အာဏာယှဉ်ပြိုင်ပွဲတွင်ဦးဆောင်သူဖြစ်လာခဲ့သည်။

အစိုးရရင်းနှီးမြှုပ်နှံမှုလုပ်ငန်း 1MDB ၏ ဧရာမ အရှုပ်တော်ပုံအား နာဂျစ်အစိုးရ၏ ကိုင်တွယ်မှုနှင့်ပတ်သက်၍ ဝေဖန်ခဲ့မှုကြောင့် အသက် ၇၂ နှစ်ရှိပြီဖြစ်သည့်မူယက်ဒင်သည် ၂၀၁၅ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ်အဖြစ်မှထုတ်ပယ်ခံခဲ့ရသည်။ မူယက်ဒင်က UMNO အား အစိုးရအဖွဲ့ထဲပြန်ခေါ်လာလျှင် မလေးရှားအတွက် ကံဆိုးမိုးမှောင်ကျခြင်းဖြစ်လာမည်ဖြစ်ကြောင်း၊ ၎င်းသည် အကျင့်ပျက်ခြစားမှုနှင့် လူမျိုးရေးခွဲခြားမှုအား ပြန်လည်ဆောင်ယူလာမည်ဖြစ်ပြီး နာဂျစ်နှင့် အခြားသူများက အသက်ရှူပေါက်ရသွားဖွယ်ရှိကြောင်း သြစတြေးလျှ၏ University of Tasmania မှ အာရှအင်စတီကျူ့ကို ဦးဆောင်သူ ဂျိမ်းစ်ချင်က ပြောကြားခဲ့သည်။

Ref:Afp

# ဂျကာတာမြို့၌ ရေကြီးရေလျှံ

ညလုံးပေါက် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ဂျကာတာမြို့ရှိ မြစ်များစွာတွင် မြစ်ရေလျှံမှုများဖြစ်ပွားလာခဲ့ပြီး သမ္မတနန်းတော်၊ အင်ဒိုနီးရှားနိုင်ငံ၏အကြီးဆုံး အစိုးရဆေးရုံဖြစ်သော CiptoMangunkusumo ဆေးရုံ၊ ဂျကာတာ မြို့တစ်ဝန်းရှိ လူနေရပ်ကွက်များနှင့်စီးပွားရေး အချက်အချာနေရာများအတွင်းသို့ ရွှံ့နှစ်ရေများဒလဟောစီးဝင်လာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာရှိနယ်မြေ အများအပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူငါးဦးသေဆုံးခဲ့ပြီး နောက်ထပ်လူသုံးဦး ပျောက်ဆုံးနေကာ လူထောင်ပေါင်းများစွာ ရေဘေးသင့်ခဲ့ကြောင်း ဘေးအန္တရာယ်ကာကွယ်ရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။ ဂျကာတာရှိ ခရိုင်အချို့တွင် ရေအမြင့်ပေ တစ်မီတာ (သုံးပေ) ကျော်ထိ ရောက်ရှိခဲ့သော်လည်း ရေဘေးသင့်ဒေသခံများအား ရော်ဘာလေများဖြင့် ကယ်ဆယ်မှု လုပ်ဆောင်ပေးခဲ့ပြီးနောက် တစ်ရက်အကြာရေ ကြီးမှုဖြစ်ပွားနေသော ခရိုင်များရှိ ရေအမြင့်မှာ တဖြည်းဖြည်းကျဆင်းသွားခဲ့ကြောင်း သိရသည်။

ရေကြီးမှုကြောင့် အဆောက်အဦများ ထောင်နှင့်ချီ၍ ရေလွှမ်းမိုးခံခဲ့ရပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းနှင့် ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆိုင်းငံ့ထားရသည်။ ယာဉ်ကြောပိတ်ဆို့မှု၊ အခြေခံအဆောက်အအုံပျက်စီးယိုယွင်းမှုတို့ ဖြစ်ပေါ်နေသော ဂျကာတာမြို့၌ မိုးရာသီတွင် ရေကြီးမှုများဖြစ်ပွားလေ့ရှိသည်။

Ref:Afp

# ဘတ်စ်ကားဟောင်းများအား အမျိုးသမီးသီးသန့် သန့်စင်ခန်းများအဖြစ် အသွင်ပြောင်း

အိန္ဒိယနိုင်ငံတစ်ဝန်း ကျန်းမာရေးနှင့် ညီညွတ်သော အများသုံးသန့်စင်ခန်းများ ရှားပါးနေချိန်တွင်အမျိုးသမီး အများ အပြားကဲ့သို့ပင် ကောလိပ်ကျောင်းသူဆူဗာနာဒွန် ဂါရီသည်လည်း အပြင်သို့သွားချိန်တွင် သင့်တော်သော သန့်စင်ခန်းရှာမတွေ့မည်ကို ပူပန်ခဲ့ရသည်။

ယင်းအတွက်ကြောင့် အိန္ဒိယအနောက်ဘက်ရှိ Pune မြို့တွင် အများပြည်သူအပန်းဖြေသည့် ပန်းခြံတစ်ခု၌ ဘတ်စ်ကားအား အသွင်ပြောင်းထားသောအမျိုးသမီးသီးသန့်သန့်စင်ခန်းကို တွေ့ရှိခဲ့ချိန်တွင် အုံ့သြခမ်းသာခဲ့ရသည်။

အတော်အသင့် သက်သာသောဈေးနှုန်း ငါးရူပီး (ခုနစ်ဆင့်) တည်းဖြင့် မည်သည့်အမျိုးသမီးမဆိုထိုသန့်စင်ခန်းလုပ်ထားသော ဘတ်စ်ကားပေါ်တက်၍အသုံးပြုခြင်း၊ ကလေးများအား နို့တိုက်ခြင်း သို့မဟုတ် အမျိုးသမီးလစဉ်သုံးပစ္စည်းများနှင့် ကလေးများအတွက် ဒိုက်ဘာများအား ဝယ်ယူခြင်းတို့ ပြုလုပ်နိုင်ကြသည်။

စွန့်ဦးတီထွင်သူများဖြစ်ကြသော အူကာဆာဒယ်ကာနှင့်ရာဂျစ်ခါးတို့က ၂၀၁၆ ခုနှစ်တွင် Ti Toilet စီမံကိန်းကိုစတင်ခဲ့ခြင်းဖြစ်ပြီး Ti သည် ဒေသသုံးမာရာသီစကားအရ "သူမ" ဟု အဓိပ္ပါယ်ရသည်။ ထိုစီမံကိန်းအရ ဘတ်စ်ကားထိပ်တွင် ဆိုလာပြားများ တပ်ဆင်ထားသော ရွှေ့ပြောင်းသန့်စင်ခန်း ၁၂ ခုရှိပြီး တစ်နေ့ပျမ်းမျှ အသုံးပြုသည့် အမျိုးသမီး ၂၀၀ ကျော် ရှိသည်။

အမျိုးသမီးလစဉ်သုံးပစ္စည်း လုပ်ငန်းတစ်ခုအားလည်ပတ်နေသော ၎င်းတို့စုံတွဲသည် ယင်းမြို့ထဲတွင် ကျန်းမာရေးနှင့်ညီညွတ်မှု တိုးတက်လာစေရေးကိုအာရုံစိုက်သော စီမံကိန်းများစွာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထိုစိတ်ကူးကို အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ကြောင်း ဆာဒယ်ကာက ပြောကြားခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် နရင်ဒရာမိုဒီ၏ ဧရာမအစီအစဉ်ဖြစ်သော "သန့်ရှင်းသော အိန္ဒိယ" စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် နိုင်ငံတစ်ဝန်းတွင် သန့်စင်ခန်းသန်းနှင့်ချီကို တည်ဆောက်ခဲ့ကြသော်လည်း ရေ သို့မဟုတ် လျှပ်စစ်မီးမရရှိမှုကြောင့် သန့်စင်ခန်းအများအပြားသည် သုံးစွဲ၍ မရဘဲရှိနေဆဲဖြစ်ကြောင်း ကျွမ်းကျင်သူများက ထောက်ပြခဲ့ကြသည်။

အများပြည်သူဆိုင်ရာ နေရာများတွင်အရေးတကြီး ကြုံနေရသည့် အချိန်၌သန့်ရှင်းပြီး ဘေးကင်းသောသန့်စင်ခန်းများအား ရှာတွေ့နိုင်ရန်မှာ မလွယ်ကူကြောင်း၊ ယင်းကို ပြောင်းလဲနိုင်ရန် မိမိတို့ ကြိုးစားနေခြင်းဖြစ်ကြောင်း အက်ဟက်က ပြောကြားခဲ့သည်။

Ref:Afp

# ကင်တေးဟီ သရုပ်ဆောင်လောကသို့ တစ်ကျော့ပြန်ဝင်ရောက်

အနုပညာအလုပ်များကို ငါးနှစ်ခန့် ရပ်နားထားသည့် ကိုရီးယားမင်းသမီးချော ကင်တေးဟီသည် Hi Bye, Mama! ဇာတ်လမ်းတွဲဖြင့် ဇာတ်လမ်းတွဲရိုက်ကူးမှုများကို ပြန်လည်စတင်ခဲ့သည်။

Hi Bye, Mama! ဇာတ်လမ်းတွဲသည် ပြီးခဲ့သည့် သီတင်းပတ်အကုန်တွင် ဇာတ်သိမ်းခဲ့သည့် Crash Loading On You ၏ ကြည့်ရှုမှုအများဆုံး ရုပ်သံဇာတ်လမ်းတွဲ၏ စံချိန်ကို ချိုးဖျက်နိုင်ခြေရှိသည်ဟု မီဒီယာများက သုံးသပ်ခဲ့ကြသည်။ ယင်းဇာတ်လမ်းတွဲတွင် ကင်သည် ယာဉ်မတော်တဆတိုက်မှုကြောင့် သေဆုံးခဲ့ပြီးနောက် ငါးနှစ်အကြာတွင် ရှင်သန်ထမြောက်သည့် အစီအစဉ်တစ်ခုမှတစ်ဆင့် ခင်ပွန်းနှင့် သမီးဖြစ်သူတို့ထံ လူသားတစ်ဦးကဲ့သို့ ၄၉ ရက်ကြာ နေထိုင်ခွင့်ရရှိခဲ့သည့် Cha Yoori အမည်ရ အိမ်ထောင်သည်အမျိုးသမီးတစ်ဦးအဖြစ် ပါဝင်ထားသည်။ ကင်သည် Stariway to Heaven၊ Love Story in Harvard၊ Iris စသည့် ဇာတ်လမ်းတွဲများဖြင့် အောင်မြင်ခဲ့သည်။ ကင်သည် တောင်ကိုရီးယား၏ အလှဆုံး အမျိုးသမီးသရုပ်ဆောင် တစ်ဦးဟုလည်း ဖော်ညွှန်းခံခဲ့ရသည်။

Ref:AFP

# There Is No Evil ဇာတ်ကား ဘာလင်ရုပ်ရှင်ပွဲတော် အကောင်းဆုံးဇာတ်ကားဆုရရှိ

အကြိမ် (၇၀)မြောက် ဘာလင်ရုပ်ရှင်ပွဲတော်တွင် အီရန်၏ သေဒဏ်ပေးမှုအကြောင်း ဒါရိုက်တာ Mohammad Rasoulof ရိုက်ကူးထားသည့် There Is No Evil ဇာတ်ကားက အကောင်းဆုံးဇာတ်ကားဆုကို ဆွတ်ခူးခဲ့သည်။ အစိုးရနှင့် သဘောထားကွဲလွဲသူ တစ်ဦးဖြစ်သည့် ဒါရိုက်တာ Rasoulof သည် အီရန်မှ ထွက်ခွာခွင့် ပိတ်ပင်ခံထားရမှုကြောင့် ဆုပေးပွဲသို့မတက်ရောက်နိုင်ခဲ့ပေ။ ယင်း ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် Rasoulof ၏ သမီးဖြစ်သူက ဖခင်ကိုယ်စား ရွှေဝက်ဝံဆုကို လက်ခံရယူခဲ့သည်။

အမေရိကန်တွင်ဆယ်ကျော်သက်မိန်းကလေးတစ်ဦး ကိုယ်ဝန်ဖျက်ချသည့်အကြောင်း ဒါရိုက်တာအီလီ ဇာဟာစ်မန်းရိုက်ကူးထားသည့် Never Rarely Sometimes Always ဇာတ်ကားသည် ဂျူရီအဖွဲ့.ကပေးအပ်သည့် grand jury ဆုကို ရရှိခဲ့သည်။

ယခုနှစ် ဘာလင်ရုပ်ရှင်ပွဲတော်တွင် ထင်ရှားသည့် တောင်ကိုရီးယားဒါရိုက်တာ Hong Sangsoo က The Woman Who Ran ဇာတ်ကားဖြင့် အကောင်းဆုံးဒါရိုက်တာဆုအတွက် ပေးအပ်သည့် ငွေဝက်ဝံဆုကို ရရှိခဲ့သည်။ Hongသည် ဘာလင်ရုပ်ရှင်ပွဲတော်တွင် Kim Kiduk ပြီးလျှင် အကောင်းဆုံးဒါရိုက်တာဆုရရှိသည့် ဒုတိယမြောက်တောင်ကိုရီးယားဒါရိုက်တာဖြစ်သည်။

အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကို အီတလီသရုပ်ဆောင် Elio Germano က Hidden Away ဇာတ်ကားဖြင့် ရရှိခဲ့ပြီးဂျာမန်သရုပ်ဆောင် Paula Beer က Undine ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ဆွတ်ခူးခဲ့သည်။ အကောင်းဆုံးဇာတ်ညွှန်းဆုကို D'Innocenzo ညီအစ်ကိုက Bad Tales ဇာတ်ကားဖြင့် ရရှိခဲ့သည်။

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဖေဖော်ဝါရီလ ၂၀ရက်မှ မတ်လ ၁ ရက်အထိ ကျင်းပခဲ့သည့် အကြိမ်(၇၀) မြောက် ဘာလင်ရုပ်ရှင်ပွဲတော်တွင် ရွှေဝက်ဝံဆုအတွက် ဇာတ်ကား ၁၈ ကား ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

Ref:AFP

# ချယ်လ်ဆီး၏ သက်တမ်းတိုးရန် ကမ်းလှမ်းမှု ဝီလီယံ ပယ်ချ

ချယ်လ်ဆီးအသင်းမှ ဘရာဇီးလ်တောင်ပိုကစားသမား ဝီလီယံသည် အသင်း၏ သက်တမ်းတိုးရန် ကမ်းလှမ်းမှုကို ပယ်ချလိုက်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းက (၂)နှစ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး ဝီလီယံက (၃) နှစ်သက်တမ်းတိုးရန် အလိုရှိနေသောကြောင့် ပယ်ချခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ချယ်လ်ဆီးအသင်းသို့ ၂၀၁၃ ခုနှစ်ကတည်းက ရောက်ရှိခဲ့သည့် ဝီလီယံသည် ၂၀၁၆ ခုနှစ်က (၄)နှစ်သက်တမ်းတိုးခဲ့ပြီး ယခုရာသီကုန်တွင် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဝီလီယံက "ချယ်လ်ဆီးအသင်းက ကျွန်တော့်ကို(၂)နှစ်သက်တမ်းတိုးဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ကျွန်တော်က (၃)နှစ်တိုးချင်တယ်လို့ ပြောခဲ့ပါတယ်။ ဘာကြောင့် သူတို့ အပြောင်းအလဲမလုပ်နိုင်တာလဲ ဆိုတာကိုတော့ ကျွန်တော် တကယ်မသိပါဘူး။ ဒါပေမဲ့ ရာသီကုန်တဲ့အထိ အသင်းအတွက် အာရုံစိုက်ပြီး ယှဉ်ပြိုင်သွားမှာပါ" ဟုပြောကြားခဲ့သည်။

ယင်းကဲ့သို့ ချယ်လ်ဆီးအသင်းနှင့် သက်တမ်းတိုးရန် အဆင်မပြေသည့်သတင်း ထွက်ပေါ်လာခဲ့ပြီးနောက် ဝီလီယံ(၃၁ နှစ်)သည် ၎င်းအား (၃)နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူရန် စီစဉ်နေသော စပါးအသင်းသို့ ရောက်ရှိဖွယ်ရှိသည်ဟု နီးစပ်သူအချို့က သုံးသပ်နေကြသည်။

MHP

# ဖီဖာ ပြစ်ဒဏ် ပလာတီနီ အယူခံ ရှုံးနိမ့်ခဲ့

ဥရောပ ဘောလုံးအဖွဲ့ချုပ် (UEFA)ဥက္ကဋ္ဌဟောင်း ပလာတီနီသည် ဖီဖာမှ ချမှတ်ထားသော ပြစ်ဒဏ်အတွက် ဥရောပလူ့အခွင့်အရေး တရားရုံးသို့ အယူခံဝင်ခဲ့ရာ ရှုံးနိမ့်သွားခဲ့ကြောင်း သိရသည်။

ပလာတီနီသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌဟောင်း ဘလတ္တာထံမှ တရားမဝင်ငွေကြေးယူရှိ(၁.၈)သန်း လက်ခံရယူခဲ့မှုဖြင့် ဖီဖာက ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

မူလက ဘောလုံးလောကနှင့် ပတ်သက်ခွင့် (၈)နှစ်ပိတ်ပင်ခံခဲ့ရသော်လည်း (၄)နှစ်သို့ လျှော့ချပေးခဲ့သည်။

သို့သော် ပလာတီနီက နိုင်ငံတကာ အားကစားခုံရုံး(CAS)ထံအယူခံဝင်ခဲ့ရာ ပယ်ချခံရ၍ လူ့အခွင့်အရေး တရားရုံးထံ အယူခံထပ်ဝင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ယင်းအယူခံလည်း ရှုံးနိမ့်သွားခဲ့သောကြောင့် ကျန်ရှိသည့်ဒဏ်ကြေးကို ပေးဆောင်သွားရမည်ဟု သိရသည်။

MHP

# ဂိုးသမား တင်မ်ဟောင်းဝပ် ဘောလုံးပြန်ကစားရန် ဆုံးဖြတ်

အမေရိကန်လက်ရွေးစင်ဟောင်း ဂိုးသမား တင်မ်ဟောင်းဝပ်သည် ကစားသမားဘဝမှ အနားယူထားရာမှ ဘောလုံးပြန်ကစားရန် ဆုံးဖြတ်လိုက်ကြောင်းသိရသည်။

မန်ယူနှင့် အဲဗာတန်ဂိုးသမားဟောင်း တင်မ်ဟောင်းဝပ်သည် မေဂျာလီဂ်ကလပ် ကော်လိုရာဒိုရက်ပစ်အသင်းတွင် နောက်ဆုံးကစားခဲ့ပြီး အောက်တိုဘာက ကစားသမားဘဝမှ အနားယူခဲ့သည်။

သို့သော် အသက်(၄၁)နှစ်ပြည့်ရန် ရက်ပိုင်းအလိုဌ၎င်းအားကစားဒါရိုက်တာအဖြစ် ဆောင်ရွက်နေသော အမေရိကန်ဒုတိယတန်းကလပ် Memphis 901 အသင်းတွင် ဘောလုံးပြန်ကစားရန် စာချုပ်ချုပ်ဆိုလိုက်ကြောင်း သိရသည်။ တင်မ်ဟောင်းဝပ်သည် ယင်းအသင်း၏ပူးတွဲပိုင်ရှင်တစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

ဘောလုံးပြန်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းနှင့်ပတ်သက်ပြီး တင်မ်ဟောင်းဝပ်က "ကျွန်တော်က ဘောလုံးကစားရတာရော ပြိုင်ဆိုင်ရတာကိုရော သဘောကျပါတယ်။ အဲဒီအခွင့်အရေးနှစ်မျိုးစလုံး ပြန်ရမှာဖြစ်တာကြောင့် အခုလို ဆုံးဖြတ်ခဲ့တာပါ။ အောက်တိုဘာလမှာ အနားယူခဲ့ပြီးကတည်းက ဘောလုံးအပေါ် စွဲလမ်းစိတ်တွေက ကြီးထွားလာပါတယ်။ ဒီစိတ်က အနိုင်ယူသွားတာကြောင့်လည်း အခုလိုဆုံးဖြတ်ခဲ့တာပါ" ဟုပြောကြားခဲ့သည်။

တင်မ်ဟောင်းဝပ်၏ Memphis 901 အသင်းသည် ယခုတစ်ပတ် စနေနေ့တွင် အိမ်ကွင်းပွဲစဉ် စတင်ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။

MHP

# မန်စီးတီးပစ်မှတ် ဟိုးလ်ဂိတ်အား ၂၀၂၅ ခုနှစ်အထိ အဲဗာတန်အသင်း စာချုပ်သစ်ချုပ်ဆို

အဲဗာတန်အသင်းသည် မန်စီးတီးအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် အသင်းနောက်ခံလူ ဟိုးလ်ဂိတ်အား ၂၀၂၅ ခုနှစ်အထိ စာချုပ်သစ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် (၂၃)နှစ်အရွယ်ရှိ အင်္ဂလန်နောက်ခံလူ ဟိုးလ်ဂိတ်သည် နည်းပြအန်ဆယ်လော့ဗီလက်ထက်တွင် အဲဗာတန်အသင်း၌ ခြေစွမ်းပြနေပြီး မန်စီးတီးအသင်း၏ ပစ်မှတ်ထားခြင်းကို ခံနေရသူဖြစ်သည်။ ထို့ကြောင့် အဲဗာတန်အသင်းသည် ဟိုးလ်ဂိတ်အား နှစ်ရှည်စာချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဟိုးလ်ဂိတ်က မိမိအနေဖြင့် အဲဗာတန်အသင်းတွင် ပျော်ရွှင်ကြောင်းနှင့် အနာဂတ်တွင် အသင်းနှင့်အတူ အောင်မြင်မှုရရှိရန် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟိုးလ်ဂိတ်က "ကျွန်တော့်အနေနဲ့ အဲဗာတန်အသင်းမှာ ကစားခဲ့တဲ့ (၅)နှစ်အတွင်း ကစားသမားတစ်ဦးအနေနဲ့ရော၊ လူပုဂ္ဂိုလ်တစ်ဦးအနေနဲ့ပါ တိုးတက်မှုတွေ အများကြီး ရှိခဲ့ပါတယ်။ အသင်းရဲ့ ဦးတည်ချက်နဲ့ရည်မှန်းချက်တွေကို သဘောကျတာကြောင့် ကျွန်တော် စာချုပ်သစ်ချုပ်ဆိုခဲ့တာပါ။ ကျွန်တော်တို့အနေနဲ့ အနာဂတ်မှာ ဆုဖလားတွေ ရယူနိုင်ဖို့အတွက် ကြိုးစားသွားမှာပါ။ အဲဗာတန်အသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့တဲ့အတွက် ကျွန်တော် အရမ်းဝမ်းသာပါတယ်"ဟုပြောကြားခဲ့သည်။

ဟိုးလ်ဂိတ်သည် ၂၀၁၅ ခုနှစ်တွင် ဘန်စလေအသင်းမှ အဲဗာတန်အသင်းသို့ ပေါင် (၂)သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး (၅)ရာသီအတွင်း ပြိုင်ပွဲစုံ (၇၂)ပွဲ ပါဝင်ကစားထားသည်။

MHP

# အိန္ဒိယက အမေရိကန်ထံမှ စစ်ဘက်ကာကွယ်ရေးပစ္စည်းများ ဝယ်ယူမည်

အိန္ဒိယသည် တိုက်ခိုက်ရေးရဟတ်ယာဉ် နှစ်စင်းအပါအဝင် ဒေါ်လာ ၃ ဘီလျံတန်ဖိုးရှိ အမေရိကန်စစ်ဘက်ကာကွယ်ရေးပစ္စည်းများကို ဝယ်ယူမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။

လယ်ယာထွက်ကုန်များ၊ ဆေးကုသမှုဆိုင်ရာကိရိယာများ၊ အွန်လိုင်းကူးသန်းရောင်းဝယ်ရေးနှင့် စည်းကြပ်ခွန်သစ်များပေါ်တွင် ပြောင်းလဲမှု၊ ကွာဟမှုများ လျှော့ချရန်ကိစ္စအတွက် နှစ်ဘက်စေ့စပ်ညှိနှိုင်းသုများသည် လပေါင်းများစွာကြာ အကြီးအကျယ်ဆွေးနွေးခဲ့ကြသည်။

အိန္ဒိယဝန်ကြီးချုပ် နရင်ဒရာမိုဒီ၏ မွေးရပ်ပြည် နယ်ဂုဂျာရတ်သို့ ရောက်ရှိလာသော ထရန့်အားလူအများအပြားက တစ်ခဲနက် ကြိုဆိုခဲ့ကြသည်။ အိန္ဒိယနှင့် အမေရိကန်တို့သည် ကြီးမားသောကုန်သွယ်ရေးသဘောတူညီချက်အပေါ် တိုးတက်မှုရရှိအောင် ဆောင်ရွက်ခဲ့ကြကြောင်း၊ အိန္ဒိယစစ်တပ်အတွက် အမေရိကန်ထုတ် ရဟတ်ယာဉ်များ ဝယ်ယူမည့် သဘောတူစာချုပ်များ အပြီးသတ်ချုပ်ဆိုမှုနှင့်အတူ၎င်း၏ အိန္ဒိယခရီးစဉ်သည် တိုးတက်မှုရှိခဲ့ကြောင်း ဆွေးနွေးပွဲများအပြီးတွင် ထရန့်က ပြောကြားခဲ့သည်။

အိန္ဒိယသည် Hellfire ဒုံးကျည်များ တပ်ဆင်ထားသော SeaHawk ရဟတ်ယာဉ် ၂၄ စင်းကို Lockheed Martin ကုမ္ပဏီထံမှ ဝယ်ယူထားပြီး ထိုရဟတ်ယာဉ်များသည် တန်ဖိုးအားဖြင့် ဒေါ်လာ ၂.၆ ဘီလျံရှိသည်။ ထို့အပြင် အိန္ဒိယသည် Apache ရဟတ်ယာဉ် ခြောက်စင်းမှာယူရန်လည်း စီစဉ်ထားသည်။

ဝန်ကြီးချုပ်မိုဒီ၏ ဟိန္ဒူအမျိုးသားရေးဝါဒီလုပ်ငန်းစဉ်တစ်ရပ်ဟု ဝေဖန်ခံထားရသည့် နိုင်ငံသားဖြစ်ခွင့် ဥပဒေကို ထောက်ခံသူများနှင့် ကန့်ကွက်သူများအကြား စတင်ဖြစ်ပွားခဲ့သော ရုန်းရင်းဆန်ခတ်မှုများသည် အကြမ်းဖက် ပဋိပက္ခဆန်သော တိုက်ခိုက်မှုများအဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲသွားခဲ့ခြင်း ဖြစ်သည်။

Ref:Afp

# ထိုင်းဝန်ကြီးချုပ်နှင့် အစိုးရဝန်ကြီးငါးဦး အယုံအကြည်မရှိအဆိုကို ကျော်လွှားနိုင်

ပါလီမန်တွင် အမတ်နေရာတတိယအများဆုံးရရှိထားသော FFP ပါတီသည် ခေါင်းဆောင်ထံမှချေးငွေရယူမှုတွင် စည်းမျဉ်းချိုးဖောက်သဖြင့် တရားရုံးက ထိုပါတီမှ ဥပဒေပြုအမတ် ၁၁ ဦးကိုလည်း နိုင်ငံရေးလုပ်ခွင့်ဆယ်စုနှစ်တစ်ခုကြာ ပိတ်ပင်သည့် စီရင်ချက် ချမှတ်ခဲ့သည်။

ပရာယွတ်သည် ပါလီမန်တွင် အတိုက်အခံဥပဒေပြုအမတ်အရေအတွက် မလျော့ကျမီကတည်းကပင် အယုံအကြည်မရှိ အဆိုကို ကျော်လွှားနိုင်မည်ဟု ယူဆထားကြသည်။ စစ်ဦးစီးချုပ်အဖြစ်မှ ဝန်ကြီးချုပ်ဖြစ်လာခဲ့သူပရာယွတ်သည် မလေးရှားအစိုးရဟောင်း၏ 1 MDB ဧရာမအကျင့်ပျက်ခြစားမှု အရှုပ်တော်ပုံအားဖုံးကွယ်ပေးရာတွင် ကူညီပေးခဲ့ကြောင်း၊ ထို့ပြင်ထိုင်းအတိုက်အခံများအား အနှောင့်အယှက်ပေးရန်နှင့် အွန်လိုင်းတွင် လှောင်ပြောင်ရန်အတွက် စစ်တပ်အဖွဲ့ဝင်များအား အသုံးချခဲ့ကြောင်း အတိုက်အခံများက စွပ်စွဲခဲ့ကြသည်။ ထိုစွပ်စွဲချက်များအား ပရာယွတ်နှင့် စစ်တပ်ကငြင်းဆိုခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၈ တွင် မဲခွဲမှုဌာ ပရာယွတ်အား ထောက်ခံမဲ ၂၇၂ မဲ၊ ဆန့်ကျင်သည့်မဲ ၄၉ မဲဖြင့် အယုံအကြည်မရှိအဆိုကို ကျော်လွှားနိုင်ခဲ့သည်။ အခြားဝန်ကြီးငါးဦးသည်လည်း အလားတူမဲခွဲမှုတွင် မဲအပြတ်အသတ်ရရှိပြီး အောင်မြင်ခဲ့သည်။

အမတ်နေရာ ၄၈၈ ရှိသော ပါလီမန်တွင်ဝန်ကြီးချုပ်အားဖယ်ရှားနိုင်ရန်အတွက် အတိုက်အခံများသည် ထောက်ခံမဲ ၂၄၅ မဲ ရရှိရန် လိုအပ်သည်။ ပါလီမန်တွင် အင်အားအကြီးဆုံး အတိုက်အခံပါတီဖြစ်သော ဖြူထိုင်းပါတီက ထိုမဲခွဲဆုံးဖြတ်မည့်ကိစ္စအား အချေအတင်ဆွေးနွေးရေး အချိန်တိုးပေးရန် တောင်းဆိုခဲ့သော်လည်း အစိုးရက ခွင့်မပြုခဲ့သောကြောင့် မဲခွဲဆုံးဖြတ်မှုကို သပိတ်မှောက်ခဲ့ကြသည်။

Ref:Afp



# ပူတင်က သူ၏ကိုယ်ပွားထားရှိရန် အစီအစဉ်အကြောင်း ထုတ်ဖော်ပြောကြား

ပူတင်၏ပြောကြားချက်များက သူသည်နှစ်အတန်ကြာအတွင်းသူနှင့်တူသူကို ထားရှိခဲ့ခြင်း သို့မဟုတ် သူနှင့်ရုပ်တူသူတစ်ယောက်နှင့် အစားထိုးထားခြင်းဖြစ်သည်ဟူသည့် အင်တာနက်၌ ပျံ့နှံ့နေသည့် ကောလာဟလများကို လုံးဝအခြေအမြစ်မရှိကြောင်း ပြသလိုက်ခြင်းဖြစ်သည်။

လူအများရှေ့သို့ ထွက်ပြရန်အတွက် သူ၏ကိုယ်ပွားအား အသုံးပြုရန် လျှို့ဝှက်အစီအစဉ်တစ်ရပ်ရှိခဲ့ဖူးကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော် သူသည် ယင်းအစီအစဉ်ကို ပယ်ချခဲ့ကြောင်းနှင့် သူသည် ပူတင်အစစ်အမှန်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပူတင်က သူသည်မည်သည့်အခါကမျှ ကိုယ်ပွားထားရှိခဲ့ဖူးခြင်းမရှိကြောင်း ပြောကြားခဲ့သော်လည်း ယင်းကဲ့သို့သော စိတ်ကူးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ဖူးခြင်းရှိ၊ မရှိမေးမြန်းသည့်အခါတွင်မူ ဟုတ်မှန်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ရုရှားလက်နက်ကိုင်တပ်ဖွဲ့က အောင်ပွဲရရှိပြီးဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် အစ္စလာမ္မစ်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများက ကော့ကေးရှမြောက်ပိုင်းတွင် အကြိမ်ပေါင်းများစွာဖြစ်ပေါ်ခဲ့ပြီး အသေခံဗုံးခွဲသမားများကလည်း ရုရှားနိုင်ငံ၏ အဓိကမြို့ကြီးများအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။

အသက် ၆၇ နှစ်အရွယ်ရှိ ပူတင်၌ အိုမင်းနေသည့် အသွင်အပြင်များ မတွေ့ရခြင်း၊ မျက်လုံး၏အောက်၌ မျက်ပျဉ်းများ မတွေ့ရခြင်း၊ ပူတင်သည် အရှေ့ဂျာမနီ၌ ဆိုဗီယက်ထောက်လှမ်းရေးတစ်ဦးအဖြစ် အလုပ်လုပ်ခဲ့စဉ်က လေ့လာသင်ယူခဲ့သည့် ဂျာမန်ဘာသာ စကားနှင့် ပတ်သက်သောအသံ ဆိုးရွားနေပုံရခြင်း အစရှိသည့် အချက်များကြောင့် ပူတင်အစစ်မဟုတ်ဟူသည့် ကောလာဟလများ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

Ref:Afp